www.burmeseclassic.com

# အစိမ်းရောင် ဘာသာစကား

www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင်ဘာသာစကား

မနော်ဟရိ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၈၂၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၉၁၁၀၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်မှာ
ဦးနှောက်နဲ့ သင်ကြားမှတ်ယူရမှာ မဟုတ်ဘဲ
နှလုံးသားချင်း ခံစားနားယူ သိမ်းဆည်းမှ
နားလည်နိုင်မယ့်
ဘာသာစကားတွေ ရှိနေတယ်။
အဲဒီဘာသာစကားတစ်ခုကို
အံလေးထား နားဆင်ကြည့်ပါလား ချစ်သူ...



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပိုင်ရှင်ပေးလိုက်တဲ့ သော့တံကို အသုံးပြုပြီး အခန်းတံခါးကို ခက်ခက်ခဲခဲ ဖွင့်လိုက်ရသည်။ 'မင်းနဲ့ အတူနေရမယ့်သူတောင် ရောက်နေပြီ၊ ခုပဲ ထမင်းစားထွက်သွားတာ...' ဟူသော စကားကို ကြားယောင်ရင်း သူ့ပါးဆာလာသလို။ အိမ်ကမထွက်ခင်က မေမေကျွေးသော ထမင်းကို မစားနိုင်ခဲ့ဘူး မဟုတ်လား။

တံခါးပွင့်သွားသော အခန်းလေးက ပြတင်းပေါက်များ ပိတ်ထားသည့်တိုင် လင်းချင်းစွာ ရှိနေသည်မို့ 'နောင်ရိုး' ကျေနပ်သွားသည်။ ကျောမှာလွယ်ထားသည့် ဂစ်တာကို ဖြုတ်ရင်း ချိတ်ရန် နေရာလိုက်ရှာ နံရံပေါ်တွင် စာရွက်တစ်ရွက်။



www.burmeseclassic.com

www.burmeseclassic.com



## 'အထူးသတိပြုရန်'

၁။ ဆူညံသံများ

၂။ မလိုအပ်သောမေးခွန်းများ

၃။ အလိုက်ကန်းဆိုးမသိသော စကားလုံးအနီ၊ အဝါများ

၄။ မကောင်းသော အနံ့အသက်များ

"ဘာလဲဟာ..."

သေချာဖတ်လိုက်ပြီးမှ စိတ်ထဲက ရေရွတ်လိုက်မိခြင်း ဖြစ်သည်။ နောင်ရိုးကိုယ်၌က ဆူညံသံကို မကြိုက်။ သို့သော် ဂစ်တာမတီးဘဲ မနေနိုင်။ ဂီတသံသည် သူ့အတွက် ဆူညံသံ မဟုတ်သော်လည်း ကံဆိုးလျှင် သူ့အခန်းဖော်သည် ချိုတကားကားနှင့် ဂီတကို နားမလည်၊ မခံစားနိုင်သော သတ္တဝါတစ်ကောင် ဖြစ်နေနိုင်သည် မဟုတ်လား။

မလိုအပ်ပဲ စပ်စုတာ၊ အလိုက်ကန်းဆိုးမသိ ပြောတတ်တာတွေကလည်း **'နောင်ရိုးနိုင်'** နှင့် လားလားမျှ မသက်ဆိုင်။ သို့သော် ထိုသူသည် လူ့ခွစာတစ်ဦးဆိုလျှင်တော့ သူနှင့် အတူမနေလိုပေ။ စိတ်ထဲမှာ တွေးရင်း အတော် ဒေါသဖြစ်လာရသည်မို့ နောက်ဆုံးစာကြောင်းကို ပြန်တွေးမိရင်း အိတ်ထဲတွင် အပေါ်ဆုံးက ထည့်ယူလာသော Air Freshener ဗူးအသစ်ကို ထုတ်ဖြန်းပစ်လိုက်သည်။ နောင်ရိုးနိုင်ကိုများ ဘာမှတ်နေသည်မသိ။ သူတကာထက် သန့်ပြန့်မွှေးကြိုင်မှုကို လိုလားသူလေ...။

Air Freshener ဗူးကို စားပွဲပေါ် သေချာတင်ပြီး ပြတင်းပေါက်ကို ဖွင့်ရန် လက်ကိုအလှမ်း နောက်ထပ် စာတစ်ရွက် တပ်ထားတာကို တွေ့ရပြန်သဖြင့် အမှတ်မရှိစွာ ဖတ်လိုက်မိပြန်သည်။

***စက်ရုပ်များကဲ့သို့ အချိန်ဇယားနှင့် လှုပ်ရှားတတ်သူမဟုတ်သဖြင့်***



www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်အိပ်နေချိန်သည် ကျွန်တော့်အိပ်ချိန်ဖြစ်ပြီး ကျွန်တော်နိုးနေချိန်သည် ကျွန်တော့်နံနက်ခင်းဖြစ်သည်။ သင့်ကို အနှောင့်အယှက်မဖြစ်စေရန် ကတိပြုသလို ကျွန်တော့်ကို မနှောင့်ယှက်ရန်လည်း သတိပြုပါ။**

'ကျွတ်'…။ ဘာလဲဟ… ဘယ်လိုလူလဲ…။

နောင်ရိုး ပြတင်းပေါက်ကို ဆွဲဆောင့်ဖွင့်ပစ်လိုက်သည်။ စိတ်ကတိုသည်ထက် တိုနေပြီ။ အောက်ဆင်းပြီး အခန်းပြန်လဲခိုင်းရင် ကောင်းမလား စဉ်းစားမိသည်။ နောက်တစ်ခန်းက ဒီအခန်းလောက် မကောင်းနိုင်။ နောက်အခန်းဖော်ကရော ဒီအခန်းဖော်ထက် မဆိုးဘူးလို့ မည်သူကမှ အာမခံမှာ မဟုတ်။ အတွေးနှင့်အတူ စိတ်ကူးကို ပယ်ချလိုက်သည်။

ရော… လာပြန်ပြီ…။

စောစောက ပြတင်းပေါက်ပိတ်ထားသဖြင့် အမှောင်ရိပ် အနည်းငယ်ကျနေသော တစ်ဖက်လူ၏ခေါင်းရင်းတွင် စာရွက် နောက်ထပ်တစ်ရွက် အမှတ်မရှိစွာ ဖတ်မိပြန်သည်။

**ဖ" အထက်'ကြွက်'…နှင့်**

**ဖ" အောက်… အိမ်မြှောင်၊ ပိုးဟပ်၊ ပုရွက်ဆိတ်၊ ပင့်ကူများ မပျော်စံနိုင်အောင် သန့်ရှင်းမှုကို ဂရုစိုက်ပါ။**

ဒီတစ်ခါတော့ ဒီစာဟာ သူ့ခေါင်းရင်းမှာ ကပ်ထားတာမို့ သူနှင့်ပဲ တိုက်ရိုက်သက်ဆိုင်လိမ့်မည်ဟု နောင်ရိုးတွေးလိုက်ကာ နည်းနည်းပြုံးမိသွားသည်။ ကိုယ့်ကိုယ်ကို ဒီလို ပြန်သတိပေးနေရမှတော့ ကောင်းပါလေ့တော့ မလားဟုလည်း ခပ်ချဉ်ချဉ် တွေးလိုက်မိသေး၏။

ခြေဆင်းကတော့ ယဉ်သကိုပင်…။ ရှေ့ဆက် ဘယ်လိုလာမည်



www.burmeseclassic.com

www.burmeseclassic.com



မသိ။ တစ်နှစ်တော့ သည်းခံပေဦးပေါ့။ နောင်ရိုးတက်ရမည့် English Diploma က အချိန်ပြည့် တစ်နှစ်သင်တန်း ဖြစ်သည်။ နောင်ရိုးအိမ်က FMI City ထဲမှာမို့ သွားရလာရ လွယ်ကူရန် အဆောင်မှာနေပြီး တစ်နှစ်ကျောင်းတက်ဖို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ ဒါမှလည်း အေးအေး ဆေးဆေး စာလုပ်နိုင်မှာ ဖြစ်သလို ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး လည်း သီချင်းရေးနိုင်မည်ဟု မှန်းခဲ့တာ…။ ခုကျကာမှ လူမတွေ့ရသေး သော စာတတ်ပုဂ္ဂိုလ်၊ ဘောင်ကွပ်ထားသော ကလနားများနှင့် အခန်းဖော်၏ စာရွက်များက နောင်ရိုးရင်ဘတ်ကို ဆီးကန်သလို ခံစားရစေသည်။

ပစ္စည်းတွေကို နေရာချ၊ အိပ်ရာကို ခင်းကျင်းပြီးသောအခါ ဂစ်တာ ကို ကောက်ကိုင်လိုက်မိသည်။ ထိုအချိန်မှာတော့ နောင်ရိုးတစ်ယောက် အခန်းနံရံပေါ်မှ စာရွက်များကို မေ့သွားခဲ့ပြီ။

ခဏနေတော့ ခြေသံတစ်ခု၏ စည်းချက်ကို သူကြားလိုက်ရ၏။

ဟုတ်သည်…။ နောင်ရိုး အသာမော့ကြည့်လိုက်တော့ အသားဖြူဖြူ ဆံပင်ညိုရှည်ရှည်များနှင့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ လူပုံစံက တော့ အတော်ဖြောင့်သော လူချောတစ်ယောက်ပင်။ ပြောနေကျစကားနှင့် ပြောရလျှင်တော့ 'နောင်ရိုးနိုင်လောက်နီးနီး ဖြောင့်တယ်' ပေါ့…။ ကြည့်ရတာ ကပ်ဖိုးကပ်ဖဲ့ပုံလည်း မပေါက်။ နောင်ရိုး မျက်မှောင် မသိ မသာပင် ကြုတ်လိုက်မိ၏။ ထိုသူက ဦးစွာမေးသည်။

"ခုမှ ရောက်တာလား…"

"ဟုတ်တယ်…"

မထင်မှတ်တဲ့ ရင်းနှီးစွာ နှုတ်ဆက်သံကြောင့် နောင်ရိုးက မျက်နှာ ကယာအဖြေပေးပြီး ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတက်မှာလား အလုပ်လုပ်မှာလား..."

"ကျောင်းတက်မှာ..."

"ဘာတက်မှာလဲ..."

"UFL... အင်္ဂလိပ်စာဒီပလိုမာ"

"ဟား... ကောင်းလိုက်တာဗျာ..."

"ဗျာ... ဘာလို့လဲ..."

နောင်ရိုး နားမလည်နိုင်သလို ပြန်မေးမိသည်။ နံရံပေါ်မှ စာရွက်များအရ ဒီလူ့ကို ခုထိ အယုံအကြည် မရှိချင်သေး။ ခုဟာကလည်း ကောင်းလိုက်တာ ဆိုတာ ဘာကောင်းတာမှန်း မသိ...။ ရွဲ့တာလား... အတည်လားပင် မသိ...။

"ကျွန်တော်လည်း ခင်ဗျားနဲ့ တူတူတက်ရမှာလေ..."

"ဟာ... ဟုတ်လား..."

ရုတ်တရက်တော့ အမှတ်မဲ့ရှိ ပျော်သွားသေးသည်။ ပြီးမှ နံရံပေါ်မှ စာရွက်များကို ပြေးမြင်ကာ မအီမလည်ကြီး ခံစားလိုက်ရပြန်သည်။ သူ့ပုံစံကတော့ တကယ့်ကို ရှင်းရှင်းပျပျ တည်တည်ကြည်ကြည်ပုံပင်။ အေးခွန်းတွေပင် ထပ်မေးလာသေးသည်။

"ဒါနဲ့ ခင်ဗျားက နယ်က လာတာလား၊ ဘာနဲ့ ကျောင်းပြီးလဲ"

"ရန်ကုန်ကပဲ ကျွန်တော့်အိမ်က လှိုင်သာယာဘက်ကမ်းက FMI မှာမို့ ဒီမှာ လာနေတာ၊ ကျောင်းပြီးတာကတော့ BCSc နဲ့ ပြီးတာ..."

"ဪ... ကျွန်တော်ကတော့ အိမ်က မဝေးပါဘူး၊ ဒါပေမယ့် သီးသန့်ခွဲနေချင်တာနဲ့၊ အိမ်မှာဆို ဆူတယ်လေ..."

နောင်ရိုးအကြည့်များက စာရွက်တွေပေါ် ရောက်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း အိမ်မှာနေလို့ မရတာပေါ့...ဟု တွေးနေမိသည်။ ကိုယ်နှင့်ကော နေလို့ ဖြစ်မှာလား... ဟု တွေးကာ စိတ်ညစ်သွားရပြန်သည်။ ထိုသူက သူ့ဘာသာသူ ဆက်ပြော၏။

"ကျွန်တော့်အိမ်မှာက အစ်မနဲ့ အစ်ကိုက အိမ်ထောင်တွေနဲ့၊ ကလေးတွေချည်း လေးယောက်ရှိတယ်၊ အိမ်မှာက အိမ်ဖော်တွေ ကလေးထိန်းတွေနဲ့ပါ ပေါင်းရင် လူဦးရေ (၁၄) ယောက်ရှိတယ်၊ ကျွန်တော်ပါရင် (၁၅) ယောက်..."

ဒီလိုကျတော့လည်း သူ့အလွန်မဟုတ်ပြန်။ နောင်ရိုးသာဆိုလည်း နေနိုင်မှာ မဟုတ်။ ခု နောင်ရိုးတို့အိမ် နှစ်ထပ်မှာ တစ်ထပ်လုံးနီးပါး နောင်ရိုးတစ်ယောက်တည်းနေရတာတောင်မှ တစ်ခါ တစ်ခါ အပေါ်တက်လာပြီး လာရှုပ်ချင်သော ညီမဖြစ်သူ၏ သမီးနှင့် သားအမြွှာနှစ်ကောင်နှင့် နောင်ရိုးနှင့် အဆင်လုံးဝမှ မပြေ။ ညီမက အိမ်ထောင်ကျစောလွန်းသည်။

"အင်း... ဟုတ်တယ်နော် ခင်ဗျားက နားအေးပါးအေး နေတတ်ပုံရတယ်"

ကြုံတုန်း နောင်ရိုးစကားကို လိုင်းချင်းရန် စ,ထားလိုက်သည်။ ထိုသူက ခေါင်းခါ၏။

"နားအေးပါးအေး ဘာသံမှ မကြားပဲ နေချင်တာမျိုးတော့ မဟုတ်ပါဘူး၊ ကျွန်တော်က အတွေးသမားဆိုတော့ ငြိမ်းငြိမ်းချမ်းချမ်းနေချင်တာ"

"ဪ... ဒါနဲ့ မေးရဦးမယ်..."

"မေးလေ..."

"ခင်ဗျား ဂစ်တာသံကို ကြိုက်လား၊ ဂစ်တာသံက ခင်ဗျားကို အနှောင့်အယှက် ဖြစ်စေနိုင်လား..."



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုး၏မေးခွန်းကြောင့် ပုဂ္ဂိုလ်ကျော်က နံရံမှာ ပြန်ချိတ်ထားပြီဖြစ်သော ဂစ်တာကို တစ်ချက်လှမ်းကြည့်၏။ ပြီးမှ…

"ကျွန်တော် ဂီတကို ခံစားတတ်ပါတယ်" ဟု ဖြေ၏။

ဖြေပုံက သူမခံစားနိုင်တဲ့အသံဆိုရင်ပဲ ဂီတ မဟုတ်တော့သလို။ ဘာပဲပြောပြော လောလောဆယ်မှာတော့ သူ့ခံစားတတ်မှုကြီးကိုပဲ နောင်ရိုးက ဂစ်တာတီးခွင့်ပါမစ်အဖြစ် သတ်မှတ်ပစ်လိုက်သည်။ ပြီးတာနှင့် နောက်ဆက်တွဲ စကားလုံးများအဖြစ် 'ဒါပေမယ့်' တွေ 'သို့သော်' တွေ ထိုက်မလာခင် စကားကို လမ်းကြောင်းလွှဲပစ်လိုက်ရသည်။

"ဒါနဲ့ ခင်ဗျားနာမည်က…"

**"နန္ဒမြတ်သူ…"**

wow ! … လို့ စိတ်ထဲက ဩဘာပေးလိုက်မိသည်။ မင်းမျိုးခင်းနွယ်နှင့် လာတွေ့နေသလိုပင်။

"ခင်ဗျားနာမည်ကရော…"

"နောင်ရိုးနိုင်…"

ကိုနန္ဒက မျက်ခုံးကိုပင့်ကာ ပခုံးတွန့်ပြ၏။ ဘာအဓိပ္ပာယ်လဲတော့ မသိ။ နှုတ်မှတော့ "It's cool !' လို့ ရေရွတ်လိုက်တာ ကြားရသည်။ ရိုက်တယ်… ပေါ့…။ ပြီး… ခုတင်ပေါ် အသာလှဲချလိုက်ရင်း မျက်လုံးကို မှိတ်ထားလိုက်သည်မို့ နောင်ရိုး အလိုက်သိစွာ စကားဆက်မပြောတော့။ နံရံပေါ်မှ အသံတိတ် စက္ကူဖြူတစ္ဆေများ၏ ဟန့်တားချက်က အတော်လေးတော့ ထိရောက်သည်ဟု နောင်ရိုး ခံစားလိုက်ရသည်။

ဒါကြောင့် အိမ်ကမထွက်ခင် အမေက မှာလိုက်တာကို…။ 'လူတွေနဲ့ သဟဇာတဖြစ်အောင်နေ…' တဲ့…။ 'အားလုံးက သားကို မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့လို နားလည်သည်းခံပေးမှာ မဟုတ်ဘူး…’ တဲ့…။ တွေးရင်းက မေမေ့ကို သတိရလာသည်။ ဗိုက်လည်းဆာလာသလို ပြန်ခံစားရတာမို့ ထိုင်ရာမှ အသာထကာ ထွက်ခဲ့လိုက်သည်။ အခန်းဖော်ကတော့ သူ့ခုတင်ပေါ်မှာ ငြိမ်းအေးစွာ ကျန်ခဲ့တော့၏။

အသစ်သော အတွေ့အကြုံများသည် ရင်ခုန်စိတ်လှုပ်ရှားဖွယ် ကောင်းနေတတ်တာ နှောင်ရှိးသိသည်။ ဒီဝင်ခွင့်စာမေးပွဲကို အောင်ဖို့ ဆိုတာကပင် အတော်မလွယ်သော အားထုတ်ရမှုနှင့် ကျော်ဖြတ်ခဲ့ရသည်လေ…။ ဒါလည်း အတွေ့အကြုံတစ်ခုပဲ…။ခုလည်း ကိုယ်လို အားထုတ်မှု တူညီသောသူများနှင့် တစ်နှစ်တာ အတူ ပညာသင်ကြရပေဦးမည်။ ပြီးလျှင် ကိုယ့်လမ်းကိုယ် ခရီးဆက်ရပေဦးမည်။

အနာဂတ်သည် ရှေ့တွင် လင်းတောက်နေခဲ့သည်လား…။

❐



www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာ (၂၂) ရက်

ဒီနေ့ YUFL တွင် ဒီပလိုမာသင်တန်းများအားလုံး စ,ဖွင့်သည်။ ကျွန်ုံသောဘာသာရပ်များက အချိန်ပိုင်းမို့ မနက် (၇း၀၀) နာရီတွင် အတန်းသည်။ အင်္ဂလိပ်စာ ဒီပလိုမာတန်းကတော့ တစ်နေ့ကုန်တက်ရမည့် အတန်းမို့ ၁၀း၀၀ နာရီမှ စမည်။ ညနေ ၃း၃၀ ထိ။ ဘာပဲပြောပြော ကျောင်းထဲမှာ တစ်နေ့ကုန်မှာပင်...။ မနက်ဆို ကျောင်းကို ၉း၀၀ လောက် ရောက်ဖို့ ၈း၃၀ မှာ အိမ်က စ,ထွက်မည်။ ညနေ ကားလာကြိုချိန်ကို ၄း၀၀ လောက် သတ်မှတ်ပေးလိုက်လျှင် အိမ်ရောက်သည်နှင့် မကြာခင် ညရောက်သွားပြီး တစ်နေ့တာကုန်ဆုံးသွားပေလိမ့်မည်။ အချိန်ကုန်လွယ်ပြီး အိမ်မှာနေရမည့်အချိန်က နည်းသွားနိုင်သည်မို့ စိမ်း ကျေနပ်နေသည်။ စိမ်းမှ အိမ်မှာ မနေချင်ပဲ...။



www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ လူရှိလား ထိုင်မယ်နော်..."

စိမ်းဘေးမှာ ချထားသော အိတ်ကို အသာဆွဲယူကာ ဖယ်ပေး လိုက်၏။

"ထိုင်လေ..."

တုံ့ပြန်မှုနှင့်အတူ စိမ်း အသာမော့ကြည့်မိတော့... အိုး... လှလိုက် တဲ့ မိန်းကလေး...။ ပြောင်ရှင်းချောမွေ့နေသော မျက်နှာလှလှလေး...။ နားမှာခိုတွဲနေသော လိပ်ပြာများစွာပါသည့် နားဆွဲလေး...။ ဂျင်းစကဒ် အတိုနှင့် ရှပ်လက်စကအဖြူရောင်ကို တွဲဝတ်ထားသည်။ လွယ်ထားသည့် ကျောပိုးအိတ်ကလေးက သူမ၏ဂျင်းစကဒ်နှင့် တစ်ရောင်တည်း။

"ကျောင်းအပ်ပြီးပြီလား..."

"ဟင့်အင်း... လူများလို့ နောက်မှပဲ..."

"ကိုယ်က အပ်ခဲ့ပြီ..."

ဒီလောက် လူတစ်ပြုံတစ်မကြီးကို သူ ဘယ်လိုများ တိုးဝှေ့လာခဲ့ လဲ... လို့ စိမ်းတွေးနေမိသည်။ စိမ်းသာဆို လူအုပ်ထဲမှာ တစ်ခုခု ဖြစ် သွားနိုင်သည်။

"ဒီနေ့ စာသင်မလား မသိဘူးနော်..."

စိမ်းက ထိုသို့ရေရွတ်တော့ ကြွေရုပ်ကလေးနှင့် တူသော ကောင်မ လေးက ခေါင်းညိတ်ကာ ပြန်ပြော၏။

"စာတော့ မသင်လောက်ဘူး... ဆရာတစ်ယောက်ယောက်တော့ ဝင်လာပြီး မိတ်ဆက်မယ်ထင်တာပဲ..."

"အင်း... ဟုတ်တယ်..."

စိမ်း ဘာမှလည်း မသိဘဲနှင့် ဟုတ်တယ်... ဟု ထောက်ခံမိသည်။


www.burmeseclassic.com

www.burmeseclassic.com



သူမလေးက ဆက်ပြော၏။

"Entrance ကို တစ်ယောက်တည်း ဖြေတာလား"

"အင်း... ဘာလို့လဲ..."

"တို့က နှစ်ယောက်ဖြေတာ၊ တို့တစ်ယောက်တည်း အောင်လာလို့ အဖော်မရှိ ဖြစ်နေတာလေ၊ ခုတော့ အတော်ပဲပေါ့..."

သူမလေးက တရင်းတနှီး လာပြောနေသည်မို့ စိမ်း နားထောင်နေလိုက်သည်။ ဒီလို အသွက်မလေးနှင့် ပေါင်းဖို့ တစ်ခါမှ စိတ်မကူးဖူးခဲ့။ ခုတော့ သူမလေး၏အကြည်ဓာတ်ကလေးက စိမ်းထံ ကူးစက်လာပြီထင်သည်။ စိမ်း သဘောကျနေမိ၏။

"တစ်နေကုန် ကျောင်းတက်ရမှာဆိုတော့ အဆင်ပြေလား"

သူမ ဘာအဓိပ္ပာယ်နှင့် မေးမှန်း စိမ်းနားမလည်။ စိမ်းမှာက ခုလိုကျောင်းတက်ရမှ အဆင်ပြေမှာလေ။

"ပြေတယ် ဘာလို့လဲဟင်..."

"အလုပ်မလုပ်ဘူးလား..."

"အလုပ်... ဟင့်အင်း မလုပ်ဘူး..."

"ကျောင်းပြီးတာ မကြာသေးဘူးလား"

"မနှစ်က ပြီးတာ..."

"အတူတူပဲပေါ့..."

စိမ်းလည်း သူမနှင့် ရွယ်တူလောက်ရှိမည့် ကောင်မလေးကို ပြန်စပ်စုမိသည်။

"အလုပ်လုပ်တယ်လား"

"အင်း... လုပ်တယ်..."



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို ဘယ်လိုကျောင်းတက်မလဲ..."

"ခွင့်ယူမယ်လေ..."

"တစ်နှစ်တောင်..."

"အင်း... တစ်နှစ်တည်းဟာ..."

"ခွင့်ပေးလား..."

"ပေးတယ်... ပေးတယ်... မပေးလို့မှ မရတာ ပေးရတာပေါ့..."

ကောင်မလေးက ရယ်ကျဲကျဲလေး ပြောသည်။ စိမ်းမှာသာ အဲလို အရေးပါ အရာရောက်လွန်းသော ကောင်မလေးမျိုးကို မမြင်ဖူးသလို တအံ့တသြ...။

"မရှိရင် မဖြစ်တဲ့သူဆိုရင်တော့ ဒီလို ခွင့်ရမှာပေါ့..."

စိမ်းရဲ့မှတ်ချက်ကြောင့် ကောင်မလေးက ရယ်သည်။ ရယ်သံက နည်းနည်းပင် ကျယ်သွားရ၏။

"ဘာလဲကွာ... ကိုယ့်အဖေဆီမှာ ကိုယ်အလုပ်လုပ်တာ ခွင့်မရလို့ ဖြစ်မလား၊ ကိုယ်က မွေးသဖခင်ရဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် ထမ်း ဆောင်နေတာ တစ်နှစ်ရှိပြီ၊ ခု ကိုယ် ခွင့်ယူမယ်ဆိုတော့..."

စကားကို မဆက်ဘဲ ရပ်ထားသဖြင့် စိမ်းက ထောက်ပေးလိုက်သည်။

"အင်းပေါ့... အဖေ ဒုက္ခရောက်မှာပေါ့..."

"ဟင်... ဘယ်ကလာ၊ ခုမှ အဖေက ဒုက္ခတွင်းက လွတ်သလို ပျော်နေတာ၊ ပြောသာပြောတာပါ၊ တကယ့်တကယ်ကျ သမီးအရင်းလောက် သူ့အပေါ် ဘယ်သူက စေတနာထားမလဲ နော့..."

"ဟုတ်တာပေါ့..."

စိမ်း၏ထောက်ခံချက်ကို သူမလေးက ခွက်ထိုးခွက်လန် ရယ်ပြန်


www.burmeseclassic.com

www.burmeseclassic.com


သည်။ ပြီးမှ

"ရှင်က အကောင်းမြင်ဝါဒသမားပဲ၊ ကိုယ်က နောက်နေတာကို အကုန်လိုက်ထောက်ခံတယ်၊ ရှင့်ကိုတော့ သဘောကျသွားပြီ"

စိမ်းလည်း သူမကို သဘောကျသည်ပင်။

ထို့ကြောင့် သူမနာမည်ကို သတိတရ ဖြတ်မေးလိုက်မိသည်။

"နာမည်က..."

"**ရွှေအဆင်းတဲ့**... ရှင်ကရော..."

"**စိမ်းသခင်**... စိမ်းလို့ပဲ ခေါ်ပါ..."

ရွှေအဆင်းက ရယ်၏။ ပြီးမှ...

"ကိုယ့်ကိုတော့ ရွှေလို့လည်းမခေါ်နဲ့... ဆင်းလို့လည်း မခေါ်နဲ့... ရွှေအလို့လည်း မခေါ်နဲ့နော်" ဟု ရယ်ရင်း ပြောသည်။

ဟုတ်ပ... လှလိုက်သည့် နာမည်လေး... အခိပ္ပာယ်ရှိကာ သူမ လေးနှင့်လည်း အတော်လိုက်ဖက်နေပါလျက် ဘယ်လိုမှ အဖျားဆွတ် ခေါ်၍ မရသောနာမည်မျိုး ဖြစ်နေသည်။

"ဒါဆို ဘယ်လိုခေါ်ရမလဲ..."

"ရွှေအဆင်းပဲပေါ့..."

အနည်းငယ်ထောက်သလိုဖြစ်မှာ မှန်သော်လည်း ဒီတိုင်းက အကောင်းဆုံးဖြစ်မှာ သေချာသည်။ ကြာတော့လည်း ကျင့်သားရသွားပေ မပေါ့...။ စိမ်းသခင် ဆိုသော ခပ်ထောက်ထောက် နာမည်မျိုးနှင့် ဘာမှ သိပ်မကွာ။ 'စိမ်း' ဟု အဖျားဆွတ်ခေါ်၍ ရနေ၍သာ ခံသာခြင်း ဖြစ် သည်။

ထိုစဉ်မှာပင် စိမ်းတို့နောက်ဘက်ခုံတွင် လူနှစ်ယောက် လာထိုင်


www.burmeseclassic.com

www.burmeseclassic.com


သည်။ တစ်ယောက်၏ပုံစံက ခေတ်မီပေါ့ပါးသွက်လက်ပုံရှိပြီး တစ်ယောက်က ရုပ်အဖြူနှင့် ယောပုဆိုးနှင့် အတော်လေးငြိမ်သည်။ စိမ်းက ထိုရုပ်အဖြူနှင့် ပုဂ္ဂိုလ်ကို နှစ်ကြိမ်ခန့်ပင် လှည့်ကြည့်လိုက်မိသည် ထင်သည်။

"ဒီနေ့ ဆရာတွေ ဝင်မှာတဲ့လား"

ကိုယ့်ဘာသာကိုယ် ရေရွတ်တာလား မေးခွန်းထုတ်တာလား မသိသည်မို့ ရွှေအဆင်းကလည်း မဖြေ။ စိမ်းကလည်း လှည့်မကြည့်မိ။ ထပ်မေးပြန်၏။

"ဩော်... ဒီမှာခင်ဗျာ..."

"ဟင်..."

ရွှေအဆင်းက နောက်ဖက်လှည့်ကာ သူ့ခေါ်တာလား ဟူသောဟန်နှင့် ကိုယ့်ကိုယ်ကို လက်မနှင့် ညွှန်ပြ၏။ တစ်ဖက်က ခေါင်းညိတ်၏။

"ဆရာတွေ ဒီနေ့ စာသင်မှာလား"

"မသိဘူးလေ... သင်တော့ မသင်လောက်ဘူး"

"အချိန်ဇယားလည်း ထွက်ပြီဆို... ဘယ်မှာ ကူးရမလဲ..."

"Hall 2 နားက Borad မှာ လိုချင်ရင် ဒီက ကူးလေ..."

ရွှေအဆင်းက အတန်းထဲ ဝင်မလာခင်ကတည်းက ကြိုကူးလာခဲ့သော အချိန်ဇယားကို ထုတ်ပေးလိုက်သည်။ ဒီတော့မှ စိမ်းလည်း အချိန်ဇယားမကူးရသေးတာ သတိရသည်။ ဒီကောင်မလေးကတော့ စံပါပဲ။ ကျောင်းလည်း အပ်ပြီးပြီ။ စာသင်ချိန်ဇယားလည်း ကူးလာခဲ့ပြီတဲ့...။

"စိမ်းမှာလည်း မရှိသေးဘူး ကူးမယ်..."

ရုတ်တရက် ဝင်ပြောလိုက်သော စိမ်း၏စကားကြောင့် စာအုပ်ကို လှမ်းယူနေသော သကောင့်သားနှစ်ယောက် တုံ့ခနဲဖြစ်သွားရသည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရွှေအဆင်းကပဲ ကြားဝင်ရ၏။

"ပေးလေ... စိမ်းစာအုပ်ပေး ကိုယ်ကူးပေးမယ်..."

ဟု ဆိုကာ ရွှေအဆင်းပင် နောက်ဘက်လှည့်ကာ ကူးပေးလိုက်သည်။ အချိန်ဇယားကို ခေါင်းချင်းဆိုင်ကူးနေမိသော ရွှေအဆင်းနှင့် ပုဂ္ဂိုလ်လေးတစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။ ရင်းနှီးမှု ခင်မင်မှုနှင့် သက်ဆိုင်သော နှုတ်ဆက်ပြုံးမျိုး။ ဘေးနားက ဒေါ်စိမ်းသခင်လို အေးတိအေးစက်ပုဂ္ဂိုလ်ကတော့ ရွှေအဆင်းကို စူးစူးလေး တစ်ချက်ကြည့်၏။ ဘာအဓိပ္ပာယ်မှန်းလည်း မသိ။ ရင်းနှီးနှစ်လိုပုံလည်း ရှိဟန် မတူ။

အချိန်ဇယားကူးပြီးစ,မှာပင် အတန်းထဲသို့ ဆရာမတစ်ယောက် ဝင်လာသည်။ တကယ်ကို ထူးခြားကောင်းမွန်သော အသံထွက်နှင့် မိတ်ဆက်စကားဆိုသည်။ ဆုံးမစကား၊ လမ်းညွှန်စကားတွေလည်း ပါသည်။ သူမက READING သင်မည့် ဆရာမ...။ မကြာခင် ပါမောက္ခရောက်လာပြီး သြဝါဒခြွေမည်ဟုလည်း မှာကြားသွားသေးသည်။ ဌာနတွင် READING စာအုပ်ဝယ်လို့ ရပြီဟု လည်း ပြောသွားသဖြင့် အသီးသီး ပြေးကြသည်မှာ လူအနည်းငယ်ပဲ ကျန်သည်။

ထိုအထဲတွင် တစ်လက်မမှရွှေ့ရန် စိတ်ကူးမရှိသူ စိမ်းနှင့် စိမ်းကို စောင့်ကြည့်နေဟန်တူသော ရွှေအဆင်းလည်း ပါသည်။ နောက်မှ ပုဂ္ဂိုလ်ထဲမှ တစ်ယောက်က ထိုင်ရာမှ ထပြီး စာအုပ်သွားဝယ်ရန် ပြင်သည်။ ထို့ကြောင့် ရွှေအဆင်းပါ ထိုင်ရာက ထလိုက်တော့ ထိုသူက လှမ်းပြော၏။

"ကျွန်တော် ဝယ်လာခဲ့ပေးရမလား"

"ရတယ် ကိုယ်ပါ လိုက်မယ်လေ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လာလေ… သွားတာပေါ့…"

ရွှေအဆင်းနှင့် ထိုသူ ထွက်သွားရာကို ကြည့်ပြီး ကျန်ခဲ့သူက စိမ်းနှင့် နောက်တစ်ယောက်။ တတိယအကြိမ်မြောက် စိမ်းက လှည့်ကြည့်လိုက်သည့်တိုင် ထိုသူ့အကြည့်များက ရွှေအဆင်းတို့နောက်သို့ ပါသွားခဲ့တာကို စိမ်းတွေ့လိုက်ရသည်။ ထို့အတူ စိမ်း၏ဖြစ်တည်ခဲ့သော အကြည့်များသည်လည်း ထိုပုဂ္ဂိုလ်၏ထံပါး ကျဆုံးသွားခဲ့ရတာကိုလည်း စိမ်း သိလိုက်သည်။

စက်တင်ဘာ (၂၂) ရက်တွင် နဂါးခေါင်းက ဘယ်ဘက်လှည့်မှန်း မသိသော်လည်း စိမ်းကတော့ နဂါးခေါင်းနှင့် လွတ်ကင်းရာအရပ်တွင် တိတ်ဆိတ်စွာ ပြာကျနေခဲ့ရတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲပြန်ရောက်သည်နှင့် Air Freshener ဗူးကိုထုတ်ကာ ဖြန်းသည်။ ပြီး ကိုယ့်ဝန်းကျင်တစ်ဝိုက်ကို သေသပ်နိုင်သမျှ သေသပ်အောင် လုပ်နေမိသော နောင်ရိုးကို နန္ဒက သေချာလိုက်ကြည့်နေသည်။ ပြီး ရောက်စ တွေ့ကြဆုံကြပြီးကတည်းက နန္ဒက စကားမစလျှင် နောင်ရိုးသည်း ဘာမှ မပြောပဲ အလိုက်တသိ ပါးစပ်ပိတ်ထားတတ်တာ ခုထိ...။

ခဏနေတော့ နန္ဒထံမှ အသံထွက်လာသည်။

"နောင်ရိုး"

"ဟင်..."

"ခင်ဗျားကြည့်ရတာ အသန့်အပြန့်ကြိုက်ပုံရယ်..."

နောင်ရိုးနိုင်၏အကြည့်များက နံရံပေါ်မှ တားမြစ်စာရှင်ပြများကို ဖြတ်သန်းပြီးမှ နန္ဒဆီရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ... ဘာဖြစ်လို့လဲ..."

"ဘာမှ မဖြစ်ပါဘူး"

ဘာမှ မဖြစ်ပါဘူးဆိုသည့်ပုဂ္ဂိုလ်ကို နောင်ရိုး မျက်မှောင်ကြုတ်ကာ ကြည့်မိ၏။

"ခင်ဗျားပဲ မကောင်းတဲ့အနံ့အသက်ဆို မကြိုက်ဘူးဆို... ကွက်ခြင် ယင် အိမ်မြှောင်တွေကို အလာမခံရဘူးဆို..."

"ဗျာ..."

နန္ဒ၏အံ့အားသင့်သောမျက်ဝန်းများက နောင်ရိုးဆီ အတားအဆီးမဲ့ ဝဲပျံ့ကျလာပြီးမှ နံရံပေါ်မှ စာရွက်ဖြူများပေါ် ရောက်သွားကာ ရယ်တော့သည်။

"ဘာရယ်တာလဲဗျ..."

"ရယ်တာပေါ့... ခင်ဗျားက စာရွက်တွေကို ကျုပ်ကပ်ထားတာလို့ ထင်နေလို့ မဟုတ်လား..."

"ဟင်... မဟုတ်ဘူးလား"

နန္ဒစကားကြောင့် နောင်ရိုးပင် မျက်လုံးပြူးသွားရသည်။

"မဟုတ်တာ နောင်ရိုးရာ... မင်းနဲ့ ငါ ရှေ့ဆင့်နောက်ဆင့် ရောက်တဲ့ဟာ၊ ငါက အားအားယားယား ကပ်နိုင်ပါ့မလား၊ ဩော်... ဒါကြောင့် မင်းကြည့်ရတာ သံပတ်ပေးထားတဲ့အရုပ်လို ဖြစ်နေပါတယ် မှတ်တာ၊ ဟားဟား... ဒါကြောင့်ကိုး..."

"ဒါဆို မင်းကပ်တာမဟုတ်ဘူးပေါ့ ဘယ်သူကပ်တာလဲ..."

"အရင်နေသွားတဲ့လူ နေမှာပေါ့..."

"ဩော်... ဖြစ်ရတယ်..."



www.burmeseclassic.com

www.burmeseclassic.com


နောင်ရိုး ရှက်ရှက်နှင့် ရောရယ်ကာ မှတ်ချက်ချတော့ နန္ဒက 'မေးရောပေါ့...' ဟု ဆိုသည်။

"ဩော်... မေးရအောင် ခင်ဗျားက ဟုတ်တယ် ဘာဖြစ်လဲဆိုရင် ဘယ်လိုလုပ်မလဲ..."

"ရော်... ဒုက္ခပါပဲ..."

ထိုအချိန်မှ စ၍ နောင်ရိုးစိတ်ထဲ လွတ်လပ်ပေါ့ပါးသွားလိုက်သည်မှာ ပြောစရာပင် မရှိ။ နေရထိုင်ရတာ အတော်ပင် ပေါ့ပါးသွားသည်။ ဒုံးစံအတိုင်း ဂစ်တာကို ကောက်ကိုင်ကာ တီးလိုက်တော့ နန္ဒက လှမ်းပြောသည်။

"Blue eyes crying in the rain လား..."

"ဟုတ်တယ် ခင်ဗျားက အဲဒီသီချင်းကို ကြိုက်လို့လား"

နန္ဒက ချက်ချင်းမဖြေသေးဘဲ တစ်ချက်ပြုံးသည်။ နားလည်ရခက်သော အပြုံးမျိုး။ နောင်ရိုးနိုင်ဆိုတာကလည်း ဒါတွေကို အချိန်ကုန်ခံကာ ခေါင်းထဲထည့် စဉ်းစားတတ်သူမဟုတ်။ သူ့စကားကိုပဲ စောင့်နေလိုက်သည်။

"ကြိုက်ခဲ့ဖူးတဲ့ သီချင်းတွေထဲမှာ ပါတယ်ဆိုပါတော့ ကျွန်တော် အဲဒီသီချင်းကို Johnny Cash နဲ့ Crystal Gayle တွဲဆိုထားတာ ကြည့်ဖူးတယ်၊ အဲဒီထဲက မျက်ဝန်းမျိုးကို ဒီနေ့ တွေ့လိုက်ရသလိုပဲ"

"ဗျာ..."

နောင်ရိုးနိုင် ဘာမှ နားမလည်လိုက်။ Johnny Cash ကော Crystal Gayle ရော သိပါလျက် သူပြောတာကို နောင်ရိုး တစ်စက်ကလေးမှ နားမလည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အဲဒီလိုမျက်ဝန်းရိပ်မျိုး ဒီနေ့တွေ့လိုက်ရသလို ခံစားရတယ်လို့ ပြောတာ၊ ခု တိုက်တိုက်ဆိုင်ဆိုင် မင်းက ဒီသီချင်းတီးတော့…"

နောင်ရိုး မျက်မှောင်ကြုတ်လိုက်မိသည်။

"ခင်ဗျားဆိုလိုတာ ဟို Time Table ကူးချင်တယ်ဆိုတဲ့ စိမ်းဆိုလား ဘာလား သူ့ကို ပြောတာလား…"

"ဟင့်အင်း… မင်းနဲ့ စာအုပ်သွားဝယ်တဲ့ တစ်ယောက်… "

"ဩော်… ရွှေအဆင်းလား…"

"မင်းက နာမည်ဘယ်လိုသိတာလဲ…"

နန္ဒပုံစံက နည်းနည်းတော့ တည်ငြိမ်သည်ဟု ပြောနိုင်သော်လည်း ခုဟာကတော့ တဆိတ်ကလေး ဟန်ပျက်လွန်းသလိုပင်။

"စာအုပ်သွားဝယ်တော့ ခုံနံပါတ် နာမည်နဲ့ ဝယ်ရတာလေ၊ ဟိုတစ်ယောက်နာမည်က 'စိမ်းသခင်'တဲ့ဗျ…"

"မသိချင်ဘူး…၊ ရွှေအဆင်းဆိုတာ သိရရင်ပဲ တော်ပြီ…""

နန္ဒစကားကြောင့် နောင်ရိုး သဘောကျစွာ ရယ်ပစ်လိုက်မိသည်။ ကျေနပ်စရာပေါ့။ သူလည်း ဒီနေ့ စိတ်လှုပ်ရှားစရာလေး တွေ့ခဲ့ရသည် မဟုတ်လား။ ဒါက စိမ်းသခင် ဆိုသော အေးတိအေးစက်ကောင်မလေး။ ဘာပဲပြောပြော နန္ဒနှင့် နောင်ရိုး အကြိုက်တူမသွားတာပင် ကျေးဇူးတင်ရဦးမည်။ မဟုတ်လျှင်တော့ ဒုက္ခ…။ ပန်းတစ်ပွင့်ကို နှစ်ယောက် စရန်သတ်ရသလို ဖြစ်နေတော့မည်။

ခုလိုကျတော့လည်း လောကကြီးအဆင်ပြေပုံက ပြေးပြေးပြီး ဂျက်ပြချင်စရာ…။

"ခင်ဗျားဟာက ပထမဆုံးအတွေ့အကြုံမို့လား…"



www.burmeseclassic.com

www.burmeseclassic.com


နောင်ရိုး မနေနိုင်စွာ မေးလိုက်မိတော့ နန္ဒက ပြုံးသည်။

"ပြောရင်လည်း ကြွားသလို ဖြစ်နေဦးမယ်၊ ပထမဆုံးအတွေ့ အကြုံရယ်တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမယ့် အရင်နဲ့မတူ ထူးခြားတာ အမှန်ပဲ…"

"အမြဲတမ်း ထူးခြားဆန်းသစ်နေတာပဲလား"

နောင်ရိုး၏နောက်ပြောင်မှုကြောင့် နန္ဒ စိတ်ပါလက်ပါ ဆဲရေးလေ တော့၏။

"တဖြည်းဖြည်းနဲ့ အချစ်တွေစစ်လာလိုက်တာ ခုထိတော့ ဒါဟာ အစစ်ဆုံး ဆိုတာမျိုး…""

"တော်တော့ နောင်ရိုး နောက်မနေနဲ့ ငါက အတည်ပြောတာ…"

"တော်ပါပြီ ခင်ဗျားအတည်ဆိုလည်း ပြီးတာပါပဲ…"

ဒီလိုကျပြန်တော့ နန္ဒ မျက်မှောင်ကြုတ်ပြန်သည်။ နောင်ရိုးကို သေချာကြည့်ကာ မေးခွန်းပြန်ထုတ်၏။

"မင်းဟာက ဘာလဲ… နောက်မှာ စကားကျန်နေသေးသလိုပဲ…"

"ဟာဗျာ… ဘာကျန်လို့လဲ…"

"ကျန်တယ်… ခင်ဗျားရဲ့ အတည်ဆိုလဲ ပြီးတာပါပဲ… ဆိုတဲ့ စကားက မဆုံးသေးသလိုပဲ…"

"ကျွတ်…"

နောင်ရိုး ခေါင်းကို အသာဖွကာ ရယ်လိုက်မိသည်။ နန္ဒက ခုထိ သူ့ကို စူးစိုက်ကြည့်နေဆဲ။ နောင်ရိုး လက်လျှော့လိုက်ရသည်။

"အိုကေ… ပြောမယ်…"

"ဘာလဲ…"


www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေတယ်လို့ ဆက်ပြောမလို့..."

"ဘာအဆင်ပြေတာလဲ..."

"ကျွန်တော်မျိုးလေးက စိမ်းသခင်လေးကို စိတ်ဝင်စားချင်သလိုလို ခံစားရတယ်လေ..."

ထိုစကားကြောင့် နန္ဒက နောင်ရိုးကို သေသေချာချာကြည့်သည်။ နှာခေါင်းကို မသိမသာ တမင်ရှုံ့ပြရင်း ပြန်မေး၏။

"မင်းဟာက စိတ်ဝင်စားသလို ခံစားရတယ်တဲ့လား..."

"အင်းလေ... ချက်ချင်းကြီး သေချာသွားတယ်ဆိုတာ ရှိနိုင်ပေမယ့် ကျွန်တော့်အတွက်တော့ မဟုတ်သေးဘူး၊ ကျွန်တော် ကိုယ့်ဟာကိုယ် သေချာအောင် ကြိုးစားပြီးမှ ထပ်ပြောမယ်..."

သေချာအောင်ကြိုးစားပြီးမှ ထပ်ပြောမယ် ဆိုသည့် နောင်ရိုးစကားကြောင့် နန္ဒတစ်ယောက် အောင့်သက်သက် ဖြစ်သွားရသေးသည်။ တော်သေးတာက "ရှေ့မှာချီခဲ့သော ချက်ချင်းကြီး သေချာသွားတယ်ဆိုတာ ရှိနိုင်ပေမယ့်..." ဆိုသည့် စကားကြောင့် ခံသာသွားခြင်း ဖြစ်သည်။ စကားသံများတိတ်သွားချိန်တွင် နောင်ရိုး၏ ဂစ်တာသံ ပြန်ထွက်လာသည်။ ဒီတစ်ခါတော့ Blue eyes crying in the rain မဟုတ်တော့။ ကမ္ဘာကျော် BeeGees ညီအစ်ကိုသုံးယောက်၏ 'How deep is your love' တဲ့...။ အတည့်လား... တစောင်းလား ဆိုတာတော့ နောင်ရိုး ကိုယ်တိုင်မှသာ သိပေလိမ့်မည်။

❒



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ရှစ်နာရီခွဲဆို ကားက အိမ်ရှေ့မှာ အဆင်သင့်ဖြစ်နေပြီမို့ စိမ်း ကျောင်းကို ထွက်လာခဲ့လိုက်သည်။ ကျောင်းရောက်တော့ ကိုးနာရီပင် မထိုးသေး။ ကင်တင်းထောင့်တစ်နေရာတွင် တစ်ယောက်တည်းထိုင်နေလိုက်သည်။ ဖေဖေကတော့ မနက်က 'သမီးကျောင်းသွားရတာအဆင်ပြေလား' ဆိုသော စကားတစ်ခွန်းတော့ မေးရှာသား။ ဘာမပြေစရာမှ မရှိ။ အကုန်အဆင်သင့်လေ။ ပင်ပန်းစရာ တစ်ခုမှ မရှိ။ တကယ်ဆိုသူတို့မေးရမှာက 'ကျောင်းချိန်က ဘယ်အချိန်စလဲ... ဘယ်အချိန်ပြီးလဲ... ဟဲ့... သွားတာ စောလိုက်တာ၊ ပြန်တာလည်း နောက်ကျတာပဲ' အဲလိုရှိရမှာ။ ခုတော့ တစ်စက်ကလေးမှ စိတ်မဝင်စား။ သူတို့မိသားစုကတစ်ယောက်ကို တစ်ယောက် စိတ်ဝင်စားဖို့ နဂိုကတည်းက စိတ်ကူးရှိခဲ့ပုံမပေါ်။ ရှိခဲ့ဖူးသော စိမ်းတစ်ယောက်မှာသာ ရင်နှင့်မမျှအောင် ခံစားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဖူးတာ။ ခုတော့လည်း အသားသေသွားခဲ့ပြီ။

မနက်ဆို ဖေဖေက တစ်လမ်းထွက်မည်။ မေမေက တစ်နေရာ သွားမည်။

အိမ်ပြန်လာကြသော ဖေဖေနှင့် မေမေကလည်း တစ်ယောက်ကို တစ်ယောက် တစ်စက်မှ စိတ်မဝင်စား။ စိမ်းကိုလည်း သိပ်စိတ်မဝင်စား။ မေမေက ပိုဆိုးသေးသည်။ မေမေ့ကြည့်ရတာ စက်ရုပ်နှင့်ပင် တူသေးတော့၏။

"ဟိတ်... ရောက်တာ ကြာပြီလား..."

ရုတ်တရက် ရှေ့က လာရုပ်နှုတ်ဆက်သံကြောင့် မော့ကြည့်မိသည်။ အင်္ဂလိပ်စာဒီပဋိမာတန်း၏ နှင်းဆီခိုင်။ ထိုနှင်းဆီခိုင်ကို စိတ်ဝင်စားကြသူတွေ များပါလျက် စိမ်းကတော့ စိတ်မဝင်စား။

"တစ်ယောက်တည်းလား..."

ကိုယ်တွေ့ချင်သူက ပါမလာတော့ စိမ်း မေးခွန်းပြန်ထုတ်လိုက်မိသည်။

"ဟင့်အင်း သူငယ်ချင်းပါတယ်၊ ဂျာမန်တန်းဘက် ခဏသွားလို့ ဒါနဲ့ ခင်ဗျားသူငယ်ချင်းရော..."

"မလာသေးဘူး..."

စိမ်းမှာတော့ ဟိုနေ့က ရွှေအဆင်းပြောသွားခဲ့သော ထိုသူ့နာမည်ကို အပြေးအလွှား စဉ်းစားနေရသည်။ 'နန္ဒမြတ်သူ' ဆိုသော နာမည်သာ ထွက်လာ၏။ သူ့နာမည်ကို မေ့နေသည်။ ခက်ပါလား...။

"ဘာတွေးနေတာလဲ..."

စိမ်း၏အမူအရာက သိပ်သိသာသွားပုံရသည်။ ရှက်ကိုးရှက်ကန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရပြီးမှ ပွင့်လင်းစွာ ပြန်ပြောလိုက်မိ၏။

"ရှင့်နာမည် မေ့နေလို့ စဉ်းစားနေတာ..."

"ဟင်... မေ့နေရအောင် ကျွန်တော့်နာမည်ကို သိလို့လား..."

"သိတာပေါ့... ဟိုနေ့က ရွှေအဆင်းပြောထားတာလေ..."

"ဩော်... စဉ်းစားလို့ ရပြီလား..."

"ဟင့်အင်း... ဟိုတခြားတစ်ယောက်ကကော... နန္ဒမြတ်သူ ဆိုလား... အဲဒါတော့ မှတ်မိတယ်..."

"ဖြစ်မှ ဖြစ်ရလေ..." ဟု အော်ကာ နဖူးကို ပစ်ရိုက်ချင်စိတ် ပေါက်သွားဟန်နှင့် ရယ်သည်။ ပြီးမှ...

"အင်းလေ နာမည်က ခက်တာကိုး..."

"ဟုတ်တယ် ဟုတ်တယ် နည်းနည်းတစ်မျိုးပဲ သမရိုးကျနာမည် မဟုတ်ဘူး..."

"ခင်ဗျားနာမည်လိုပေါ့..."

"ရှင်... ဘာကိုပြောတာလဲ..."

"သမရိုးကျမဟုတ်တာလေ..."

"ဟင်းဟင်း... ဟုတ်တယ်... ဟုတ်တယ်..."

စိမ်း သဘောကျစွာ ရယ်မိသည်။

"ကဲ... မှတ်ထားပါဦး... ဒေါ်စိမ်းသခင် ကျွန်တော့်နာမည် နောင်ရိုးနိုင်ပါခင်ဗျာ..."

"ဟာ... ဟုတ်တယ်... ဟုတ်တယ်... ဟို..." နောင်ရိုးတိုက်ပွဲကို မှတ်ထားတာ၊ ဘာလို့ မေ့သွားလဲမသိဘူး၊ ဒါနဲ့ ရှင်ကရော စိမ်းနာမည်ကို ရွှေအဆင်းဆီက သိတာလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့… ဒါပေမယ့် ကျွန်တော်က မှတ်ဉာဏ်ကောင်းတယ်…"

ထိုစကားကြောင့် စိမ်းရယ်မိ၏။ ထိုစဉ် နန္ဒမြတ်သူ ရောက်လာသည်။

"Helo… Hi… Hey…"

နောင်ရိုးက တမင်လှမ်းနောက်လိုက်တော့ နန္ဒမြတ်သူ၏ ကျီးကန်းတောင်းမှောက် မျက်ဝန်းများ ပြန်ငြိမ်သွားသည်။ ပြီးမှ တည်ငြိမ်စွာနှင့် စိမ်းကိုမေး၏။

"တစ်ယောက်တည်းလား… ခင်ဗျားပါတနာကော…"

"မလာသေးဘူး…"

စိမ်းကတော့ သူ့ကိုတွေ့ချင်၍ မေးမိသည်။ သူကရော ရွှေအဆင်းကို တွေ့ချင်၍ မေးသည်လား…။ (စိမ်းနှင့် ခံစားမှုတူနေလျှင်တော့ လွှဲပြီ) ဒါမှမဟုတ် လောကဝတ္တရားအရ မေးသည်ပဲလား။ (သူမှသာ သိပေလိမ့်မည်။)

နောင်ရိုးနှင့် နန္ဒက လက်ဖက်ရည်တစ်ခွက်စီ မှာကြသည်။ ယောကျ်ားလေးတွေဆိုတော့ လွတ်လွတ်လပ်လပ် လာကြသည်။ စိမ်းတို့လို မဟုတ်။ စိမ်းမှာက အိတ်ကော၊ ဖိုင်ကော၊ ထမင်းဗူးကော စုံနေသည်။ ဒီကင်တင်းကလည်း နေ့လည်ဆို တိုးမပေါက်။ ဘာမှ စား၍သာ အဆင်မပြေတာ။ နေရာက အတော်ရှားပြီး အတော်စောင့်ယူရတတ်သည်။ တချို့ဆို Break time သာ ကုန်သွားရော၊ မှာထားတာ ရောက်မလာ၍ မစားလိုက်ရတာ တွေ့ရှိသည်မို့ စိမ်းက ထမင်းဘူးယူသည်။ စိမ်းကို အားကျ၍ ရွှေအဆင်းလည်း ဒီနေ့ ထမင်းဘူး ယူလာမည်ဟု ဆိုသည်။

"ဟော… ဟိုမှာ… ရွှေအဆင်း…"



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းသားရေးရာနောက်ပေါက် လမ်းဘက်ဆီမှ လှမ်းလာသော ရွှေအဆင်းကို သူတို့ တွေ့လိုက်ကြရသည်။ ဝင်းဝါနေသော အသားအရေနှင့် သူမဝတ်ထားသော ကျောက်စိမ်းရောင်က ဟပ်နေသည်။ ရွှေရုပ်ကလေး တစ်ရုပ်နှင့်ပင် တူသေးတော့၏။

အခြားသူနှင့် ကင်တင်းထိုင်လေ့မရှိသော စိမ်းကို သူတို့နှင့် တွေ့ရသည်မို့ ရွှေအဆင်းကလည်း တအံ့တသြဖြစ်နေပုံရသည်။ ခုံတစ်ခုံကို ယူကာ နေရာချပေးသော နန္ဒကို ရွှေအဆင်းက Thanks ဟု တုံ့ပြန်သည်။ အာရုံကတော့ နောင်ရိုးနိုင်ထံမှာသာ...”။

“Listening Course အတွက် အခွေတွေ ရနိုင်မလား မသိဘူး...”

နောင်ရိုးနိုင်ကိုကြည့်ကာ မေးလိုက်ခြင်းဖြစ်သော်လည်း နန္ဒက ဝင်ဖြေ၏။

“Listening Course အတွက်ရယ်တော့ မဟုတ်ဘူး၊ လေ့ကျင့်လို့ရမယ့် အခွေမျိုးတော့ ရနိုင်တယ်...”

“ဘယ်က ရမှာလဲ...”

စိမ်းက ဝင်မေး၏။

“Listening ဆရာဆီကပေါ့...”

ထိုစကားကြောင့် သူ့ကို အားလုံးက မသင်္ကာသလို ဝိုင်းကြည့်တာ ခံလိုက်ရ၏။ ဟုတ်သည်လေ...။ ဒီနေ့ထိ သူတို့မှ သင်မည်ဆိုသည့် ဆရာကို မမြင်ဖူးသေးတာ။ ဒါကို နားလည်လိုက်သော ပါးနပ်သည့်နန္ဒက ချက်ချင်းဖြေရှင်းသည်။

“Listening ဆရာနဲ့ အရမ်းခင်တဲ့တစ်ယောက်ဆီက ရမှာ...


www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲကပဲ...”

“ဘယ်သူလဲ...”

“မြတ်ဇော်ထွန်း...”

အားလုံး ငြိမ်သွားကြသည်။ ယုံကြည်သွားသည်လား... လက်လျှော့သွားသည်လား ဆိုသည်ကိုတော့ သူတို့မှသာ သိပေလိမ့်မည်။ စိမ်းက ခဏနေကျ ထပ်မေး၏။

“ဘယ်တော့ ရမှာလဲဟင် ရရင်တော့ ပေးကူးနော်...”

“တစ်ရက် နှစ်ရက်အတွင်း ရမှာပါ...”

မေးတုန်းက မေးပြီး တစ်ခွန်းမှ စိတ်ဝင်စားစွာ ခွန်းထောက်မခံသော ရွှေအဆင်းကိုလည်း တအံ့တသြဖြစ်ရသည်။

“ထမင်းချိုင့် ယူလာတာလား...”

နန္ဒက ရွှေအဆင်းနှင့် စိမ်းသခင်တို့ တင်ထားသော ထမင်းချိုင့်ကို ကြည့်ကာ မေး၏။ ရွှေအဆင်းက ခေါင်းညိတ်ရင်း ဖြေသည်။

“ဟုတ်တယ် မိုးလင်းလာရင် ထမင်းချိုင့်ဆွဲရမယ့်ဒုက္ခကို အရင်သတိရတယ်၊ ဒါပေမယ့် အဲဒီဒုက္ခထက်ကြီးတဲ့ ကင်တင်းကို မြင်ရင် အလိုလို ထမင်းချိုင့် ပြင်မိရော...”

“ဟုတ်တယ်... ရှင်တို့ရော ကင်တင်းမှာပဲ စားတာလား...”

“ဒါပေါ့... ကျွန်တော်တို့က အဆောင်မှာ နေတာလေ...”

နောင်ရိုးနိုင်၏အဖြေကြောင့် မိန်းကလေးနှစ်ယောက် အံ့သြသွားရသည်။

“အဆောင်မှာနေတာ ဟုတ်လား... နယ်ကလား...”

“ဟင့်အင်း... ရန်ကုန်က...”



www.burmeseclassic.com

www.burmeseclassic.com



နန္ဒက ရယ်ကာ ဖြေ၏။

"အိမ်မှာ မနေချင်လို့လားဟင်..."

စိမ်း၏ အားတက်သရောအမေးကြောင့် နန္ဒက ရယ်၏။

"မနေချင်လို့ရယ်တော့ မဟုတ်ပါဘူး၊ အဆောင်မှာ ပိုအေးချမ်းသလားလို့..."

"နောင်ရိုးနိုင်ကရော..."

စိမ်းက နောင်ရိုးနိုင်ဘက်ပါ လှည့်၍ အင်တာဗျူးလုပ်၏။

"ကျွန်တော်က ဝေးလို့... ပြီးတော့ အဆောင်နေဖူးချင်တာလည်း ပါတာပေါ့..."

နောင်ရိုးထံမှ အဖြေရပြီးတော့ စိမ်းက မျက်မှောင်လေးကြုတ်ကာ နက်နက်နဲနဲ တွေးနေသေးသည်။ အတော်ကြာမှ...

"စိမ်းလည်း အဆောင်မှာနေရရင် ကောင်းမှာပဲ..." ဟု ရေရွတ်၏။

သူ့ဘာသာသူ ရေရွတ်တာလား၊ ကျွန်သုံးယောက်ကို ရင်ဖွင့်တာလား မသိ။ နောင်ရိုးကတော့ စိမ်းစကားကို စိတ်ဝင်စားသွားရသည်။

"စိမ်းက ဘာလို့နေချင်တာလဲ... အိမ်ဝေးလို့လား၊ အိမ်မှာ စာကြည့်လို့ မရအောင် ဆူလို့လား..."

စိမ်းက ခေါင်းကို အသာရမ်း၏။

"မဟုတ်ဘူး... စိမ်း အိမ်မှာ မနေချင်လို့..."

စိမ်းစကားကြောင့် ရွှေအဆင်းပင် မျက်လုံးလေး ဝိုင်းသွားရသည်။

"ဘာဖြစ်လို့လဲ စိမ်းရယ်..."

ရွှေအဆင်းက စိတ်မကောင်းစွာမေး၏။

"စိမ်း အိမ်မှာ မပျော်လို့..."



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ မပျော်တာလဲ... ဆိုသော စကားကိုတော့ မကောင်း၍ ထပ်မမေးတော့။ စိမ်းလည်း ခုအခြေအနေမှာ ဖြေချင်ဦးမှာ မဟုတ်။ ရွှေအဆင်းဖြင့် အိမ်မှာနေရတာ ပျော်သည်။ ရွှေအဆင်းတို့မိသားစုလေးက တကယ့်ကို ချစ်ချစ်ခင်ခင်နှင့် ပွင့်လင်းစွာ နေထိုင်ကြသည် မဟုတ်လား။ ချစ်သောအဖေ၊ အမေ၊ အစ်မ၊ မောင်လေးတို့နှင့် ရွှေအဆင်းက သူငယ်ချင်းများပမာ။

စကားသံများ တိတ်ဆိတ်ကာ တစ်ယောက်ကို တစ်ယောက် စကားလုံးပါသော အကြည့်များနှင့် ကြည့်နေဆဲတွင် ခေါင်းလောင်းသံ ကြားလိုက်ရသည်။

"ဟော... ပထမခေါင်းလောင်းထိုးပြီ..."

နန္ဒက ထိုင်ရာမှ အရင်ထသည်။ ပြီး... နောင်ရိုး နောက်ကမှ ရွှေအဆင်းက စိမ်းကို ဆွဲခေါ်လာခဲ့သည်။ စိမ်း၏ခြေလှမ်းများ လေးကန်တုံ့ဆိုင်းနေသလို ခံစားရသည်ဟု ရွှေအဆင်းထင်သည်။ အင်းလေ... တစ်ယောက်နှင့် တစ်ယောက်ဆိုတာ ဘဝတွေ မတူညီနိုင်သလို ပိုင်ဆိုင်ရရှိမှုတွေလည်း တူမှ မတူညီနိုင်တာ။ အေးစိမ့်ငြိမ်သက်နေတတ်သော စိမ်းသခင် ဆိုသည့် ကောင်မလေး၏ဘဝကို ရွှေအဆင်း စိတ်ဝင်တစားဖြစ်နေမိတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ညမှာ စိမ်းက ရွှေအဆင်းထံ ဖုန်းဆက်သည်။

"ရွှေအဆင်းလား..."

"အင်း စိမ်းထင်တယ်..."

စိမ်း တအံ့တသြရယ်မိသည်။

ထိုစဉ်မှာပင် မောင်ဖြစ်သူ နေလမင်း၏အသံက ဖြတ်ဝင်လာ၏။

"စိမ်းတွေ ဘာတွေလုပ်မနေပါနဲ့ မလတ်ရာ... ပွင့်ပွင့်လင်းလင်း ပေါ့..."

"အောင်မာ 'နေ'နော်... ခဏ..." စိမ်း ဒီမှာ မောင်လေး လိုက်စနေလို့..."

"ရှင့်မှာ မောင်လေးရှိတယ် ဟုတ်လား..."

"ဟုတ်ပ... မောင်တစ်ကောင် အစ်မတစ်ယောက်၊ အစ်မကိုတော့



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း ပိစိကွေးလေးကြောက်ရတယ် ဟဲဟဲ…”

ရွှေအဆင်းစကားကြောင့် စိမ်းက အသံထွက်အောင် ရယ်သည်။

“စိမ်းမှာကော ကြောက်ရမယ့်သူ ရှိလား…”

“ဟင့်အင်း… စိမ်းက တစ်ယောက်တည်းမွေးတာ…”

“ကောင်းတာပေါ့ စိမ်းရယ်… မုန့်လုမစားရဘူး… အမွေမလုရဘူး…”

“မကောင်းပါဘူး… ပျင်းစရာကြီး… ခုတောင် ပျင်းလို့ ဆက်တာ…”

“ဖုန်းနဲ့ပဲ အီတာလို ပွင့်ပွင့်လင်းလင်းပြောလိုက်တာ မဟုတ်ဘူး…”

ရွှေအဆင်း၏မောင်က ဝင်ပြောပြန်သဖြင့် လှည့်ရန်တွေ့နေသေးသည်။

“အဲဒါ ဘာဖြစ်လဲ… နင့်လို မျက်နှာပြောင်တိုက်ပြီး ကောင်မလေးရှေ့ သွားအီနေတာကမှ ဆိုးတာ…”

“ဟား… ဝန်ခံပြီ ဝန်ခံပြီ မကြီးရေ…”

“ကဲပါ နေရယ်… တစ်ဖက်ကို အားနာစရာ ပြောပါစေ…”

တစ်ဖက်မှ အစ်မကြီးဖြစ်ဟန်တူသူ၏ ဟန့်တားသံကြားမှ တိတ်သွားတော့သည်။

“Ok ရပြီ စိမ်း… မကြီးက ဝင်ပြောလိုက်တာ ဟိုကောင် တပ်ခေါက်သွားပြီ…”

“ရှင် ခု ဘာလုပ်နေတာလဲ…”

ရုတ်တရက်မို့ ရွှေအဆင်း ကြောင်သွားရသည်။ ခုပဲ ရန်တွေဖြစ်ပြီး ဖုန်းပြောနေတာကို… ဒီကောင်မလေးကတော့လေ… ဟုတွေးကာ ကြိတ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်မိသည်။ ပြီးမှ…

"စိမ်းနဲ့ ဖုန်းပြောနေတယ်လေ…"

"ဟုတ်သားပဲနော်…"

"ကဲပါ… စိမ်းက ပျင်းနေတယ်ဆိုတော့ အဖေနဲ့ အမေကရော…"

"အဖေက ခုထိ ပြန်မလာသေးဘူး၊ အမြည်ဥ္စနက်တယ်… ပြီးရင် ကြံ့ရာ အိပ်ချင် အိပ်တတ်သေးတာ…"

ရွှေအဆင်း မျက်လုံးလေးပြူးကာ သက်မကို အသာခိုးချရသည်။

"မေမေကတော့ သူ့အခန်းထဲမှာ ခုချိန်ဆို ယောဂထိုင်နေရော ပေါ့…"

"ယောဂထိုင်တယ် ဟုတ်လား…"

"အင်း…"

"ကောင်းတာပေါ့…"

"အင်း… ကောင်းတော့ ကောင်းပါတယ်…"

"ဘာလဲ ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် ရှင် ပျင်းနေတယ် လို့ ပြောချင်လို့လား…"

စိတ်မသက်မသာဟန်ဖြင့် ခပ်ဖွဖွရယ်သည်။

"မေမေက ယောဂထိုင်မနေလည်း စိမ်းအတွက် အဖော်မှ မဖြစ် တာ၊ မေမေက ရေခဲပန်းပုရုပ်တုလေ…"

မြတ်စွာဘုရား… ရွှေအဆင်းရင်ထဲ ကျယ်လောင်စွာ ဘုရားတ,မိ သည်။ သူမက အေးစိမ့်ငြိမ်သက်နေသော ကောင်မလေးဟု မှတ်ချက်ချ ထားသူ၏ နှုတ်မှ ထွက်လာသောစကားက 'မေမေက ရေခဲပန်းပုရုပ်တု' တဲ့။ ဖြစ်မှ ဖြစ်ရလေ… ရွှေအဆင်းတစ်ယောက်ရင်ထဲမှာ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလိုကြီး ခဲကျဉ်သွားသယောင် ခံစားလိုက်ရသည်။

"ဩော်... ဒါနဲ့ စိမ်းရေ ဟို နန္ဒဆိုတဲ့လူ ပြောတဲ့အခွေတွေ ရပြီလား..."

"ဟင့်အင်း မရပါဘူး... ရှင်လည်း စိမ်းနဲ့တူတူ ရှိနေတာကို..."

"မဟုတ်ဘူးလေ... ကျွန်မက စောပြန်တာကိုး၊ ရှင်တို့က လေးနာရီလောက်ထိ ကျောင်းမှာနေကြတာလေ..."

"အင်း ဟုတ်တယ်၊ စိမ်းကို နှစ်ယောက်လုံးက လေးနာရီ အိမ်ကကားလာတဲ့ထိ စောင့်ပေးကြတယ်..."

"မဆိုးပါဘူး ခင်စရာကောင်းပါတယ်နော်..."

ရွှေအဆင်း၏ ခပ်နောက်နောက်စကားကို စိမ်းကလည်း အနောက်နှင့် တုံ့ပြန်သည်။

"မဆိုးပါဘူး လိမ္မာကြပါတယ်... ဩော် ဒါနဲ့..."

"ဘာလဲ စိမ်း..."

"အစ်မနဲ့ မောင်လေးက နာမည်ဘယ်လိုခေါ်လဲ..."

"မကြီးက ငွေယမင်းတဲ့... မောင်ငယ်က နေလမင်းတဲ့... ဘာလို့မေးတာလဲ..."

"ရွှေအဆင်း ဆိုတဲ့ နာမည်ကြောင့် မေးတာ၊ ကျန်တဲ့သူတွေကို ဘယ်လိုများ မှည့်ထားလဲ သိချင်လို့..."

"အမလေး... တို့အမေက ကဗျာဆရာမလုပ်လို့ ရတယ်၊ ကဗျာအရမ်းဆန်တာ၊ ကျွန်မတို့အားလုံးကို သူပဲ နာမည်ပေးတာ..."

"ရှင့်အဖေကရော..."

"အဖေက လက်တွေ့သမား၊ အနုပညာနဲ့ ပတ်သက်တာ ဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



သီချင်းပဲ နားထောင်တတ်တာ၊ ရုပ်ရှင်တောင် သိပ်မကြည့်ဘူး ကြည့်ခဲ့တယ်။

"စိမ်းအဖေရောပဲ..."

ဒီလောက်ကလေး ကြားလိုက်ရတာနှင့်ကို ရွှေအဆင်းရင်ထဲ အနည်းငယ် အအေးဓာတ်လျော့သွားသလို ခံစားရသည်။ ရွှေအဆင်း ငြိမ်နေမိဆဲ စိမ်းက စကားဆက်၏။

"ရှင့်အစ်မက ဘာလုပ်လဲ..."

"ကျွန်မအစ်မလား... သူက မေမေ့သမီးလေ... စာရေးဆရာမ လုပ်တယ်..."

"ဟယ်... အဟုတ်..."

"ဟုတ်တယ်... ခုဆို သူ တော်တော်တောင် နာမည်ရလာပြီ..."

"စိတ်ဝင်စားစရာပဲ... စိမ်းအသိထဲမှာ စာရေးတဲ့သူဆိုတာ တစ်ခါမှ မရှိဖူးဘူး၊ ခု ရှင့်အစ်မက စာရေးဆရာမဆိုတော့ ကောင်းတာပေါ့..."

ကျွန်မအသိထဲမှာလည်း ရှင့်လို အေးအေးစက်စက်ကလေး တစ်ယောက်မှ မရှိခဲ့ဖူးဘူးလို့ ရင်ထဲက ပြန်ပြောနေမိသည်။

"ရှင်က စာရေးဆရာမကို ဓာတ်လမ်းပေးချင်လို့လား..."

"အာ... မဟုတ်ပါဘူးကွာ စိမ်းမှာ ဘာဓာတ်လမ်းမှ မရှိပါဘူး..."

"ဟုတ်ရဲ့လား... ဒီအရွယ်ရောက်မှ မရှိဘူးဆိုတော့ စဉ်းစားစရာ..."

"အံမယ်... မစဉ်းစားပါနဲ့ ရွှေအဆင်းကရော..."

"ကိုယ့်ကိုက ကြိုက်မယ့်သူ မရှိဘူး..."

ရွှေအဆင်းက ရယ်သံနှင့် ပြောတော့ စိမ်းက 'မဖြစ်နိုင်တာ...'



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်။

"မဖြစ်နိုင်တာ ဒေါ်ရွှေအဆင်းရယ်... ရှင်က ဒီလောက်လှတာ ပြီးတော့ လူချစ်လူခင်ကလည်း ပေါပေါဘိသနဲ့..."

"ဒါက တစ်မျိုး... တကယ့်တကယ် ကိုယ့်ကို တကယ်ချစ်ပြီး ကိုယ်ကချစ်နိုင်မယ့်သူတော့ မရှိသေးပါဘူး၊ ကျွန်မက လူတစ်မျိုးလေ ကိုယ်မချစ်နိုင်တဲ့သူဆို မပတ်သက်အောင်နေလိုက်တာ များတယ်"

"ကောင်းတာပဲ၊ စိမ်းရောပဲ..."

"ဟော... ဟော... ပြောရင်း ပေါ်လာပြီ စိမ်းရောပဲတဲ့..."

ရွှေအဆင်း၏စကားကြောင့် သူတို့ ရယ်မိကြသည်။ စိမ်းက အရယ်ကို ရပ်ရင်း စကားဆက်၏။

"ရွှေအဆင်းရယ် စိမ်းက ငယ်ငယ်ကတည်းက အထီးကျန်ဆန်တယ်၊ တစ်ယောက်တည်းနေတတ်ပြီး အဲလိုနေရတာ အကျင့်က ပါသွားတယ်၊ ကျောင်းတက်ခဲ့တုန်းကလည်း မောင်နှမဝမ်းကွဲတစ်ယောက်နဲ့ အတူ တက်ရတော့ သူငယ်ချင်းကို မရှိတာ..."

"ခုကော..."

"ခု ရှိပြီလေ... သူငယ်ချင်းမှ သုံးယောက်တောင်..."

"စိမ်း ဒီသူငယ်ချင်းတွေနဲ့ နေရတာ စိတ်ချမ်းသာလား..."

"ဒါပေါ့... စိတ်ချမ်းသာတာပေါ့၊ စိမ်းဘဝမှာ ခုမှ ဒီလောက် လူတွေကို စကားများများပြောပြီး ခင်တွယ်ရကောင်းမှန်း သိလာတာ..."

'ဩော် စိမ်းရယ်...' ဟု ရင်ထဲမှာ ညည်းညူမိသည်။

"ဩော် ရွှေအဆင်း..."

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဦးသာထူးရေးခိုင်းတဲ့ Paragraph Writing တွေ ရေးပြီးပြီလား..."

"ရေးပြီးပြီ..."

"ဘာခေါင်းစဉ်တွေ ရေးလဲ..."

"ဟဲဟဲ... လွယ်တာပေါ့ စိမ်းကလေးရယ်... My Favourite Star တို့ Last Summer Holiday တို့ ဘာညာကွိကွပေါ့ စိမ်းရော..."

စိမ်း အသံတိတ်သွားသေးသည်။ အတန်ကြာမှ...

"စိမ်းရေးနေတာပဲ မပြီးသေးဘူး..."

"ဘာတွေရေးလဲ..."

"လွယ်တာပဲပေါ့၊ ရှင့်လိုလေ... My Family တို့ Lonliness တို့..."

မြတ်စွာဘုရား...။ ဒီလောက်ခက်ခဲတဲ့ ကိစ္စကြီးတွေကို လွယ်တာတဲ့...။ My Family ဆိုတာက ကလေးတွေ ရေးခိုင်းတောင် လွယ်တယ်ပြောမှာ သေချာပေမယ့် စိမ်းအတွက်က မပြီးနိုင်လောက်အောင် ခက်ခဲမှာ ရွှေအဆင်း ရိပ်စားမိသည်။ ပြီးတော့ ကြည့်ပါဦး...။ နောက်ထပ်ခေါင်းစဉ်တစ်ခုက Lonliness တဲ့...။ ဒီအထီးကျန်မှု အရိပ် ကြီးက စိမ်းအပေါ်မှာ အတော်ကြီး လွှမ်းမိုးနေသည်ပဲ။ ရွှေအဆင်း တစ်ယောက် လူတတ်မကြီးလုပ်ကာ ဒီအရိပ်ကို ဖယ်ရှားပစ်မှပါ... ဟု တွေးနေမိသည်။

"ဟာ... ရှင့်ဟာကလဲ ဘာ Loneliness လဲ... ရေးစိမ်းပါ တခြားဟာ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာရေးရမှာလဲ..."

"ကလေးတုန်းကတော့ The song I like best တို့ The Person I admire most တို့ ဘာတို့ ရေးခဲ့ဖူးမှာပေါ့..."

"အင်းလေ..."

"ခု The man I interest most ဆိုပြီး ရေး ဟဲဟဲ..."

ရွှေအဆင်း၏ တမင်တကာနောက်ပြောင်လိုက်သော စကားကြောင့် စိမ်းရယ်သည်။

"ရေးချင်ပါတယ် ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ..."

"ဘယ်တစ်ယောက်ကို စိတ်အဝင်စားဆုံးဆိုတာ မသေချာသေးဘူး များနေတယ်..."

အမယ်လေး... ရေခဲမကလေးက အလာကြီးပါလား။ ရွှေအဆင်းနဲ့ ပေါင်းလို့ ပျော်ကျွန်းတွေးလာတာ ဆိုလျှင်တော့ ကောင်းပါသည်။ သူတို့နှစ်ယောက်သား မဟုတ်တာတွေကို ရွှေးချယ်ပြောဆို ရယ်မောကြရင်း အဓိပ္ပာယ်မဲ့သော စိမ်း၏အချိန်များကို အပြောင်းအလဲများနှင့် ဖြည့်ဆည်းပေးလိုက်ကြလေသည်။

□



www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲပျောက်သွားပြီး အထုပ်ပိုးနှင့် ပြန်လာသော နန္ဒကိုကြည့်ကာ နောင်ရိုး မျက်ခုံးပင့်ကြည့်မိ၏။

"ဘာတွေလဲ..."

"ထမင်းဘူးတွေ..."

"ထမင်းသွားဝယ်လာတာ..."

နောင်ရိုး နာရီကို လှမ်းကြည့်ကာ တအံ့တသြမေးတော့ နန္ဒက အိတ်ကို စားပွဲပေါ် ပစ်တင်ရင်း နှာခေါင်းရှုံ့၏။ ပြီး အိတ်ထဲက သူဆွဲထုတ်လိုက်သည်က ပလတ်စတစ်ထမင်းဘူးနှစ်ဘူး။

"အဲ... အဲဒါ ဘာလုပ်ဖို့လဲ..."

"ကျောင်းကို ထမင်းဘူးယူသွားဖို့လေ..."

နောင်ရိုး ခွီးခနဲ ထရယ်ချင်သော်လည်း မရယ်ရက်၍ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်တော့ ရစ်ဖို့ ဆုံးဖြတ်လိုက်သည်။

"နန္ဒကကွာ..."

"ဘာလဲ..."

"ငါတို့က ထမင်းဟင်းချက်နေရဦးမှာလား..."

"အာ... ဘယ်ဟုတ်ရမှာလဲ..."

"မချက်ရင် ဘယ်က ရမလဲ..."

"ထုံးစံအတိုင်း အဆောင်နားက ငါတို့စားနေကျဆိုင်ပေါ့..."

"ဟင် ဆိုင်ထမင်း ဆိုင်ဟင်းကြီး ဘာလုပ်ရမှာလဲ အတူတူကို..."

နောင်ရိုးကို နန္ဒက မျက်မှောင်ကြုတ်ကာ မသင်္ကာသလို စ,ကြည့်တော့သည်။ နောင်ရိုးက စိတ်ထဲမှ ရယ်ချင်နေလျက်က အတင်းတည်ကာ မျက်နှာသေလေး လုပ်ထားသည်။

"ရုပ်ကတော့ ဖိုးသခွားရုပ်ပဲ"

"ဘာ... ဘာပြောလိုက်တာလဲ..."

ကြားလျက်နှင့် မကြားချင်ယောင်ဆောင်ကာ နောင်ရိုးက ပြန်မေးတော့ နန္ဒ ထပ်မပြော။ သူပြောချင်တာကိုပဲ ပြော၏။

"ထမင်းဟင်းအရသာကြောင့်မဟုတ်ဘူး နောင်ရိုး"

လူ့အရသာကြောင့်... ဟု စိတ်ထဲက ပြောရင်း ကိုယ့်ဘာသာကိုယ် ကြိတ်ရယ်မိသေးသည်။ ထမင်းဘူးကို အာရုံစိုက်နေသော နန္ဒက မမြင်။

"ဘာကြောင့်လဲ ပြောပါဦး..."

"ကင်တင်းမှာ မှာရပြုရတာကြာလို့ တစ်ခါတလေ နောက်ကျမှ ရရင် တက်သုတ်ရိုက်ပြီး စားရတယ်၊ တစ်ခါတလေ စောလွတ်ဖို့ စောဆာရင်လည်း စားရတာ အဆင်ပြေအောင်လို့ ပြီးတော့..."



www.burmeseclassic.com

www.burmeseclassic.com



နန္ဒက စကားကို တမင်ရပ်ကာ နောင်ရိုးကို အကဲခတ်သလို ကြည့်သည်။ နောင်ရိုးက ခုမှ ထမင်းဘူးကို စိတ်ဝင်စားလာသလို လှမ်းယူလိုက်ကာ ဖွင့်ကြည့်နေလိုက်၏။ ပြီးမှ ခပ်ပေါ့ပေါ့အမူအရာနှင့် ပြန်ပြောလိုက်သည်။

"ပြီးတော့ ဘာဖြစ်လဲ ဆက်ပြောလေ..."

"ဩော် သူငယ်ချင်းတွေ တစ်စုတစ်စည်းတည်းလည်း စားလို့ရတာပေါ့..."

"ဩော် မင်းလိုရင်းက ဒါကိုး..."

နောက်ဆုံးမှ နောင်ရိုးကပိတ်ချလိုက်သော စကားကြောင့် နန္ဒ အပြုံးနှင့် ဆဲသည်။

"မင်းသိရင် ပြီးတာပဲ... ငါက မင်းကို ငတုံးမှတ်လို့..."

"ငတုံးလို့ပဲ သဘောထားလိုက်ပါ..."

နန္ဒဝယ်လာသည့် ထမင်းဘူးက နှစ်ဘူး။ တစ်ဘူးက အပြာရောင်။ တစ်ဘူးက အစိမ်းရောင်။

"ဘူးအစိမ်းက ငါ့အတွက်လား"

နောင်ရိုးက အဲလိုမေးတော့ နန္ဒက ခေါင်းညိတ်သည်။

"မင်း ပိုတော်လာသလိုပဲ..."

"အင်း... မင်းပဲ ထမင်းဘူးကို တာဝန်ယူ..."

"ယူပါတယ် ဘာခက်လို့လဲ... ဒါကို ဆိုင်မှာ သွားပေးထားမယ်၊ မနက်သွားခါနီးရင် ဝင်ယူမယ်၊ အပြန်ကျရင် ဝင်ပေးခဲ့မယ် ဘာခက်လဲ..."

"ပြီးတာပါပဲ..."

နန္ဒ၏ထမင်းဘူးက တစ်စခန်းသိမ်းသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲစာတ်လမ်းက paragraph writing ကိစ္စ...။ နောင်ရိုးရေးထားသော Classical Music(ဂန္ထဝင်ဂီတ) ဆိုသော အပုဒ်ကို သချာလာဖတ်နေသဖြင့် ပြန်မေးလိုက်သည်။

"မင်းရော ဘာရေးထားလဲ..."

ချက်ချင်းမဖြေဘဲ အရေးထဲ ပြုံးနေသေး၏။ ပြီးမှ စာရွက်ကို ထိုးပေးသည်။

"Colour of Love"တဲ့...။

ဗုဒ္ဓေါ...။ The colour of love is gold ဆိုပဲ။ 'အချစ်သည် ရွှေရောင်' ...တဲ့။ တစ်မျိုးကြီးပဲ။ တစ်သက်လုံးက ရှေးစာဆိုကျော်များ ဖော်ကျူးခဲ့ကြသည့်အရောင်နှင့်တော့ အတော်ကြီး အံချော်နေသည်။

"မင်းဟာက မော်ဒန်လား နန္ဒ..."

"ဒါပေါ့... မင်း တကယ့်ကို တော်လာတာ..."

သူချီးကျူးသံကြားရတိုင်း ကျောထဲစိမ့်သွားရတာကိုတော့ နောင်ရိုး မပြောပြဖြစ်တော့။ တော်ကြာ အမြင်ကတ်တိုင်း ထ,ထ ချီးကျူးနေရင် ပြဿနာ...။

"ရော့... ဒီမှာ နောက်တစ်ပုဒ်..."

"Golden Angel..." တဲ့...။ 'ရွှေရောင်နတ်သမီး'ပေါ့...။ နောင်ရိုးကတော့ ကြားထဲကနေ ဆရာဦးသာထူးကို မျက်နှာတွေပူ၊ အားတွေ နာလာသလို ခံစားရသည်။ သူ့ထံတင်ရမည့် assignment နှင့် ရည်းစားစာ မှားတင်သလားဟုလည်း ဆရာ တွေးကောင်း တွေးနိုင်သည်။

'ဘာမှားနေတာလဲ...' လို့ မေးမိရင်လည်း 'ဘာမှ မမှားပါဘူး...' ဆိုသည့် အဖြေပဲ ရဦးမည်။ သချာတာက တစ်ခုမှလည်း မှန်မနေခြင်း



www.burmeseclassic.com

www.burmeseclassic.com


ပင်။ နန္ဒကို ကြည့်လိုက်တော့ ထူးအိမ်သင်၏ 'ရွှေ'ဆိုသော သီချင်းကို ခပ်ဖွဖွညည်းနေပြန်သည်။ ရောဂါက ဆေးမမီတော့…။

"ရွှေအဆင်းလို မင်းဟာ ရွှေနတ်သမီး…"

နောင်ရိုး ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်၊

"ငါ ရေချိုးလိုက်ဦးမယ်…"

"အေး ချိုးပြီးရင် ထမင်းသွားစားရင်း ထမင်းဘူးသွားပေးမယ်…"

"အေးအေး…"

နောင်ရိုး အခန်းထဲမှ ရေခွက်ဆွဲကာ ဒရောသောပါး ထွက်လာလိုက်တာ ဆပ်ပြာပါမလာခဲ့။ ရေကန်နားရောက်မှ တစ်ဖက်ခန်းက 'မန်နေဂျာကြီး' ဟု လူသိများသော အစ်ကိုတစ်ယောက်ဆီက တောင်းရသည်။

"မင်းဟာက လယ်ထွန် နွားမေ့ပါလား…"

"ဟုတ်ပါ့ အစ်ကိုရာ… ဟိုကောင် နန္ဒလေ…"

"နန္ဒ ဘာဖြစ်လို့လဲ…"

ရွှေရည်ပူတွေ လောင်နေတာ… ဟု ဖြေမိမလို ဖြစ်ပြီးမှ ဘရိတ်အုပ်လိုက်ရသည်။ မဖြစ်သေး… ဒီအဆောင်ကို နန္ဒရောက်လာတာကိုက ဒီလူနှင့် ပတ်သက်သည်။ သူ့အဖေနှင့် အသိဆိုလား၊ ဆရာတပည့်ဆိုလား။

"ဟိုလေ… ဒီကောင်က ဗိုက်ဆာပြီ မြန်မြန်ချိုးပြောတာနဲ့…"

"ဩော်… ဖြစ်ရတယ်… ရော့ရော့… ဆပ်ပြာ မြန်မြန်ချိုး…"

သူကပါ မြန်မြန်လာချိုးခိုင်းနေတာမို့ နောင်ရိုး စိတ်ညစ်ညစ်နှင့် အမြန်ပြီးအောင် ချိုးပြီး ပြန်လာခဲ့လိုက်သည်။ အခန်းထဲမှာတော့ နန္ဒတစ်ယောက် စောစောကလောက် ယောက်ယက်မခတ်တော့။ အနည်


www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေး ထိုင်နေပြီ။ Reading စာအုပ်ကို ဖွင့်ကာ ခပ်တည်တည်နှင့် ဖတ်နေ၏။ ဘာပဲပြောပြော နန္ဒက စာတော့ အတော်လေးဖတ်ကာ ဗဟုသုတအတော်များသူဖြစ်တာ ငြင်းမရ။

"ရေကန်မှာတောင် မင်းအဖေနဲ့ မန်နေဂျာကြီးနဲ့ တွေ့ခဲ့သေးတယ်"

"ဟုတ်လား..."

"သူက မှာလိုက်တယ်..."

"ဘာတဲ့လဲ..."

"မင်းကို ဂရုစိုက်လိုက်ပါ... တဲ့..."

သဘောပေါက်လွယ်လွန်းသော နန္ဒက အသံတိတ်ဆဲရေးသည်။ ပြီး... အသန့်ကြိုက်လွန်းပြီး ကိုယ်ကလွဲလျှင် တခြားလူကို စိတ်မျှသော နန္ဒတစ်ယောက် ထမင်းဘူးနှစ်ဘူးကို ကောက်ကိုင်ကာ ဆေးကြောဖို့ ထွက်သွားတော့သည်။

အခန်းထဲမှာ တိတ်သွားပြန်တော့ နောင်ရိုးအတွေးကလည်း ငြိမ်သွားပြန်ကာ သက်ငြိမ်မလေးတစ်ယောက်ကို ပြေးသတိရမိသည်။

"အိမ်မှာ မနေချင်လို့ စိမ်း အိမ်မှာ မပျော်လို့..."

ဆိုတဲ့ ကောင်မလေးကို စပ်စုလိုစိတ် မရှိပါဘဲလျက် အဖြေတစ်ခုခု ရှာပေးနိုင်နိုးနှင့် နောင်ရိုး 'ဘာ့ကြောင့်' ဆိုတာကို သိချင်နေမိသည်။

"မနက် ရှစ်နာရီခွဲဆို အိမ်ကထွက်တယ်၊ ညနေဆို လေးနာရီခွဲမှ ပြန်ရောက်တယ်..."

ဟု ပြောတာမို့ အိမ်နှင့် ကျောင်းက နာရီဝက်ခန့် မောင်းရပေါက်သည်။ ညနေဆို လေးနာရီတိ... နောင်ရိုးနှင့် နန္ဒက အတူထိုင်ကာ ကားစောင့်ပေးတတ်ပြီး မနက်ဆိုလျှင် ရွှေအဆင်းလည်း ရောက်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်တာမို့ နန္ဒလည်း ကျောင်းကို ကိုးနာရီဆယ့်ငါးလောက်မှ မရောက်လျှင် နောင်ရိုးကို ပွက်လောရိုက်ပြီ။

"အိပ်ပုတ်ကြီးတာကိုး၊ ဒီအချိန်ထိ အိပ်တာ ယောကျာ်းမှ မဟုတ်တာ..."

ဒီအချိန်ထိ အိပ်တတ်သောယောကျာ်းတွေ ဝိုင်းသတ်လျှင် နန္ဒတစ်ယောက် သေဖွယ်ရာပင်...။

"ဟော့ကောင် ကျောင်းစာပြီးရင် အိပ်တော့..." တဲ့...။

နောင်ရိုးကလည်း နောင်ရိုးပဲ။ တစ်ခါမှ နားမထောင်။ မိဘစကားတောင် သိပ်ရို့ရို့ကျိုးကျိုး နားထောင်တတ်တာမှ မဟုတ်တာ။ နန္ဒစကားဆို ဝေးရော...။

ခဏနေတော့ နန္ဒ ပြန်ရောက်လာသည်။

ထမင်းဘူးတွေကို လက်သုတ်ပဝါအဟောင်းနှင့် ခြောက်သွေ့သွားအောင် အကျအနသုတ်သည်။ ပြီး လက်သုတ်ပဝါအသစ်နှစ်ထည်ကို ထုတ်ကာ ထမင်းဘူးနှစ်ဘူးနှင့် အတူ ကျွတ်ကျွတ်အိတ်တစ်လုံးထဲ စုထည့်လိုက်၏။

"ပေး... ငါ့ကို ထမင်းဘူးတစ်ဘူးနဲ့ လက်သုတ်ပဝါတစ်ထည်ဖိုး..."

"ဟင်...၊ ငါ့ဝယ်ခိုင်းလို့လား..."

"မဝယ်ခိုင်းပေမယ့် မင်းသုံးမှာပဲ ပေးရမယ်..."

"မပေးပါဘူး မင်းလက်ဆောင်လို့ သဘောထားလိုက်လေ..."

"ဘာကိစ္စနဲ့ မင်းကို ငါက လက်ဆောင်ပေးရမှာလဲ..."

"အောင်မာ... မင်းနဲ့ကြုံရာပါအဖြစ် သရုပ်ဆောင်ပေးပြီး အနစ်နာခံ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဘူးသယ်ပေးတဲ့အတွက်လေ…”

နန္ဒတစ်ယောက် ပီယဝါစာများကို ရေရွတ်ကာ အိတ်ဆွဲပြီး ထွက်သွားတော့သည်။ အပြင်ရောက်မှ လှမ်းအော်၏။

“ဟော့ကောင်… လာတော့” တဲ့…။

နောင်ရိုး အသာပြုံးနေမိတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ . . .
အရောင်တစ်မျိုးမျိုးတော့ ရှိမှာပဲ . . .
တချို့ ရလိုက်တဲ့အချစ်က အဖြူရောင်၊ ပန်းနုရောင်၊ မိုးပြာရောင်
တချို့ကျတော့လည်း အနက်ရောင် အနီရောင် ခရမ်းရောင်
တချို့ကျတော့လည်း အရောင်သတ်မှတ်ရခက်လောက်အောင်
စိတ္တဇဆန်လို့ . . .
တချို့ကျတော့လည်း ဝေခွဲရခက်လောက်အောင် . . .
အရောင်တွေက မှုန်ဝါးလို့ . . .
ဒါတွေအားလုံးဟာ ကံကြမ္မာနဲ့ သက်ဆိုင်တယ်ဆိုရင်
အဲဒီကံကြမ္မာက ဘာနဲ့ သက်ဆိုင်နေခဲ့ပါသလဲ . . .

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဘူး တစ်ယောက်တစ်ဘူးစီကိုင်ပြီး ရောက်လာသော နန္ဒနှင့် နောင်ရိုးကို ကြည့်ကာ ရွှေအဆင်းက ပြုံးသည်။ ဒေါ်စိမ်းသခင်ကတော့ ထုံးစံအတိုင်း မလှုပ်ချောက်ချက်နှင့် ငေးကြည့်နေ၏။ ဘာမဆို မနေတတ် လွန်းသော ပွင့်လင်းသော ရွှေအဆင်းကသာ မေးလိုက်မိသည်။

"ထမင်းဘူးတွေ ဘာတွေနဲ့..."

"အင်း ဒီကောင်လေ..."

နောင်ရိုးက နန္ဒကို လက်မနှင့် ညွှန်ပြသည်။

"သူချက်လာတာလား..."

ရွှေအဆင်းက မျက်လုံးအဝိုင်းသားလေးနှင့် မေး၏။

"ကြဲကြီးစည်ရာ သူ စီစဉ်လာတာလို့ ပြောတာ..."

နန္ဒကတော့ မိန့်မိန့်ကြီးပြုံးလို့...။ တရားခံ အလဟဿဖြစ်နေ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်သော နောင်ရိုးမှာသာ ရှင်းနေမိသည်။

"ဘယ်လိုစီစဉ်လာတာလဲ..."

"ထမင်းဘူးဝယ် ဆိုင်ပို့ ခု ပြန်ယူလာတာ ဒါပဲ..."

"ဒါဆို ဆိုင်ထမင်းဟင်းပဲပေါ့..."

"ဒါပေါ့..."

"ဘာတွေပါလဲ..."

ဒီတော့မှ နန္ဒ လှုပ်ရှားလာသည်။

"ဟင်းမတူအောင် ထည့်ခဲ့တယ်၊ ကျွန်တော်က ကြက်အသည်းအမြစ်မဆလာ၊ နောင်ရိုးကတော့ ကြက်သားနဲ့ပဲ..."

နန္ဒစကားကို ရွှေအဆင်းက ရယ်၏။ ရယ်စရာကိုး...။ မတူအောင် ထည့်လာသူက ကြက်အသည်းအမြစ်နှင့် ကြက်သားတဲ့...။ နောင်ရိုးကတော့...

"ဝက်တို့ အမဲတို့ ဆိုတာက စားလေ့ရှိတဲ့သူမှ စားတာ၊ အစားများတာက ကြက်ပဲ... သူတို့လည်း စားလို့ရအောင် ဒီနေ့တော့ အဆင်ပြေမယ်ထင်တဲ့ ကြက်ပဲ ရွေးရအောင်..."

"မင်းဟာက ငါတို့ စားရမှာလား သူတို့အတွက်လား နန္ဒ..."

"အားလုံးအတွက်ပေါ့..."

ဟု အခြေအတင်ဖြစ်ခဲ့ကြပုံကိုတော့ နန္ဒကို အားနာကာ ဆက်မပြောပြဖြစ်တော့။ ထမင်းဘူးကိစ္စပြီးတော့ သူတို့ စာကိစ္စဘက် ဆက်ကြသည်။ ဘဝမှာ ခုကျကာမှ စသင်ဖူးပြီး စိတ်ဝင်စားစရာကောင်းလွန်းသော Presentation ဆိုသည့် ဘာသာရပ်နှင့် ပတ်သက်၍ ဖြစ်သည်။

သင်သည့် ဆရာမလေး ဒေါ်ရူပါခိုင်က တကယ့်ကို ရှင်းလင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားအောင် သင်နိုင်စွမ်းသည်။ တက်တက်ကြွကြွနှင့် ထက်မြက်ပုံလည်း ရသည်။

"နောက် semaster ကျရင် တစ်ယောက်ကို ခေါင်းစဉ်တစ်ခု presentation လုပ်ရမယ်... တဲ့..."

ရွှေအဆင်းက ဆရာမပြောထားတာကို သတိတရပြော၏။ စိမ်းက နှာခေါင်းလေးရှုံ့ကာ ရယ်ရင်း ညည်းသလို ပြောသည်၊

"စိမ်းတော့ ခု မစဉ်းစားသေးဘူး၊ စိမ်းက လူကြောက်တယ်၊ eye contact လည်း ရမှာ မဟုတ်ဘူး၊ မလှုပ်ကလည်း မလှုပ်ရဲတော့ Body Language ကလည်း သုညပဲနေမှာ၊ အမလေး... တွေးကြည့်တာနဲ့တင် ရင်တုန်တယ်၊ ခုလောလောဆယ် စာပဲသင်နေတာ ကောင်းပါတယ်၊ နောက်မှ စဉ်းစားမယ်..."

စိမ်းစကားကြောင့် နောင်ရိုးက အားပေးစကားပြောသည်။

"ဩော်... စိမ်းကလဲ၊ လူရှေ့ထွက်ရပ်ပြီး တစ်ခုခုပြောရမှာတော့ အားလုံးက ကြောက်တာပဲပေါ့...၊ နောက် ဖြစ်သွားမှာပါ..."

"ထင်ရတာပါပဲ..."

စိမ်းက လေသံပျော့နှင့် ဆို၏။ နန္ဒကတော့ ရွှေအဆင်းကို ကြည့်ကာ မေးသည်။

"ရွှေအဆင်းကရော လူကြောက်လား..."

"လူမကြောက်ပါဘူး... ဒါပေမယ့် အဲလို ရှေ့ထွက်ပြောရမှာတော့ နည်းနည်းတုန်တယ်..."

"စစချင်းနေ့က ထွက်ပြီး မိတ်ဆက်တုန်းကတော့ အဆင်ပြေသား..."


www.burmeseclassic.com

www.burmeseclassic.com



"သြော်... ဒါက ကိုယ့်ကိုယ်ကို မိတ်ဆက်ရတာလေ၊ ကိုယ့်အကြောင်းကို သူငယ်ချင်းတွေကို ပြောပြနေသလိုထက် မပိုပါဘူး..."

ဟုတ်သည်။ ကျောင်းတက်ပြီး သိပ်မကြာမီမှာပင် ရွှေအဆင်းက ရှေ့ထွက်ကာ မိတ်ဆက်စကားပြောရသူ ကျောင်းသူ ကျောင်းသား ဆယ်လောက်ထဲမှာ ကံကောင်းစွာ ပါသွားဖူးသည်။ စိမ်းမှာတော့ ဒီလောက်လေးကိုပင် ကံမထူးတာ ကံကောင်းလေစွဟု တွေး၏။

"ဟော... ခေါင်းလောင်းထိုးပြီ သွားရအောင်"

ခေါင်းလောင်းသံကြောင့် နောင်ရိုးက စ,ထတော့ အားလုံး အတူထွက်လာခဲ့သည်။ အတန်းထဲမှာ နေရာရှိလျှင် သူတို့က လေးယောက်တန်းပြီး ထိုင်နေကျ။ အစကတော့ ရွှေအဆင်းနှင့် စိမ်းသခင်တို့က မိန်းကလေးပီပီ ရှေ့ဆုံးတန်းကို လုကြသေးသည်။ နောက်ကျတော့လည်း အဆင်ပြေရာနှင့် ပန်ကာအောက်သာ ရွေးဖြစ်ကြတော့၏။

ပထမဆုံးအချိန်နှစ်ချိန်က Listening...။ ခုထိ မတွေ့ဖူးသေးသောဆရာကို မျှော်ကြရသည်။ ထိုဆရာက အတော်အလုပ်များသလား။ နာတာရှည်ဖွိုင့်ပဲ ယူထားလား မသိ။ သူ့အချိန်ဆို အစပိုင်းမှာ ပါမောက္ခက ဝင်ပေးတတ်သည်။ နောက်တော့လည်း ပါမောက္ခက အလုပ်က များကများနှင့်။ မဝင်နိုင်တော့ ဆရာမငယ်လေးများ ရောက်လာတတ်သည်။

ဒီနေ့တော့ ဘယ်သူမှ ရောက်မလာသဖြင့် သူတို့အတန်းထဲမှာ စကားထိုင်ပြောနေကြသည်။ တချို့က ထွက်သွားကြပြီ။ အတန်းထဲမှာ လူပင် မရှိတော့။

ဒီအတန်း၏ ထူးခြားချက်က သင်မည့် ဆရာ ကျောင်းမှာ မရှိလျှင်သာ နေမည်။ ရှိလို့ကတော့ ငါးမိနစ်ကျော်တာနှင့် ဗွာနပေါ် တက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီးသား။ ထို့ကြောင့်လည်း ဘယ်ဆရာမမှ နောက်မကျတတ်ကြတော့။ ခုလိုအချိန်က လွဲလျှင်ပေါ့…။

"ကဲပါ… ထိုင်နေမယ့်အတူ paragraph writing တွေ ဦးသာထူးဆီ သွားတင်ရအောင်…"

"ကောင်းသားပဲ…"

နောင်ရိုးက ထိုသို့ပြောတော့ စိမ်းက ထောက်ခံသည်။ ရွှေအဆင်းကလည်း 'ဟုတ်တယ်' ဟု ဆိုကာ စာရွက်တွေ ရှာနေသည်။ မလှုပ်တာကနန္ဒ…။

"ငါပဲ သွားတင်မယ်လေ နေခဲ့…"

နောင်ရိုးက ထိုသို့ပြောတော့ ရွှေအဆင်းက ခေါင်းခါသည်။

"ဟင့်အင်း… ကျွန်မလိုက်မယ်…"

"ကဲ… လိုက်ချင်လည်း လိုက်… နန္ဒ စာရွက်တွေပေးလေ…"

"ဟင့်အင်း ငါ နောက်မှ တင်တော့မယ်…"

နန္ဒက ခေါင်းအသာခါယမ်းကာ ခပ်တည်တည်ငြင်း၏။

"ဘာလို့လဲဟင်… မပြီးသေးဘူးလား…"

စိမ်းက စိုးရိမ်သလို ဝင်မေးတော့ နန္ဒ အဖြေရကြပ်စွာ ခေါင်းခါသည်။

"မဟုတ်ပါဘူး မေ့ကျန်ခဲ့တာ…"

"ရော်… ဖြစ်ရလေ…"

ရွှေအဆင်းက ဒီမျှသာ ရေရွတ်ကာ ထွက်သွားသဖြင့် နောင်ရိုးလိုက်ရတော့သည်။ ကျောင်းမလာခင် ပလတ်စတစ်ဖိုင်လေးနှင့် သေချာထည့်ပြီး လွယ်အိတ်ထဲ ထည့်လိုက်တာ ကိုယ်တိုင် တွေ့လိုက်ရသားနှင့်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒတစ်ယောက် သူ့စာပိုဒ်များကို ခုမှ လမ်းမှာ ရွှေအဆင်း ယူဖတ်မှာ စိုးရိမ်သွားပုံ ရသည်။ ခပ်တည်တည် ငြင်းနေသည်။ နောင်ရိုးက သိနေတော့ ရယ်ချင်နေသော်လည်း ထိန်းထားရသည်။

ဟုတ်တာပဲ…။ ခုနေ The colour of love is gold ဆိုတာများ ရွှေအဆင်း တွေ့သွားခဲ့လျှင် မိတ်ပျက်ပြီ။ မုန်းလောက်ပြီ…။ ဒီတော့… ခု နန္ဒ၏ လုပ်ရပ်ကို နောင်ရိုးတစ်ယောက် အပြည့်အဝထောက်ခံပေးသည်။

ဆရာဦးသာထူးကတော့ ထုံးစံအတိုင်း ပြုံးပြုံး ပြုံးပြုံးနှင့် assignments ကို လက်ခံရှာသည်။ သူ့တပည့်တွေက ဘယ်လောက်တော်ပြီး ဘယ်လောက်ခံစားတတ်ကာ ထိုခံစားမှုကြီးနှင့် ရေးသားထားသည့် စာပိုဒ်များကို ဖတ်ရလျှင် ဆရာ အတော်ကြေကွဲခံစားရပေလိမ့်မည်။ ခဏနေလျှင် နန္ဒလာမှာကို နောင်ရိုး ကြိုသိနေသည်ကိုး။

နန္ဒကတော့ ဒီဂရီ အတော်မြင့်နေပြီမို့ နေ ခေါင်းပေါ်တည့်တည့် ရောက်နေသူပမာ ဖြစ်နေပေပြီ။ သူကတော့ ထိုအပူများကို ရွှေရောင်အလင်းတန်းများ ဝင်ကာ စိတ်ကူးနှင့် ရူးနေမလား မပြောတတ်တော့။ ထင်ထားသည့်အတိုင်း နောင်ရိုးတို့ ပြန်မရောက်မီမှာပင် နန္ဒ လစ်ထွက်သွားခဲ့ပြီ။ အတန်းပြန်ရောက်တော့ စိမ်းက တစ်ယောက်တည်း။

"စိမ်း… နန္ဒကော…"

ရွှေအဆင်းက မေးတော့ စိမ်း ခေါင်းခါသည်။

"မသိဘူး… ခဏ ဆိုပြီး ထွက်သွားတာပဲ၊ ထမင်းဘူးထားခဲ့တယ်…"

"အရေးပေါ် ထင်ပါရဲ့…"



www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်းက ပြုံးစိစိနှင့် နောက်သည်။ အရေးပေါ်ကိစ္စကို လွယ်အိတ်တော့ ယူမသွားလောက်ဟု နောင်ရိုးက တွေးပြီးသား။ ထင်သည့်အတိုင်း ခဏနေတော့ နန္ဒ ပြန်ရောက်လာသည်။ assignment တင်တာလည်း ဘယ်လိုမှ နောက်ကျမခံနိုင်တာက နန္ဒအကျင့်လေ။ ဒါကို နောင်ရိုးက သိသိကြီးနှင့် မေးလိုက်သည်။

"မင်းက ဘယ်ပျောက်သွားတာလဲ"

နန္ဒကလည်း ခပ်တည်တည်ဖြေ၏။

"ဒေါ်ခင်ရွှေဦးဆီ သွားတာ Grammer တစ်ခု သွားမေးတာ..."

ဟုတ် မဟုတ် ဘယ်သူကမှ ဒေါ်ခင်ရွှေဦးထံ ပြေးမေးကြမှာမှ ဟုတ်တဲ...။ ကံက ဆိုးချင်တော့ စိမ်းသခင်က မေးခွန်းထုတ်သည်။

"ဘာ Grammar လဲဟင်..." တဲ့။

"တခြားကဟာပါ ကျောင်းစာမဟုတ်ဘူး..."

ပညာရှိ နန္ဒက ပိတ်ဖြေလိုက်မှ စိမ်း ဘာမှ ဆက်မမေးတော့။

နေ့လည် ထမင်းစားကြတော့ လေးယောက်အတူတူ Hall 1 ထဲ ...ထိုင်စားဖြစ်ကြသည်။ နန္ဒထည့်ပေးသော အသည်းအမြစ်ကို ရွှေအဆင်း... ကလီစာမစားဟု ဆိုကာ ငြင်းပြီး နောင်ရိုးထံမှ အသားကို ယူစား...သည်။ နန္ဒနှင့် ဟင်းချင်းတူပြီး နန္ဒကိုရော ရွှေအဆင်းကိုပါ ပေး၍ မရ...သော စိမ်းက နောင်ရိုးထဲ အသည်းတစ်တုံး လာထည့်ပေး၏။ နောင်ရိုးက ...ာ့ ကလီစာ မစားသူ မဟုတ်၍ မငြင်းမိ။ သို့တိုင်လျက် ရွှေအဆင်းထံမှ ...မှ ရောက်မလာသောကြောင့် အောင့်သက်သက်ဖြစ်နေသူ နန္ဒကိုတော့ ...ကြ၍ ရယ်မောမိသည်။ နောင်ရိုးတစ်ယောက်ကလည်း ဘယ်လိုလေးမှ ...လှုပ်ရှားရှားမရှိဘဲ ငြိမ်သက်လွန်းသော၊ အရာရာကို ပတ္တရား ကျော့ရဲ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေသည်ဟု ခံစားရသော စိမ်းကိုတော့ မချင့်မရဲဖြစ်မိတာ အမှန်။

ပြုပြင်လို့ရမည်ဆိုလျှင်တောင် စိမ်းကို ဒီအတိုင်းလေးပဲ ရှိနေစေချင်တာ မှန်သော်လည်း ရှင်ရှင်လန်းလန်းလေးတော့ ရှိစေချင်မိသည်။ ခုတော့ စိမ်း ဘာတွေဖြစ်နေသည် ဆိုတာကို နောက်မှ ရွှေအဆင်းကို အသာကပ်မေးတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရင်း နောင်ရိုးပါ အေးခဲသွားမလို ဖြစ်သွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



❒

ကံက ကြုံချင်လွန်းတော့ ကျောင်းပိတ်ရက် အပြင်ထွက် ထမင်းစားစဉ် ရွှေအဆင်းကို တွေ့လိုက်ရသည်။ နန္ဒကတော့ မှီရသူပမာ။

"ဘယ်လဲ ရွှေအဆင်း..."

"ဒီနားက မိတ်ဆွေတစ်ယောက်ဆီ ဖေဖေခိုင်းတဲ့ကိစ္စနဲ့ လာတာ"

"ဪ..."

"ရှင်တို့က ဘယ်လဲ..."

"ထမင်းစားဖို့ ထွက်လာတာ..."

"အတော်ပဲပေါ့... ကျွေးမယ် မဟုတ်လား..."

"ဟာ... ကျွေးတာပေါ့..."

ဒါမျိုးကျ ကိုရွှေနန္ဒတို့က အားတက်သရောဖြေသည်။ ရွှေအဆင်း



www.burmeseclassic.com

www.burmeseclassic.com



က သူမကားရှိရာသို့ လျှောက်သွားရင်း ပြန်မေး၏။

"ကျွန်မစားချင်တဲ့နေရာမှာ ကျွေးမှာလား..."

"ဟာ ရပါတယ်..."

လိုအပ်နေသော နောင်ရိုးနှင့် ဘာကိုမှ မမြင်တော့သော နန္ဒတို့ သံပြိုင်ဖြေမိကြသည်။

"လာလေ ကားနဲ့ ကျွန်မ မောင်းပို့မယ် ရှင်တို့က ကျွေး..."

"ရပါတယ်..."

ဒီမိန်းကလေး ပြတ်သားပွင့်လင်းပုံက မခံစားတတ်လျှင် ပြဿနာ။ သူမက ကားစိုက်မည် နောင်ရိုးတို့က ငွေစိုက်ပြီးကျွေး ဆိုသော ပုံစံမျိုး။ သုံးဦးသုံးဖလှယ် ရှယ်ယာခွဲကြလျှင် ထမင်းဖိုးကို နောင်ရိုးနှင့် နန္ဒက ကျခံပြီး ကားခက သူမကျခံသည့်အတွက် နောင်ရိုးတို့ကျွေးတာ လိုက်စားတာ မဟုတ်ဟုလည်း ပြောလို့ရနိုင်သည် မဟုတ်လား။

သူမ မောင်းနှင်ခေါ်ဆောင်သွားသည်က နောင်ရိုးတို့ တွေးထင်ထားသလို ခမ်းခမ်းနားနားထမင်းဆိုင် မဟုတ်။ ရန်ကုန်တက္ကသိုလ်ဝင်းထဲမှ တောင်ငူကင်တင်းသို့ ဖြစ်သည်။

"ဒီမှာ စားမှာလား..."

"အင်းပေါ့... ရှင်တို့ ဆိုင်ထမင်းဟင်းတွေနဲ့ အပြောင်းအလဲဖြစ်အောင်လေ ဒီမှာ တရုတ်ထမင်းဟင်း စားမယ်... စံချိန်မီ မဟုတ်ပေမယ့် ကျွန်မကတော့ ကြိုက်တယ်၊ ဘာလို့ကြိုက်တာလဲ မမေးနဲ့ ဖြေစရာမရှိဘူး..."

သူမက စကားအဆုံးမှာ ကားကို စက်သပ်ကာ ဆင်းလိုက်သဖြင့် နောင်ရိုးတို့ပါ လိုက်ဆင်းလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကုန်းဘောင်ကြော်တစ်ပွဲ ကြက်နဲ့... ကန်စွန်းပလိန်း တစ်ပွဲ... ခရမ်းချဉ်သီးသုပ် တစ်ပွဲ... ရှင်တို့ကော..."

"ကြက်ဥမွှေကြော်နဲ့ တောက်တောက်ကြော် ထပ်ပေး... အားလုံး ထမင်းသုံးပွဲ..."

နန္ဒက ထပ်ဖြည့်မှာကာ ထမင်းပါ မှာလိုက်သည်။ သူတို့ ဟင်းစောင့်ရင်း စကားပြောဖြစ်ကြသည်။

"ကျောင်းပိတ်ရက်ဆို ရှင်တို့ အိမ်မပြန်ဘူးလား..."

"ဟင့်အင်း မပြန်ဘူး..."

နန္ဒက ခေါင်းခါကာ ပြောသလို နောင်ရိုးကလည်း...

"မနက်က မေမေလာတယ်..." ဟု ဖြေလိုက်သည်။

"အဆောင်မှာ ဘာလုပ်နေကြလဲဟင်..."

"ကျွန်တော်က စာဖတ်တယ်၊ ကျောင်းစာ မရှိရင်ပေါ့၊ နောင်ရိုးက သီချင်းရေးတယ် ဂစ်တာတီးတယ်..."

နန္ဒအဖြေကြောင့် ရွှေအဆင်း၏ ဝင်းလက်သော အကြည့်များက နောင်ရိုးထံ ဝဲပျံ ရောက်ရှိသွားသည်။

"နောင်ရိုးက အဆိုတော်ဖြစ်ချင်တာလား..."

"ဆိုပါတော့ ကိုယ်တိုင်ရေး တီးတဲ့ အဆိုတော် ဖြစ်ချင်တာ..."

"ကောင်းတယ်... ကျွန်မ အားပေးတယ်..."

"ရွှေအဆင်းကရော... ကျောင်းပိတ်ရင် ဘာလုပ်လဲ..."

နန္ဒက ဝင်မေး၏။

"ကျွန်မက စနေဆို ရုံးတက်ရတယ် ဖေဖေ့ရုံးမှာပဲလေ၊ တနင်္ဂနွေဆိုရင် လက်ကျန်အလုပ်တွေရှိရင် ဖြတ်တယ်၊ မဖြတ်ရင်တော့ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နားရတယ်၊ အဲဒီအခါကျ စာကြည့်လိုက်… လုပ်ချင်ရာ လုပ်လိုက်ပေါ့…”

“ရွှေအဆင်းက အလုပ်တစ်ဖက်နဲ့ပေါ့…”

“ဒါပေါ့… ဒါပေမယ့် သက်သာပါတယ်၊ ဖေဖေကိုယ်တိုင်က ဒီအတန်းကို တက်စေချင်နေတာလေ…”

“သြော်…”

ဟင်းတွေရောက်လာတော့ သူတို့က ထမင်းစ, စားကြသည်။ နန္ဒက သူ့အကြံအစည်ကို စတင်တော့၏။

“ရွှေအဆင်းက ခြေလေးချောင်းကော စားရဲ့လား…”

“စားပါတယ် ဒါပေမယ့် အမဲသားတော့ လိုအပ်မှ စားတယ်၊ စားလေ့မရှိဘူး…”

“ဝက်သားတော့ စားတယ်ပေါ့…”

“ဟုတ်တယ်… ဒါပေမယ့် ကျွန်မက ငါးပုစွန် ပိုကြိုက်တယ်…”

“ကျွန်တော်ရောပဲ…”

နန္ဒက ယောကျ်ားလေးထဲမှာတော့ ထူးခြားသူဟု ခေါ်ရမလား မသိ။ နှောင်ရိုး လုံးဝမစားသော ငါးများကိုပင် သူစားသည်။ ငါးပြေမ၊ ငါးသလဲထိုး၊ ငါးခူတွေအပြင် ငါးခေါင်းလည်း စားသည်။ ဒီတစ်ခါတော့ နန္ဒတစ်ယောက် ရွှေအဆင်းနှင့် အကြိုက်တူသွားတာမို့ ပီတိတွေဖြာကျသွားတာ ထိန်းမရ သိမ်းမရနှင့် နှောင်ရိုး မြင်နေရသည်။ ခက်တာက ဟိုက ‘ရှင် ငါးကြိုက်ရင် ကျွန်မ ယူခဲ့ပေးမယ်လေ…” ဟု တစ်ခွန်းမှ ပြောဖော်မရ။

“သြော်… ဒါနဲ့…”

နှောင်ရိုးက ကိုယ့်အလှည့်ဟု သတ်မှတ်ကာ စကားကို ဖြတ်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချိန်တွင် နန္ဒက သူ့ကို တစ်ချက်ကြည့်၏။ မသိချင်ယောင်ဆောင် လိုက်ရင်း ကိုယ့်စကားကိုယ် ဆက်ရသည်။

"ရှင်..."

"စိမ်းတစ်ယောက် ဘယ်မှာနေတာလဲ မသိဘူး..."

"မင်္ဂလာဒုံနားမှာ... တဲ့ ကျွန်မ မရောက်ဖူးဘူး..."

ရွှေအဆင်းက နောင်ရိုး၏မေးခွန်းကို တစ်ချက်အံ့သြသလို ကြည့်ပြီးမှ ဘာမှမဖြစ်သလို ဖြေသည်။

"သူက အရမ်းမလှုပ်တလှုပ်နဲ့နော် ဘာလို့ အဲလိုဖြစ်နေတာလဲ မသိဘူး..."

ရွှေအဆင်းက ခေါင်းညိတ်ထောက်ခံ၏။

"ဟုတ်တယ်... ကျွန်မအထင်တော့ သူ အဲလိုဖြစ်နေတာ သူ့မိဘတွေကြောင့်လို့ ထင်တာပဲ..."

"အဲ..."

နောင်ရိုး ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရသည်။ ရွှေအဆင်းက စကားကို ဆက်၏။

"စိမ်းအမေကို စိမ်းလိုလူကတောင် ရေခဲပန်းပုရုပ်တုလို့ ခေါ်တာလေ၊ အဲဒီတော့ စဉ်းစားသာကြည့်တော့..."

နန္ဒနှင့် နောင်ရိုး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ တအံ့တသြဖြစ်သွားကြရသည်။ 'သူကများ...' ဟု မရေရွတ်မိနိုင်လောက်အောင်ပင်။ ပြီးမှ နောင်ရိုး ပြန်မေးရ၏။

"သူတို့မိသားစုက ကွဲနေလို့လား..."

"မကွဲဘူး ကွဲနေတာကမှ တော်ဦးမှာ၊ ခုဟာက မကွဲဘဲ အဝ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီး အဲလိုအေးစက်နေလို့ ပိုဆိုးတာ...''

"အမေနဲ့ သမီးက အဲလိုဖြစ်မှတော့ အဖေနဲ့ အမေကကော..."

နန္ဒပါ စိတ်ဝင်စားလာပြီး မေးသည်။

"ပိုဆိုးမှာပေါ့ နန္ဒရဲ့... စိမ်းအဖေက ညဆို ညဥ့်နက်မှ ပြန်လာပြီး တစ်ခါတလေလည်း ရုံးမှာပဲ အိပ်တတ်တာတဲ့..."

"ဪ..."

"ကြည့်ရတာ သူ့အမေ အဲလို အေးစက်သွားတာလည်း အဖေကြောင့် ထင်တယ်..."

နောင်ရိုးက ထိုသို့ မှတ်ချက်ချတော့ ရွှေအဆင်းက ခေါင်းခါ၏။

"သေချာ မသိရသေးပေမယ့် အဲလိုကြီးတော့ တစ်ထစ်ချပြောလို့ မရပြန်ဘူး၊ သူ့ကိုယ်၌က တစ်ခုခု လွဲချော်သွားမှန်း သိလိုက်ရတာမျိုးလည်း ဖြစ်နိုင်တာပဲ၊ အင်း... ဒါပေမယ့် အဲဒီလွဲချော်မှုက သူ့အဖေနဲ့ ပတ် သက်နေဖို့ ရာခိုင်နှုန်းတော့ များတာပေါ့..."

ရွှေအဆင်းက သူမကိုယ်သူမ ပညာရှင်ကြီးလို တွေးခေါ်ပြောဆိုနေပုံကို ကြည့်ကာ နောင်ရိုးက ရယ်ချင်မိသော်လည်း ဒါကိုပင် မင်သက်နေမိသူက နန္ဒ...။

"ကျွန်တော်တို့က ဒီကျောင်းရောက်မှ တွေ့ကြပေမယ့် ဒီလေးယောက်က သံယောဇဉ်ရှိကြတယ်လို့ ယုံလို့ ကျွန်တော်မေးတာပါ..."

"ရပါတယ် နောင်ရိုးရဲ့၊ ကျွန်မထင်တာကတော့ စိမ်းက lonely ဖြစ်ရင်း ဖြစ်ရင်းက အသားသေပြီး ငြိမ်သက်သွားတာလို့လေ... သူ ကျွန်မနဲ့တော့ ဖုန်းပြောတတ်တယ်၊ ရှင်အားရင် ဖုန်းဆက်... အဲ... အဆောင်ဖုန်းဆိုတော့ ဘယ်လွယ်မလဲနော်..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာသူပြော သူ့ဘာသာသူ ကောက်ချက်တွေ ချနေပေမယ့် မှန်နေတာမို့ မပြောသာ။ နောင်ရိုး စိတ်ကူးထဲတော့ ဖုန်းတစ်လုံး အရေး ပေါ်လိုအပ်လာသလို မခံစားရတာတော့ အမှန်။ လူက အမိကပဲမဟုတ် လား။ ကျောင်းမှာ တစ်ပတ်ငါးရက် တွေ့ကြမှာပဲ။ ပြီးတော့ ကိုယ့်ကိုယ် ကိုယ်လည်း နန္ဒလို တစ်ထစ်ချသေချာကြောင်း ပိုင်ပိုင်နိုင်နိုင်ကြီး ပြောချ နိုင်အောင် ကြိုးစားရဦးမည်ဟု နောင်ရိုး တွေးသည်။

"နောက်တစ်ပတ်ကျ ကျွန်တော်တို့ တိတ်တိတ်ကလေး စိမ်းဆီ သွားလည်ရအောင် ဘာမှ ကြိုမပြောဘဲနဲ့လေ..."

"ကောင်းတယ်... ကောင်းတယ်... နောင်ရိုး ဒါမှ သူ တအံ့တသြနဲ့ ပျော်သွားမှာ..."

နောင်ရိုးနှင့် ရွှေအဆင်း အပေးအယူတည့်နေသည်ကို နန္ဒက တစ် ချက် စူးစူးကြည့်၏။ နောင်ရိုး မသိသလို နေပေးလိုက်သည်။ သူ့အကြည့် တွေကိုသာ အခါခပ်သိမ်း တုံ့ပြန်နေရလျှင် နောင်ရိုး ဘာမှလုပ်လို့ ရမှာ မဟုတ်။

အဆောင်ပြန်ရောက်တော့မှ နန္ဒ၏စကားနာများကို နာခံရတော့ သည်။

"မင်းဟာက အပေးအယူတည့်နေလိုက်တာ ဟုတ်ကော ဟုတ်ရဲ့ လား..."

"ဟ... ငါ့ကိစ္စ ငါလုပ်နေတာလေ နန္ဒရဲ့..."

"မင်းကိစ္စကလဲ..."

"ငါ့ကိစ္စက စိမ်း... စိမ်းက ရွှေအဆင်းနဲ့ ပတ်သက်နေတော့ ဘာ တတ်နိုင်မှာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါက မျက်စိစူး နားစူးတယ်..."

သေလိုက်ဟု ပြောရအောင်ကလည်း နောင်ရိုးက မိန်းကလေးမဟုတ်။ လက်သီးကို ခပ်ကြီးကြီးဆုပ်ပြီး မျက်ခွက်တည့်တည့် ပြေးထိုးမှ ဖြစ်တော့မည်။ ဒါမှ အမြင်ကော အကြားကော မစူးနိုင်တော့မှာလေ။ အတွေးနှင့် ငြိမ်နေမိပြန်တော့လည်း တစ်မှောင့်။

"မင်း ဘာတွေကြံစည်နေပြန်တာလဲ..."တဲ့။

ကံကောင်းထောက်မစွာ မန်နေဂျာကြီး အခန်းထဲ ဝင်လာလို့သာပေါ့။ မဟုတ်လို့က...။ မဟုတ်လို့က နောင်ရိုး ထွက်သွားဖို့ပဲ ရှိတော့သည်လေ။ လူမှုရေးသိတာထက် တစ်နေ့ ကိုယ်လည်း သူ့လို မဖြစ်ဟု မပြောနိုင်၍ ဝဋ်ကို ကြောက်သောကြောင့်သာ ဖြစ်သည်လေ။

❒



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို အရောင်ပြောင်းကြည့်လို့ မရတာ သေချာတယ်...
သဘာဝတရားရဲ့ တည်မြဲမှုတွေနဲ့ အတူ...
သူ့ရဲ့အရောင်ကလည်း တည်မြဲ လင်းလက်နေမှာပဲ...
မသင်ကြားရဘဲ ရေးဆွဲတတ်မြောက်လာတဲ့ လက်တွေဆီက...
ပန်းချီကားချပ်တွေရဲ့ မနက်ဖြန်ဟာ...
ဘာအရောင်ပါလိမ့်...



www.burmeseclassic.com

www.burmeseclassic.com



မနေ့က တစ်နေ့လုံး ဖေဖေ့အတွင်းရေးတွေနှင့် မူးနေခဲ့သော ရွှေ အဆင်းတစ်ယောက် ကျောင်းပင် မတက်နိုင်ခဲ့။ ကိုယ်တိုင်က ဒီတစ်ရက် ပါဟု အားတင်းကာ ဆုံးဖြတ်လိုက်မှ အလုပ်တွေကို လက်စသပ်နိုင်တော့ သည်။

"မူးနေပြီ မေ..."

အိမ်ပြန်ရောက်တော့ အမေကို ကပ်ချွဲကာ အဖေကို ချောက်တွန်းဖို့ ကြံရသည်။

"ဘာဖြစ်လာတာလဲ သမီး..."

"ဖေဖေလေ... သမီးကို မတရားခိုင်းတာ... ဒီနေ့ ကျောင်းတောင် မတက်ရဘူး...။

"ဟဲ့... နေ မရှိဘူးလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မိုးရွာတယ်လေ မေမေ..."

အရေးထဲ ဖြတ်နှောက်နိုင်သော ရွှေအဆင်းကို မေမေက 'နင်က တော့လေ...' ဟု ညည်း၏။ နေက ဝင်ဖြေရသည်။

"သား ဒီနေ့ ကျောင်းမှာ လက်တွေ့ရှိလို့ မေမေ..."

"ဪ ဖြစ်ရတယ်..."

"ဖြစ်မနေနဲ့ မေ... ဟိုမှာ မေ့သမီး အတွင်းရေးမှူးမ မေ့လဲတော့ မယ်..."

နေက ပြောမှ မေမေ ရွှေအဆင်းကို တွဲခေါ်သွားသည်။ ဂလူးကို့(စ်) နှင့် ဖျော်ထားသော သံပရာရည်ကို တိုက်သည်။

"သောက်ပြီး ခဏနားလိုက်ဦး..."

"ဟုတ်..."

ခုမှပင် တကယ့်ကို ကြယ်တွေကော ဥက္ကာပျံတွေကော မြင်ရသလို ခံစားရလာတာမို့ မျက်စိကို စုံမှိတ်ထားလိုက်ရသည်။ အိပ်လို့ကတော့ မပျော်။

ခဏနေကျတော့ ဖုန်းသံ မြည်လာတာ ကြားရ၏။ ကိုင်သူက နေ...။ မေမေက အခန်းတံခါးဖွင့်ထားခဲ့သည်မို့ ဧည့်ခန်းနှင့် ကပ်လျက် ဖြစ်နေသည့် ရွှေအဆင်းအခန်းမှ အကုန်ကြားရသည်။

"မလတ်လား မူးလို့ အိပ်နေတယ်ထင်တယ်..."

"x x x x x x x"

"မဟုတ်ဘူး ဒီနေ့ အလုပ်ရှိတာနဲ့ မတက်တာ၊ ခု ပင်ပန်းပြီး လဲနေပြီလေ..."

"x x x x x x x"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်... မလတ်နိုးရင် ပြန်ဆက်ခိုင်းမယ်လေ၊ ဘယ်သူလို့ ပြောရမလဲ..."

အံ့မယ်... အစ်မဖြစ်သူကို စေတနာနှင့် မခေါ်ပေးတာလား။ နာမည် မေးဖို့ အကွက်ရှာတာလား မသိ။ ရွှေအဆင်း မထနိုင် ဖြစ်နေရသည့်ထဲမှ နှာခေါင်းရှုံ့လိုက်မိသေး၏။ ခဏနေတော့ ဖုန်းချကာ အခန်းထဲ ဝင်လာသည်။ တမင်အိပ်ချင်ယောင် ဆောင်နေလိုက်သည်။ သို့သော် နေက ခုတင်ဘေး အသာဝင်ထိုင်၏။ ဘာမှ သူနှင့် ပြောစရာမရှိ။ ပြီးမှ ကိုယ့်ဘာသာကို စိမ်းဆီ ပြန်ဆက်လိုက်ရုံသာ။ သို့သော် ကိုရွှေမိချောင်းသားလေး နေလမင်းက မလတ်... မလတ်နှင့် လာနှိုးတော့သည်။

"ဘာလဲဟာ..."

မတတ်သာသည့်အဆုံး ထ,ရတော့သည်။

"မေးစရာရှိတယ်..."

"ကျွတ် စိတ်ပျက်လိုက်တာ၊ ငါမူးနေတယ်လေ စိမ်းအကြောင်းက နောက်မှမေး..."

နေက ခပ်လျှောင်လျှောင် တစ်ချက်ရယ်၏။

"အစကတည်းက မလတ်ကို နေက ပွင့်လင်းဖို့ လမ်းဖွင့်ပေးပါတယ်၊ စိမ်းတွေ ဘာတွေ လုပ်စရာ မလိုပါဘူးလို့၊ ခုလို ဘွားခနဲပေါ်တော့ ကောင်းလား..."

နေ့စကားကြောင့် ရွှေအဆင်း မျက်လုံးတွေ ချက်ချင်းပွင့်လာသည်။

"ဘာပြောတယ် နေ... ဘာပြောတယ်..."

"ဟော... တွေ့လား တုန်လှုပ်သွားပြီ၊ အဲလို ဒိုင်လျှိုလိုက်တာ ရွှေအဆင်းမှ မဟုတ်တာ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆိုတာ ဟုတ်ပါတယ်၊ ငါ ဘာမှ ဒိုင်မလျှိုပါဘူး"

"ဒါဆို နန္ဒမြတ်သူ ဆိုတာ ယောက်ဖတော်ရန် အဆိုပြုလွှာ တင်သွင်းသူထဲ မပါဘူးပေါ့..."

"မပါ... အဲ... ဘာ... နန္ဒ ဟုတ်လား..."

"အင်းလေ..."

"စိမ်း မဟုတ်ဘူး..."

"နန္ဒစိမ်းတဲ့..."

နေက ရွဲ့ကာပြော၏။

ရွှေအဆင်းကတော့ ခေါင်းမူးတာ ပြေမလို ဖြစ်သွားပြီးကာမှ ခေါင်းပြန်ကိုက်ချင်သွားရသည်။ နန္ဒက သူမဆီ တကူးတက ဖုန်းဆက်သည် တဲ့လား။ ဘာကြီးလဲ...။

"ဘာကြီးလဲ..."

စိတ်ထဲမှာတင်မက အသံပါ ထွက်ညည်းမိ၍ နေက ပခုံးတွန့်သည်။ သူငယ်ချင်းချင်း ကျောင်းမတက်လို့ မေးတာက မေးလို့ ရပါသည်။ ခုဟာက သူနှင့် စာလျှင် နောင်ရိုးနှင့် တရင်းတနှီးရှိသေးသည်ဟု ခံစားရပါလျက် နန္ဒက ဖုန်းဆက်မေးသည်တဲ့။ ပြီးတော့ သူ့လိုလူမျိုးက အပြင်က ပိုက်ဆံပေးဆက်ရသော ဖုန်းနှင့် ရွှေအဆင်းဆီ တကူးတက ခေါ်သည် ဆိုတာက မသင်္ကာစရာ။

ဖုန်းက ထပ်မြည်လာပြန်သဖြင့် အပြင်ရှိ မကြီးက ကိုင်သည်။

"စိမ်းတဲ့ လတ်ရေ..."

"ဟော... ခုမှ တကယ်စိမ်းတာ..."

နေက ရယ်ရင်း မကြီးလက်ထဲမှ cordless ကို သွားယူပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို..."

အသံက အားဖျော့နေတော့ သေချာသည်။

"နေမကောင်းဘူးထင်တယ် ဟုတ်လား..."

"မဟုတ်ပါဘူး..."

"ဟင်... မဟုတ်ဘူးသာ ဆိုတယ် ရွှေအဆင်းအသံကလည်း အော်ရီရှုင်နယ်မှ မဟုတ်တာ..."

ခုတလော မရွှေစိမ်းတောင် အတော်လေး စကားတတ်လာသည်ဟု ခံစားလိုက်ရသည်။ အင်းလေ... မြုံထားရသောစကားလုံးတွေ သုံးခွင့်ရှိုးမှုပဲပေါ့...။

"နေမကောင်းတာက ညနေမှ မနက်ကတည်းက အလုပ်ရှုပ်နေ့တာလေ၊ ဒီနေ့ မောင်တော်က ကျောင်းမှာ လက်တွေ့ရှိသတဲ့၊ အဖေက ဒီနေ့ကျမှ အပွိုင့်မင့်တွေက များ၊ စာရင်း ◌်ရှမှာတွေက များနဲ့မို့ ကျွန်မ ဲနေပြီး လုပ်ကိုင်ပေးနေရလို့ ကျောင်းမတက်ရတာ..."

"အလုပ်တွေပိပြီး နေမကောင်းတာပေါ့..."

"ရက်(စ)..."

"ခေါ်လိုက်ရောပေါ့... စိမ်းပါ၊ လာကူမှာပေါ့... စိမ်းက အဲလို အလုပ်လုပ်ချင်တာ..."

"ဟင်... တကယ်..."

ရွှေအဆင်းပွင့် တအံ့တသြဖြစ်သွားရသည်။ စိမ်းလို မလှုပ်တလှုပ် လေးနှင့် ဘာကိုမှ စိတ်ဝင်စားပုံမရသူက အလုပ်လုပ်ချင်တယ်... တဲ့...။

"တကယ်ပေါ့... ပြီးတော့ ကျောင်းမှာ ရွှေအဆင်းမရှိတော့ ပျင်းရော... 'ကျွန်မ' 'ကျွန်မ' ဆိုတဲ့ အသံလေး မကြားရတော့ဘူးပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်…။ ပြောပုံက ယောကျ်ားလေးသာဆို ငိုချင်စရာ။ ခု မိန်းမချင်းမို့ တော်တော့သည်။ မိန်းမချင်းဆိုမှ စောစောက နန္ဒ ဖုန်းဆက်တာကို သွားသတိရမိသည်။ စိမ်းကို ပြောပြရမလားဟု တွေးနေရင်းက မေးမိ၏။

"ဒီနေ့ တခြားနှစ်ယောက်ကော ကျောင်းတက်လား…"

"တက်တယ် တက်တယ် နေ့လည် ထမင်းစားတော့တောင်မှ ရွှေအဆင်းမရှိလို့ ပြောနေသေးတာ…"

"ဘာတဲ့လဲ…"

"ဟင်းတစ်မျိုးလျော့တယ် တဲ့…"

"ဟွန်း… ဘယ်သူကလဲ…"

"နှောင်ရီးပေါ့… နန္ဒကတော့ နေမကောင်းလို့ ထင်တယ်လို့ ပြောနေတာ…"

"ဟုတ်လား…"

ဘာရယ်တော့ မဟုတ်။ ရွှေအဆင်းလည်း စိတ်ထဲမှာ ပြောချင်စိတ်မရှိတာမို့ နန္ဒ ဖုန်းဆက်တာကို မပြောပြလိုက်တော့။ သူတို့ အတော်ကြာ စကားတွေ လျှောက်ပြောနေကြသေးသည်။ ပြီးမှ…

"မနက်ဖြန် တက်မှာလား…"

"တက်မှာပေါ့ စိမ်းရဲ့…"

"ဒါဆို ကျောင်းကျမှ တွေ့မယ်လေ…"

"အိုကေ… ဘိုင့်ဘိုင့်…"

ရွှေအဆင်း ဖုန်းချလိုက်တော့ မေမေ ပြန်ဝင်လာသည်။

"သက်သာလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... သက်သာပါတယ်..."

"မေမေ့သမီး နန္ဒဆိုတဲ့ အသံ ကြားကတည်းက ဝေါက်ခနဲထထိုင်တော့တာ..."

နေက အပြင်က လှမ်းအော်ပြော၏။

"ဟဲ့... ဘယ်ကနန္ဒလဲ..."

"သူ့မေး ... မေမေ..."

မေမေက ရွှေအဆင်းကို ပြုံးစိစိကြည့်သည်။ တခြားအမေတွေလို မျက်နှာတင်း မျက်နှာထားနှင့် 'ဘယ်ကကောင်လဲ' ဟု ဆူလိမ့်မည်ဟု ထင်လျှင် မှားသွားမည်။ မေမေက အရမ်းကိုခေတ်မီ နားလည်သော အမေ

"အာ... ကျောင်းက သူငယ်ချင်းပါ မေမေ..."

"သမီးသူငယ်ချင်းက သမီးကို စိတ်ပူသွားပဲ..."

"အာ... မေမေကလဲ..."

"ဟင်... မေမေက ဘာပြောလို့လဲ... သူငယ်ချင်းချင်းကို..."

"အင်းလေ... မေကလည်း သူငယ်ချင်း ချင်းကို..."

"အင်းလေ... သူငယ်ချင်း ချင်းကို..."

"မေကလည်း သူငယ်ချင်းလို့ပဲ ပြောတာပါပဲ..."

အရေးထဲ စကားက ဝေါဟာရတစ်ခုတည်းနှင့် ကပ်ရှပ်နေသေးသည်။ ထိုစဉ်မှာပင် ကယ်တင်ရှင် မွေးသဖခင်က ပြန်ရောက်လာသဖြင့် စကားလုံးတွေ ရပ်တန့်သွားရသည်။ အားလုံး၏အာရုံက ဖေဖေဝယ်လာသော အသားကင်များဆီ ရောက်သွားကြကာ ရွှေအဆင်း၏ကိစ္စကို မေ့သွားကြသည်။

ရွှေအဆင်းကတော့ မမေ့နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို... နန္ဒဆက်တာမဟုတ်ဘဲ နောင်ရိုင်း ဆက်တာဆိုလျှင် သူမပျော်သွားမှာ သေချာသည်။ ခုတော့ နောင်ရိုး ဆက်ပြီး နန္ဒနာမည်ပြောခဲ့တာလေလားဟု စိတ်ကူးယဉ်ချင်နေမိသေးသည် မဟုတ်လား။ နောင်ရိုးလို အရာရာပွင့်လင်း သွက်လက်တက်ကြွသူက ရွှေအဆင်းကျောင်းမတက်တာကို စိတ်ဝင်တစား မရှိဘူးတဲ့လား။ ဘာလို့များ စိမ်းလို မအေးသော်လည်း စိမ်းလောက်နီးနီး ငြိမ်သက်သော နန္ဒက သူမဆီ ဖုန်းဆက်သတင်းမေးရတာတဲ့လဲ...။

စဉ်းစားလေ အဖြေမထွက်လေနှင့် ရင်ထဲ မောကြပ်လာခဲ့ရသည်။ ဘာတွေလဲ... ဘာတွေလဲကွယ်...။ လောကကြီးက ဘာတွေလဲ...။

❒



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က နေမကောင်းဘူးဆိုလို့ ကြက်သားပြုတ်ကျော် ထည့်လာတယ်..."

နန္ဒစကားကြောင့် ရွှေအဆင်းက မျက်လုံးတစ်ချက် ဝင့်အကြည့်မှာ နန္ဒအကြည့်က လွှဲသွားခဲ့ပြီ။ နောင်ရိုးကတော့ မျက်နှာပိုးသတ်ရင်းက ဝင်ပြောသည်။

"ကျွန်တော်တို့လည်း ဆရာဝန်က ကြက်ဥကျော်နဲ့ ပုစွန်နဲ့ စားဆိုတာနဲ့..."

"ဟင်... ဘာ... ဘာဖြစ်လို့လဲ... ဘယ်က ဆရာဝန်လဲ..."

စိမ်း တအံ့တသြဝင်မေး၏။ မေးချင်စရာကိုး။ နောင်ရိုးကဖြင့် အလတ်ကြီး ရှိနေတဲ့ဟာ...။ နပ်သော ရွှေအဆင်းက သိသိကြီးနှင့် ငြိမ်နေရတာ အခံရခက်စရာ...။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး ဆရာဝန်ကတော့ အတွင်းဆရာဝန်ပါ..."

"အတွင်းဆရာဝန်..."

ခပ်တည်တည်လုပ်နေသော နန္ဒနှင့် တုံးလွန်းသောစိမ်းကိုပဲ စိတ်တိုရမလား။ တမင်သက်သက်နောက်နေသော နောင်ရိုးကိုပဲ စိတ်တိုရတော့မလား မသိ။ နောင်ရိုးက ခပ်တည်တည်နှင့် ကြက်ဥကြော်တစ်လုံးကို ယူကာ ရွှေအဆင်း ထမင်းဘူးထဲ လှမ်းထည့်၏။

"စား... ဆရာဝန်ညွှန်ကြားချက်အရ စား..."

"နောင်ရိုး..."

ရွှေအဆင်း ခပ်တည်တည်နှင့် ခေါ်လိုက်တော့ နောင်ရိုးက 'ခင်ညာ' ဟု ညောင်နာနာထူးပြသည်။ ဒီတော့မှ အူလည်လည်ဖြစ်ဖို့ သတိရသော စိမ်းက မျက်စိလေးကလည်ကလည်နှင့် တစ်ယောက်စီကို လိုက်ကြည့်သည်။

နန္ဒဆိုသည့် ပုဂ္ဂိုလ်ကတော့ ခပ်တည်တည်နှင့် ဘာမှ မသိသလို ထမင်းစားနေသည်။ ယူလာသော ကြက်သားပြုတ်ကြော်ကို ရွှေအဆင်းထဲ ထည့်ပေးရုံက လွဲလို့ သူလည်း ဘာနှင့်စားနေမှန်း မသိ စားနေသည်။ ရွှေအဆင်းကတော့ ကြက်သားပြုတ်ကြော်တွေ ကြက်ဥကြော်တွေကို မကြည့်ချင်။ မနက်ကပဲ မေမေနှင့် စကားများပြီး ရန်ဖြစ်ရသေးသည်။ သူပြင်ဆင်ကျွေးသော ကြက်သားရိုးစ်နှင့် ကြက်ဥကြော်ကို မစား၍ ဖြစ်သည်။ ဒီကြက်တွေ တုပ်ကွေးဖြစ်မှာဖြင့် ဆက်ဖြစ်ပါတော့လားဟုလည်း စိတ်နာနာနှင့် တွေးမိသေး၏။

ထို့ကြောင့် နောင်ရိုးထံမှ ပုစွန်ကြော်ကိုသာ ယူစားပြီး ကျန်တာကို ဒီတိုင်းထားခဲ့လိုက်တော့သည်။ ဒီလိုကျ နန္ဒက မျက်နှာမကောင်း။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



သိသော်လည်း ဘာမှတော့ မတတ်နိုင်။ 'လောကကြီးကတော့ စတင်လွဲချော်နေပါပြီ' ဟု စိတ်ထဲ ကြိတ်မှတ်ချက်ချရုံက လွဲလို့ ရွှေအဆင်းလည်း ဘာများတတ်နိုင်မှာမို့လဲ။

စာသင်ကြပြန်တော့ ဆရာမ ဒေါ်ခင်ခင်ဝင်းက ကြက်သားအကြောင်းပြောပြန်သည်။ တစ်တန်းလုံးက ရယ်နေချိန်တွင် မရယ်နိုင်သူက ရွှေအဆင်း။ ဗမာကြက်ဆိုလျှင် ချက်လိုက်လျှင် အိုးထဲတွင် အရိုးချည်းတွေ့ရသလို ခံစားရပြီး CP ကြက်ကျပြန်တော့ အရေခွံထူထူနှင့် အဆီတစ်ထပ်၊ အသားတစ်ထပ်... ဆိုတာကြောင့် အိမ်ရှင်မ ပီသလွန်းသော ဆရာမကိုတော့ ချီးကျူးမိသည်။ ဒီကြားထဲက နေ့လည်က ကြက်သားပြုတ်ကြော်က ဘာကြက်နှင့် ချက်ထားတာလဲ မသိ... ဟု အူတူတူ မဆီမဆိုင် ဝင်ခေးလာသောစိမ်းကြောင့် ရွှေအဆင်း စိတ်ညစ်သည့်ကြားမှ ပြုံးမိသေးသည်။

နှစ်ခုံကျော်လောက်တွင် ထိုင်နေသော နောင်ရိုးကတော့ မသိမသာသွမ်းကြည့်ကာ ပြုံးနေ၏။ ဘာအဓိပ္ပာယ်လဲတော့ မသိ။ ရွှေအဆင်းစာကိုသာ ပြန်အာရုံစိုက်လိုက်တော့သည်။

"နန္ဒ"

လေသံနှင့် ကပ်ခေါ်သော နောင်ရိုးအသံကြောင့် အာရုံစူးနစ်ဟန်ဆောင်နေသော နန္ဒတစ်ယောက် မျက်လုံး အသာစွေကြည့်သည်။

"မင်း မနေ့ညနေက ဖုန်းဆက်ဦးမယ် ဆိုပြီး ထွက်သွားတယ်..."

"အင်း..."

"အိမ်ကို ဆက်တာလား..."

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်ကို သတိရတယ်နော်…"

ဒီတစ်ခွန်းမှာတော့ နန္ဒအကြည့်စူးများက နောင်ရိုးပေါ် ကျလာသည်။ နောင်ရိုးကလည်း ခပ်တည်တည်ပင်။ လူကသာ စကားပြောနေသည်။ အကြည့်က ရှေ့က စာသင်နေသည့် ဆရာမထံမှာ။ နန္ဒ လှည့်ကြည့်လာတာ မြင်သော်လည်း မမြင်ချင်ဟန်ဆောင်ပြီး ဆက်ပြောမိသည်။

"ငါတောင် အိမ်ကို မဆက်ဖြစ်တာ ကြာပြီ…"

"ဆက်ပေါ့…"

"ပျင်းစရာကြီး… အပြင်ကနေ ဆက်ရမှာ မဆက်ချင်ပါဘူး…"

"မဆက်ချင် ဘာလို့ ပြောနေသေးလဲ…"

"ဩော်… မင်းအိမ်ကို ဆက်တဲ့အခါ ငါ့အိမ်ကိုလည်း ဆက်ပေးဖို့ စကားကြုံ… အဲ… ဖုန်းကြုံ… ဟုတ်သေးပါဘူး… အကြုံပါးချင်လို့ ကွာ…"

"ဘာမှ မကြုံဘူး…"

နန္ဒက ဘုတောခ၏။

"အေးနော်… ဘာကြုံစရာရှိလဲ… ငါ့အိမ်နဲ့ မင်းအိမ်က တစ်အိမ်စီကို…"

နောင်ရိုးကလည်း ခပ်တည်တည်နှင့် လျှော့ချ၏။ နန္ဒမှာသာ ဘာမှန်းမသိဘဲ စိတ်ထဲ ခုလုခုလုနှင့်…။ ဆရာမ ထွက်သွားတော့မှ နောင်ရိုးကို အပြင် ဆွဲခေါ်ထုတ်သွား၏။

"ဟ… ဘာလဲ… ဘယ်လဲ…"

"အပြင်ကို… လာ လိုက်ခဲ့…"

နောင်ရိုး သိသိကြီးနှင့် ထလိုက်သွားလိုက်ပြီး မသိချင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကာ မေးရသည်။

"ဘာလဲ... ဘာလုပ်မလို့လဲ..."

"မင်း ဘာတွေမေးနေတာလဲ..."

"ဘာမေးလို့လဲ... ဘာမှ မမေးဘူး၊ ဟိုကောင် ဟန်မိုးဇော်ပဲ... ဆရာမကို ထ,ထမေးနေတာ၊ ဦးတိုင်းကျော်ရောပဲလေ... မေးတဲ့ထဲ ငါမှ မပါတာ..."

နောင်ရိုး တမင် အူတူတူလုပ်နေတော့ နန္ဒ စိတ်မရှည်ချင်တော့။

"မင်း ဝေ့မနေနဲ့ နောင်ရိုး"

ဝေ့နေတာက သူ...။ ဒါကိုများ နောင်ရိုးကို ဝေ့မနေနဲ့တဲ့...။

"တံငါနားနီး တံငါပေါ့... နန္ဒရယ်..."

သိပ်မတုံးသော နန္ဒက ချက်ချင်း သဘောပေါက်သည်။ မပေါက်လို့ ရ...။ ဒီကိစ္စက သူစ,လုပ်ခဲ့တဲ့ ကိစ္စလေ...။

"ဩော်... ဟုတ်တယ်... မနေ့ကညနေက ရွှေအဆင်းအိမ်ကို နန်းသွားဆက်တာ..."

နန္ဒ၏ဘောက်ဆတ်ဆတ်စကားကြောင့် နောင်ရိုး ရယ်ချင်သော်လည်း အောင့်ထားလိုက်သည်။

"ဒါဆို ဘာလို့ ဝေ့နေသေးလဲ..."

"မင်းကကော ဘာလို့ မေးနေသေးလဲ..."

"သံသယရှိလို့ မေးတာ..."

နောင်ရိုးစကားကြောင့် **နန္ဒက** မျက်မှောင်ကြုတ်လိုက်၏။

"ဘာ သံသယရှိတာလဲ..."

"မင်း မနက်က ဟင်းရွေးကတည်းက မူမမှန်တာ၊ မနေ့က ရွှေ



www.burmeseclassic.com

www.burmeseclassic.com



အဆင်း နေမကောင်းဘူးလို့ မင်းကို ဘယ်သူက ပြောလဲ…"

"ဘယ်သူမှ မပြောဘူး… သူ့အိမ်ကလည်း ပင်ပန်းနေတယ်ပဲ ပြောတာ…"

"ဒါနဲ့ပဲ မင်းက ဘာတွေလုပ်တာလဲ…"

"ပင်ပန်းပြီး လဲနေပြီဆိုလို့ အားရှိအောင်…"

နန္ဒကို• လှမ်းကြည့်တော့ မျက်နှာထားက ခပ်တည်တည်ပင်။ ဆက်ပြောနေ၏။

"အဲလို လူအားရှိလာအောင် မနေ့က ကျောင်းမတက်တာ နေမကောင်းလို့လို့ သတ်မှတ်ပြီးကျွေးတာက ပိုမကောင်းဘူးလား…"

သူ့အတွေးနှင့် သူကတော့ ဟုတ်လို့…။ နောင်ရိုးက ခေါင်းတဆတ်ဆတ်ညိတ်တော့လည်း လက်မခံ…။

"ဘာခေါင်းညိတ်တာလဲ… အဲလိုတွေးပြီး လုပ်တာ… ဒါပေမယ့် အဆင်မှ မပြေတာ…"

"ဘာမပြေတာလဲ…"

"သူမစားဘူး…"

"ကျွတ်… မင်းဟာက သူစားဖို့ အဓိကလား၊ မင်း သူ့ကို care လုပ်တယ်ဆိုတာ သူသိဖို့လား…"

"နှစ်ခုလုံးပဲ…"

"နေဦးလေ… လောဘမကြီးနဲ့ဦး…"

"ကြီးတယ်… လောကကြီးက ရင်လောက်မှန်းမှ ဒူးလောက် တင်တာတဲ့…"

"ရင်လောက်မှန်းပြီး လူပါ အုပ်သွားတာမျိုးကျပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလေ အသက်ရှူရ ခက်မှာပေါ့..."

နောင်ရိုးက နောက်လိုက်တော့ နန္ဒက 'အရေးထဲ မင်းက...' ဟူသော အကြည့်မျိုးနှင့် ကြည့်သည်။ နောင်ရိုးတို့ စကားပြောနေကြဆဲ နောက်ထပ်ဆရာမဝင်လာသဖြင့် အတန်းထဲ ပြန်ဝင်ခဲ့ရသည်။

"ဘာတွေ ဒီလောက်ပြောနေကြတာလဲ"

ရွှေအဆင်းက နောင်ရိုးကို မေး၏။ 'နင်နဲ့ နန္ဒကိစ္စ' ဟု စိတ်ထဲက ရေရွတ်ပြီး အပြင်ကတော့...

"ဒီလိုပါပဲ အသက်ထွက်ရှူကြတာ..." ဟု ပြောလိုက်သည်။

"ကျွန်မက အိပ်ငိုက်နေပြီ..."

ရွှေအဆင်းက တကယ့်ကို နုံးနေဟန်ဖြင့် ပြောသည်။

"ဘာလုပ်ချင်လဲ သကြားလုံးစားမလား..."

စိမ်းက နုံးညံ့ကြင်နာစွာ မေး၏။

"ဟင့်အင်း..."

"ကင်တင်းသွားမလား..."

"ဟင့်အင်း... ဆရာမရောက်နေပြီ..."

"ရော့... အချဉ်ထုပ်..."

အသံနှင့်အတူ ဖျတ်ခနဲ စားပွဲပေါ်ကျလာသော ဆင်ဖြူတော် ဆားချိုသီးအလုံးကြီးတစ်ထုပ်ကြောင့် အားလုံး မျက်လုံးပြူးသွားကြရသည်။ [illegible]ဆိုသော သတ္တဝါလေး၏အိတ်ထဲမှာ ဘယ်တုန်းကများ ဒီလို အချဉ်ထုပ်တွေ [illegible]ခိုအောင်းစရာ နေရာရသွားလဲဟု... အရင်းနှီးဆုံး နောင်ရိုးပင် တွေးမရ...။

ရွှေအဆင်းကတော့ တအံ့တသြရိုရုံက လွဲလို့ ထို ဆားချိုသီးကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားချင်။ ခြေမြန်လက်မြန် ရှိလွန်းသော နောင်ရိုးကပဲ ယူဖောက်ကာ တစ်လုံး လှမ်းပေးလာသဖြင့် ယူထားလိုက်ရသည်။ ဒါကလည်း နောင်ရိုးက သူ့ဆန္ဒနှင့် သူလား...။ နန္ဒအတွက် အရောက်ပို့ပေးနေတာလားဟု တွေးချင်စရာ...။ သို့သော် ရွှေအဆင်း စိတ်ကို လျှော့ပစ်လိုက်သည်။

English for Occupational Purposes ဟု အရှည်ယူလျှင်ရသော EOP ဘာသာရပ်ကို သင်သည့် **ဆရာမ** ဒေါ်ဇင်မင်းကျော်က Hand out များကို စတင်ဝေငှနေပြီ။ **ခါတိုင်းဆို** Handout ပေါ်တွင် နာမည်အတိုကောက် SAS ဟု ထိုးတတ်သော ရွှေအဆင်း ခုတော့ SOS ဟုသာ ရေးထိုးချင်နေမိသည်။ အလိုမကျမှုများနှင့် အတူ အိပ်ချင်စိတ်များလည်း ဘယ်ရောက်သွားမှန်း မသိတော့။

ကျောင်းဆင်းတော့ ခါတိုင်းလို စိမ်းနှင့် အတူထိုင်မပေးတော့ဘဲ တစ်ယောက်တည်း ပြန်ချလာခဲ့တော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



စိမ်းထက်ပင် ကျောင်းကို စောရောက်နေသည့် ရွှေအဆင်းကို ကြည့်ကာ စိမ်းက တအံ့တသြနှင့်။

"အစောကြီးပဲ..."

"ဟုတ်တယ်..."

"ရှင်ကလေးက ဒီနေ့ ဘာလို့ အစောကြီးလာတာလဲ..."

"စိမ်းကို စောင့်နေတာ..."

"ဟင်... စိမ်းကို ဘာဖြစ်လို့လဲ..."

"ကျောင်းပြေးမလို့လေ..."

"ဟယ်... တကယ်..."

စိမ်းပုံစံက ထိတ်လန့်တုန်လှုပ်သွားသလိုလို။

"တကယ်... စိမ်းလိုက်မှာလား..."



www.burmeseclassic.com

www.burmeseclassic.com



"စိမ်း တစ်ခါမှ အဲလိုမလုပ်ဖူးဘူး..."

ယုံချင်ယုံ မယုံချင်နေပါပဲ။ စိမ်းလိုလူမျိုးလည်း ဒီခေတ်ကြီးထဲမှာ ရှားပါးပစ္စည်းအဖြစ် ရှိနေသေးသည်။

"ကျွန်မ ယုံပါတယ်၊ ခုဟာက စိမ်းလိုက်မလားပဲ မေးတာပါ..."

"လိုက်တော့ လိုက်ချင်သား... ဒါပေမယ့်..."

"ဘာ... ဒါပေမယ့်လဲ..."

"လွတ်သွားတဲ့စာတွေ..."

"အာ... တခြားလူတွေဆီက ကူးမှာပေါ့၊ နန္ဒနဲ့ နောင်ရိုးလည်း ရှိတာပဲ..."

"အင်းနော်..."

"ဒါဆို..."

"သွားမယ်လေ..."

"လာ..."

နှစ်ယောက်သား ကားပေါ် ပြန်တက်ခဲ့ကြသည်။ ကားကို တစ်ဖက်ဂိတ်မှ ပတ်အထွက်တွင် အဝင်ဂိတ်နား ရောက်နေပြီ ဖြစ်သော နန္ဒနှင့် နောင်ရိုးကို တွေ့လိုက်ကြရ၏။

"ဟိုမှာ...".

စိမ်းက ပြ၏။

"တာတာ့လုပ်လိုက်..."

စိမ်းကလည်း ခိုင်းသည့်အတိုင်း လုပ်သည်။ ဘာမှ နားမလည်သလို ကျန်ခဲ့သည်က နန္ဒနှင့် နောင်ရိုး။

"ဘယ်သွားကြတာလဲ မသိဘူး..."



www.burmeseclassic.com

www.burmeseclassic.com



နန္ဒက ရေရွတ်၏။

"ကိစ္စရှိလို့ နေမှာပေါ့ကွာ..."

နောင်ရိုးက ဖြေပြော ပြောနေလျက်ကပင် သူပါ စဉ်းစားမရ။ ပြီးမှ

"ဒီနှစ်ကောင် ကျောင်းပြေးတာထင်တယ်"

"ဖြစ်နိုင်တယ်..."

"စိမ်းတော့ လူပေါင်းများပြီ..."

နောင်ရိုးကတော့ အေးအေးငြိမ်ငြိမ်ကလေး နေတတ်သော စိမ်းကို ပြောင်းလဲသွားမှာ စိုးရိမ်သလို ပူပန်မိ၏။ နန္ဒကတော့ ဒီစကားကို လက်ခံပုံ မပေါ်။

"လူတင်ပါမှ နွားကျားကိုက်တာပါကွာ၊ ကျောင်းပြေးလဲ ငါတို့ကို ခေါ်တာ မဟုတ်ဘူး..."

နန္ဒစကားကြောင့် နောင်ရိုး မျက်လုံးပြူးသွားရသည်။ ဒီလိုမျိုး သူမှ မတွေးမိပဲ။ နန္ဒကတော့ သူ့အတွေးနှင့် သူ ဆက်ပြောနေသည်။

"အေးလေ မခေါ်တာလဲ ကောင်းတာပဲ၊ မဟုတ်ရင် သူတို့စာတွေ ပြန်ရှင်းပြ ကူးရမယ့်လူမရှိ ဖြစ်နေမှာ..."

"အတန်းထဲမှာ မင်းနဲ့ ငါပဲ ရှိတာမှ မဟုတ်တာကွာ ပူမနေပါနဲ့..."

"ဒါပေမယ့် ငါတို့က ပိုရင်းနှီးတယ်လေ..."

တစ်တန်းလုံးနှင့် အင်မတန်မှ သဟဇာတဖြစ်လွန်းသော ရွှေအဆင်းကိုမှ သူနဲ့ ပိုရင်းနှီးတယ်ဟု ပြောရဲသော နန္ဒကိုလည်း နောင်ရိုးက အံ့သြမဆုံး။ သူတို့တွေ ဒီလိုငြင်းခုံနေချိန်မှာ ရွှေအဆင်းနှင့် စိမ်းသင်းက လမ်းမပေါ် ရောက်နေပြီ။

"ရွှေရုပ်ကလေး ဘယ်သွားမှာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်… ဘယ်လိုခေါ်လိုက်တယ်"

"ရွှေအဆင်းလို့ ခေါ်တာထက် ရွှေရုပ်လို့ခေါ်တာ ပိုမကောင်းဘူးလား၊ ရှင်ကလေးက အရုပ်ကလေးလိုလည်း လှတယ်လေ… dolly လိုပေါ့…"

စိမ်း၏ ထူးဆန်းသောစကားကြောင့် ရွှေအဆင်း ရယ်မိသည်။ ရွှေလို့ ခေါ်တာထက်စာရင်တော့ တော်သေးသည်ပေါ့။ စိမ်းပုံစံက ကျောင်းက ထွက်လာကာစကထက်စာလျှင် ပိုပြီး လန်းဆန်းလာပုံလည်း ရသည်။

"ကြိုက်သလိုသာ ခေါ်ပါ…"

"အင်းပါ ဘယ်သွားမှာလဲ…"

"ခု စိမ်း ဘာလုပ်ချင်လဲ…"

စိမ်းက မျက်လုံးလေးထောင့်ကပ်ကာ စဉ်းစားနေသည်။

"ဘာလုပ်ရမလဲဟင်…"

ဟုတ်တိပတ်တိ စဉ်းစားနေပြီးမှ သူက ပြန်မေးနေသည်။

"စိမ်း… ဘယ်သွားချင်လဲ… ဘာလုပ်ချင်လဲ… ဘာစားချင်လဲ…"

"မသိဘူး… ရှင်သွားတဲ့နောက် လိုက်မယ်…"

"ဟင်… အားလည်း မကိုးရဘူး၊ ကျွန်မက ဒီနေ့ ဝယ်စရာတော်တော်များများရှိလို့ Shopping Centre တစ်ခုခုတော့ သွားမယ်၊ ရှင်သွားချင်ရဲ့လား မသိဘူး…"

"သွားချင်တယ်… သွားချင်တယ်… ဒါပေမယ့်…"

"ဘာ… ဒါပေမယ့်က ပါလာရပြန်တာလဲ…"

"ဟိုလေ… စိမ်းမှာ ပိုက်ဆံများများမပါလို့… ဒီလိုလုပ်မယ်လေ… စိမ်းကို ဖေဖေ့အလုပ်ကို ပို့ပေး ပိုက်ဆံသွားယူမယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ပိုက်ဆံက အရေးမကြီးပါဘူး..."

"ဟင့်အင်း ရတယ်... စိမ်းက အဲလိုသုံးတတ်မှာ မဟုတ်ဘူး၊ ဖေဖေ့ဆီပဲ သွားမယ်..."

"သွားလေ..."

စိမ်းလမ်းညွှန်ရာကို သွားကြသည်။ နေရာက မြို့လယ်ခေါင်က တိုက်ခန်းကျယ်တစ်ခုဖြစ်သည်။ မီးဆိုင်းကြီးများနှင့် အိမ်အလှဆင်ပစ္စည်းများ ဖြန့်ချိရာနေရာ။ အခန်းတစ်ခုလုံးကို အစိမ်းရောင်ဖျော့ဖျော့သုတ်ထားပြီး 'စိမ်းသခင်' ဟု အမည်ရနိုင်သည့် နာမည်နှင့်...။ 'Green Master' တဲ့...။ ရွှေအဆင်း...။ အတော်လေး စိတ်ဝင်စားသွားရသည်။

"ဟော... စိမ်းပါလား..."

အပေါက်ဝမှာတင် ဝန်ထမ်းတချို့က စိမ်းကို ကြိုဆိုကြသည်။ စိမ်းက အနောက်ဘက်ရှိ မှန်အညိုရောင်များနှင့် ကာထားသော အခန်းဆီ ဦးတည်လျှောက်သွားနေသဖြင့် ရွှေအဆင်းလည်း နောက်က လိုက်ရတော့သည်။

"ဖေဖေ..."

စိမ်းအသံက အတော်ကလေး တိုးတိမ်လွန်း၏။ သို့သော် Computer Screen ပေါ် စူးစိုက်ကြည့်နေသော မျက်ဝန်းများက သူမတို့ဘက် လှည့်လာသည်။

"သမီး..."

နောက်မှပါလာသော ရွှေအဆင်းကို မြင်တော့ အသိဝင်သွားဟန်နှင့် နှုတ်ဆက်၏။

"သမီးက သူငယ်ချင်းလည်းပါတာကိုး လာ... ထိုင်..."



www.burmeseclassic.com

www.burmeseclassic.com



"မထိုင်တော့ဘူး ဖေဖေ... သမီး ဈေးဝယ်ချင်လို့ ပိုက်ဆံလာတောင်းတာ..."

"ဈေးဝယ်မယ်..."

အဖေလုပ်သူက မျက်လုံးပြူးရင်း ရွှေအဆင်းကိုပါ အကဲခတ်၏။ သူ့စိတ်ထဲ ရွှေအဆင်းကို ဘယ်လိုမြင်မလဲ မသိ။ ဒီလောက်ရိုးအေးသော သူ့သမီးကို ရွှေအဆင်းက ဖျက်ဆီးနေသည်ဟု မြင်သွားလျှင် ဒုက္ခ။

"အထူးအဆန်းပါလား စိမ်းကလေးက တိုးတက်လာပြီ၊ ကဲ... ပြော... ဘယ်လောက်ယူမလဲ..."

"မသိဘူး ဖေဖေ... ဈေးဝယ်ဖို့ ဘယ်လောက်ယူသွားရင် အဆင်ပြေမလဲ... အဲလောက်မှန်းပြီး ဖေဖေ ပေးလိုက်လေ..."

"ဟောဗျာ... သမီးက ဘာဝယ်မှာမှန်းလဲ မသိဘဲနဲ့..."

"အရုပ်... ပြီးတော့... ဖဲကြိုးလေးတွေ... ပန်းတွေ... ဟာ အစုံပဲ..."

စိမ်း၏အဖြေကို ဖခင်လုပ်သူက သဘောတကျရယ်သလို ရွှေအဆင်းလည်း ရယ်မိသည်။

"ကဲ... အဲဒါပဲကြည့်တော့ သမီးရေ... သမီးနာမည်က ဘယ်သူ..."

"ရွှေအဆင်း..."

"အန်ကယ့်သမီးကို ပေါင်းရတာ အဆင်ပြေရဲ့လား..."

"အာ... ပြေတာပေါ့... စိမ်းက အေးတာပဲ..."

စိမ်း၏အဖေက သက်ပြင်းကို ချ၏။

"အေးတာထက်ကို ဘာမှ မသိ စိတ်မဝင်စားတာ၊ သူ့ဘက်က ဈေးဝယ်မယ်ဆိုတာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်၊ သူ့ပစ္စည်းမှန်သမျှ သူ့



www.burmeseclassic.com

www.burmeseclassic.com



အမေဝယ်ရင် ဝယ်၊ မဝယ်ရင် အန်ကယ်ကိုယ်တိုင် ဝယ်တယ်၊ ဒါမှ မဟုတ် သူ့တစ်ဝမ်းကွဲမောင်နှမတွေနဲ့ မှာတယ်၊ ခုမှပဲ ဒီလို ကြားရတော့တယ်၊ ရော့ရော့... သမီးလိုချင်တာဝယ်၊ သမီး မဝယ်တတ်ရင် သူငယ်ချင်းကိုမေး ဟုတ်ပြီလား..."

"ဟုတ်..."

စိမ်းကတော့ သူ့မလက်ထဲရောက်လာသော ပိုက်ဆံအုပ်ကို ဘယ်ထဲ ထည့်ရမလဲ မသိ ဖြစ်နေပုံရသည်။ သူမလွယ်ထားသော အိတ်ကလေးက သေးသေးလေးကိုး...။ ထည့်လို့တော့ ရနိုင်သည်။

"စိမ်း အိတ်ထဲ သေချာထည့်..."

"အင်းပါ ဒါဆို သမီးသွားတော့မယ် ဖေဖေ..."

"အေးအေး..."

အခန်းထဲမှ အထွက်ကျမှ သတိရဟန်နှင့် လှမ်းမေး၏။

"ဒီနေ့ ကျောင်းမတက်ဘူးလား သမီး..."

စိမ်းက ပခုံးလေးတွန့်ကာ ရွှေအဆင်းကို မျက်လုံးပြူးပြသဖြင့် ရွှေအဆင်းကပဲ မျက်နှာချိုသွေးကာ ပြောရတော့၏။

"သမီးတို့ ဒီနေ့ ကျောင်းပြေးတယ် အန်ကယ်၊ စိမ်းလည်း သမီးနဲ့ ဆိုင်းမှ ပျက်စီးတော့မယ်..."

"ကျောင်းပြေးတယ် ဟား... တယ်ဟုတ်ပါလား အေ... သွား သွား..."

စိတ်မဆိုးသည့်အပြင် သဘောကျဟန် အံ့ဩဟန်ရှိနေသော စိမ်း အဖေကို ရွှေအဆင်းပင် စိတ်ထဲက ခင်မင်သွားရသည်။ စိမ်းပြောသလောက် လည်း မဆိုးပါလား။ အိမ်က မိန်းမနှင့် လွဲလျှင် အားလုံးနှင့် အဆင်ပြေပုံ



www.burmeseclassic.com

www.burmeseclassic.com



ရသော စိမ်းအဖေကို ရွှေအဆင်းလည်း 'အကြောင်းတော့ ရှိမှာပေါ့' ဟု သာ တွေးလိုက်ရတော့သည်။ ဘာအကြောင်းလဲ ဆိုတာတော့ ရွှေအဆင်း မသိနိုင်သလို စိမ်းလည်း သိမှာ မဟုတ်။ သိလည်း မသိချင်ပါ။ တချို့ သောအရာများသည် စူးစမ်းလိုစိတ်နှင့် ဖွင့်မကြည့်ဘဲ ဒီတိုင်းထားတာက ပိုကောင်းသည်ဟု ကြားဖူးထားသည်လေ။

❐



www.burmeseclassic.com

www.burmeseclassic.com



စိမ်းသခင်တစ်ယောက်ကတော့ အတွေ့အကြုံသစ်တစ်ခုကို ရွှေ
အဆင်းနောက် တကောက်ကောက်လိုက်ကာ ရွှေအဆင်းဝယ်သမျှ လိုက်
ယ်ဖို့သာ စဉ်းစားနေတော့သည်။ ရွှေအဆင်းဝယ်သလို စိမ်းလိုက်မဝယ်
ာဆို၍ စကဒ်အတိုနှင့် ဘောင်းဘီများပဲ ရှိမည်။

"စိမ်း အဲဒါမျိုး မဝတ်တတ်ဘူး..."

စိမ်းက ကလေးတွေလို အရုပ်တော့ကြိုက်သည်။ အရုပ်ကြီးကြီး
တွေ တွေ့လျှင် ငေးနေတတ်သည်။ ပြီးတော့ ဖဲကြိုးကလေးတွေ ကလစ်
ကလေးတွေ ခေါင်းစည်းကြိုးလေးတွေလည်း ဝယ်သည်။ ပြီးတော့ လက်
သည်းနီ...။

"စိမ်းက လက်သည်းဆိုးတာ ဝါသနာပါလား..."

"ပါတယ် ဘာလို့လဲ... ရွှေရုပ်ကော..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း... တစ်ခါတလေ အားရင် ဆိုင်မှာ သွားလုပ်တယ်..."

ထိုစကားကြောင့် စိမ်းက ရွှေအဆင်းကို တအံ့တသြကြည့်သည်။

"လက်သည်းဆိုးတာ ဆိုင်မှာဆိုးတယ် ဟုတ်လား..."

"ဩော်... ဒီတိုင်း ဆိုးတာတော့ ဘယ်ဟုတ်ပါ့မလဲ၊ လက်သည်း ပေါ်မှာ အလှပုံလေးတွေ ဖော်တာပေါ့ nail art လေ..."

"ဩော်... ဒါလား စိမ်းကြားဖူးတယ်..."

ကြားဖူးလို့ တော်သေးတာပေါ့...။ မဟုတ်လျှင် ရာဇဝင်လှန်ကာ ရှင်းပြနေရဦးမည်။

"အဲဒါမျိုး လုပ်ချင်လား..."

"အင်း..."

"ဒါဆို ခု သွားရအောင်..."

"သွားလေ..."

နှစ်ယောက်သား Beauty Salon ကို မသွားခင် အရင် ထမင်း ဝင်စားကြသည်။ ပြီးမှ Beauty Salon ကို ချီတက်ကြ၏။

"အတော်ပဲ... ကျွန်မ ခေါင်းလျှော်မယ်၊ မျက်နှာဆေးမယ်၊ လက် သည်းခြေသည်းလုပ်မယ် ရှင်ကော..."

"အင်း... အကုန်လုပ်မယ်... ဒါပေမယ့်..."

"လာပြန်ပြီ ဒါပေမဲ့... ဘာ ဒါပေမယ့်လဲ..."

"စိမ်းက တစ်ခါမှ မလုပ်ဖူးဘူး..."

"ကဲပါ...ကြောညာမနေပါနဲ့... ခုလုပ်မယ်လေ အတူတူပေါ့..."

သူတို့ တစ်နေ့လည်လုံး Beauty Salon မှာ အချိန်ဖြုန်းလိုက် ကြသည်။ ပြန်ထွက်လာတော့ နှစ်ယောက်သား လန်းဆန်းလို့...။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကို ပေါ့သွားတာပဲ..."

စိမ်းက သူမ၏ဆံပင်ရှည်ကို တစ်ချက်ခါယမ်းလိုက်ရင်း ပြော၏။ လက်သည်းတွေကိုလည်း ထောင်ကြည့်ကာ သဘောတွေကျနေ၏။

"လှတယ်နော် ရွှေကလေး..."

"အင်း... စိမ်းကြိုက်တယ်မဟုတ်လား"

"အင်း... ကြိုက်တယ်"

"ပျော်လား..."

"ပျော်တယ်... နောက် စိမ်းကျောင်းပြေးချင်ရင် ရွှေရုပ်ပဲ လိုက်ရမှာနော်..."

ရွှေအဆင်း မျက်လုံးပြူးသွားရသည်။ အရှုး အမဲသားကျွေးမိသလိုများ ဖြစ်ပြီလား မသိ။ မရွှေစိမ်းက နောက်တစ်ခါ ကျောင်းပြေးဖို့တောင် ဆိုးစားနေပြီ။ ရွှေအဆင်းတော့ ကိုယ့်အတတ်နှင့် ကိုယ်စူးပြီ။

"လိုက်မှာပေါ့... ခဏ ခဏတော့ မပြေးရဘူးလေ..."

"အင်းပါ... တစ်ခါတလေပေါ့..."

"အင်း... တစ်ခါတလေပေါ့..."

ညနေဘက်ရောက်သည့်တိုင် စိမ်းက မပြန်ချင်သေး။

"အိမ်ကကား လာကြိုနေရင်ကော..."

"ဟင်... ဟုတ်သားပဲ... လေးနာရီထိုးတော့မှာ၊ စောစောကသတိရရင် အိမ်ကိုဆက်ပြီး မလာနဲ့ ပြောလိုက်မှာ..."

စိမ်းစကားကြောင့် ရွှေအဆင်းမှာ ရယ်ရသေးသည်။ စိမ်းက ခွေးပြင်ကလူတွေနှင့် ကစားဖူးသောကလေးတစ်ယောက်လို ဖြစ်နေသည်ကိုး။ ရွှေအဆင်း ကားကို ကျောင်းဘက် မောင်းလာခဲ့လိုက်၏။ ကျောင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်တော့...

"ဟောတော့..."

စိမ်းက အလန့်တကြားထအော်သည်။ ဘာဖြစ်တာလဲ ဟူသော အသိနှင့် ပတ်ဝန်းကျင်ကိုအကြည့်မှာ နန္ဒနှင့် နောင်ရိုးကို စိမ်းကားနားမှာ တွေ့လိုက်ကြရ၏။

"သူတို့ ဘာလို့ မပြန်သေးလဲ မသိဘူး..."

ဒေါ်စိမ်းသခင်တို့ကတော့ ထုံးစံအတိုင်း မသိ နားမလည်စွာ ရေရွတ်၏။ ရွှေအဆင်းကတော့ တစ်ခုခုကို အနည်းငယ်မျှမက ရိပ်မိချင်သလို ရှိနေတာမို့ ဘာမှမဖြစ်သလိုပင် ရယ်မောနှုတ်ဆက်လိုက်သည်။

"ဟော့... မပြန်ကြသေးဘူးလား..."

နောင်ရိုးက နန္ဒမသိအောင် မျက်စ တစ်ချက် ပစ်ပြ၏။ ရွှေ အဆင်း သဘောပေါက်ပြီ။ ရွှေအဆင်း သဘောမပေါက် ပေါက်အောင်လည်း နောင်ရိုးက ပို့နေသည်ကိုး...။

"ကျောင်းပြေးတာလား..."

နန္ဒက ဆရာကြီးလေသံနှင့် မေးလာ၏။ စိမ်းက မျက်နှာချိုလေးသွေးကာ အစွမ်းကုန်ရယ်ပြရင်း 'ဟုတ်တယ်...' ဟု ဝန်ခံသည်။

ရွှေအဆင်းကတော့ တမင်ကို မဖြေဘဲ စိမ်း၏ပစ္စည်းထုပ်တချို့ကို စိမ်းကားဘက် ပြောင်းတင်ပေးနေလိုက်သည်။ နောင်ရိုးက အိတ်တစ်ခုကို လာကူဆွဲရင်း ကပ်ပြော၏။

"ကျောင်းပြေးလည်း ခေါ်ရောပေါ့... ခုတော့ ငါ့မှာ..."

နောင်ရိုးစကားမဆုံးသော်လည်း ရွှေအဆင်း သဘောပေါက်တာပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခေါက်မှပေါ့..."

"promise နော်..."

"promise ပါ..."

သူတို့ သဘောတူညီမှု ရသွားကြသည်။ နန္ဒဆိုသည့် ကောင်လေးကတော့ စိမ်းနှင့် ရွှေအဆင်း၏ ပစ္စည်းတွေကို လက်ပိုက်ရင်း အကဲခတ်နေသည်။ ပြီးမှ..."

"နင်တို့ ဒါတွေဝယ်ဖို့ ကျောင်းပြေးတာလား..."

"ဟင်... ဒီလောက်လေးနဲ့ ကျောင်းပြေးမလား၊ ဒီနေ့ Beauty Salon မှာလည်း ခေါင်းလျှော်၊ မျက်နှာဆေး၊ လက်သည်းခြေသည်း လုပ်တယ်၊ ပြီးတော့ ပစ္စည်းတွေဝယ်ရင်း မုန့်လျှောက်စားတယ်၊ ရုပ်ရှင်ဆောင် မကြည့်ခဲ့ရဘူး..."

ရွှေအဆင်းက တမင်ရွဲ့ကာ ဖြေလိုက်၏။

စိမ်းကတော့ သူဝယ်လာသည့် တိုလီမုတ်စများထဲမှ နန္ဒနှင့် နောင်ရိုးကို Key Chain တစ်ယောက် တစ်ခုစီ ပေးသည်။

"ရော့... နန္ဒနဲ့ နောင်ရိုးအတွက်..."

"ချွေးသိပ်တာလား..."

နောင်ရိုးက နောက်တော့ သူမရယ်သည်။ နန္ဒကတော့ Key Chain ကို ယူကာ ရွှေအဆင်းကို လှမ်းမေး၏။

"ရွှေအဆင်းကရော ဘာမှ မပါဘူးလား..."

"ပါပါ့ဘူး ကိုယ့်ဘာသာကိုယ်တောင် မနည်းလောက်အောင် သုံးသာရတာ..."

ဒါ တကယ်ပြောခြင်းဖြစ်သည်။ ပြီးတော့ အမုန်အတိုင်းဝန်ခံရ



www.burmeseclassic.com

www.burmeseclassic.com



လျှင် သတိတောင် မရ။ မရွှေစိမ်းကလည်း သတိတရဝယ်လာတာ မဟုတ်။ တွေ့ရင်မြင်ရာ လိုချင်ပြီး ကောက်ယည့်လာခြင်း ဖြစ်သည်။ ထိုအထဲမှ ခွဲပေးခြင်းပင်။ ရွှေအဆင်းကတော့ ဒီလို တိုလီမိုလီ တစ်ခုမှ မပါ။ လိုချင် လျှင်တော့ နှုတ်ခမ်းနီတွေ နားဆွဲတွေလောက်တော့ ဝေပေးနိုင်သည်။

အရှိန်မသေသေးသော စိမ်းက ကားပေါ် ပစ္စည်းရောက်တာတောင် မပြန်သေး။ ကင်တင်းမှာ ကော်ဖီသောက်ဦးမယ်... လုပ်နေသေးသည်။

"ကင်တင်းမှာ လူတောင် မရှိတော့ဘူး..."

"ဘာဖြစ်လဲ... ရှင်းနေတော့ ပိုကောင်းတယ်..."

"မဟုတ်ဘူး... အပြင်မှာသောက်လို့ ပြောမလို့ပါ..."

နှောင်ရိုးက စိမ်းဆန္ဒကို ဖြည့်ဆည်းပေးဖို့ အကောင်းဆုံးအကြံ ကို ပေး၏။

"ခေမရဋ္ဌဖြစ်ဖြစ် Serenity ဖြစ်ဖြစ် သွားရအောင်..."

နန္ဒကပါ ထောက်ခံသဖြင့် ရွှေအဆင်း လိုက်သွားရတော့သည်။ နန္ဒနှင့် နှောင်ရိုးကို သူမပဲ ကားပေါ်တင်ခေါ်ခဲ့ပြီး စိမ်းက သူမကားနှင့် လိုက်လာ၏။

"ဒီနေ့ သိပ်ပျော်စရာကောင်းတာပဲ သိလား နန္ဒ..."

"အင်း..."

နန္ဒက စိမ်း၏စကားကို စိတ်မပါသလို ထောက်ခံသည်။ နှောင်ရိုး ကတော့ စိမ်းကိုပြုံးပြီး ကြည့်ကာ စလိုက်၏။

"ဒီနေ့ စာတွေသင်တာ သိပ်များတာပဲ သိလား..."

"ဟင်... ဟုတ်လား ဒုက္ခပါပဲ ရွှေကလေးရေ..."

စိမ်းကတော့ ထုံးစံအတိုင်း ပါးစပ်ထဲတွေ့ရာ ဖော်မည်ကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"လုပ်မနေပါနဲ့ စိမ်းရယ်၊ တစ်နေ့ (၃) ဘာသာထက် ပိုပါတဲ့နေ့ ရှိလို့လား... တစ်ဘာသာကို အလွန်ဆုံး နှစ်ချိန်ဆက်ပဲ ဘာများစရာ ရှိလဲ..."

"ဒါလည်း ဟုတ်တာပဲ... ရွှေရုပ်ပြောတာ မှန်တယ်..."

အမျိုးမျိုးပြောကာ စိတ်လှုပ်ရှားနေသော စိမ်းကို ရွှေအဆင်းရော နောင်ရိုးရောက သဘောကျနေပါသော်လည်း နန္ဒကဖြင့် မျက်မှောင်ကြီး ကြုတ်လို့...။ စိမ်းပေးထားသည့် လက်ထဲက မချရသေးသည့် Key Chain လေးကိုမှ အားမနာ။ နန္ဒသည် လူတစ်မျိုးဖြစ်တာတော့ သေချာသည်။ ပေါင်းရသင်းရခက်ပြီး ခွကျတာမျိုးလား ဆိုတော့လည်း မဟုတ်ပြန်။ သေချာတာက သူသည် သူ့ခံစားချက်ကလွဲလျှင် ဘယ်သူ့ ခံစားချက်ကိုမှ သိပ်မသိသော လူစားမျိုး ဖြစ်နိုင်သည်။ ရွှေအဆင်းက စဉ်းစားခန်းဝင်နေဆဲ စာရွက်သုံးလေးရွက်ခန့် ရှေ့ကျလာသည်။

"ရော့... ဒီနေ့ Lecture တွေ..."

"အဲ..."

စိမ်းကော ရွှေအဆင်းပါ အံ့ဩနေဆဲ သူက ပြန်ရန်ထကာ ဘာမပြော ညာမပြောနှင့် ထ,ထွက်သွားတော့သည်။ သူ လက်ချာလိုက်တာက A4 စာရွက်များနှင့် ဖြစ်သဖြင့် ဒီစာရွက်များကို စိမ်းနှင့် ရွှေအဆင်းအတွက် တစ်စုံစီ ကူးထားပေးပုံရသည်။ နန္ဒကို နားမလည်စွာကြည့်ရင်း ကျန်ခဲ့သူများထဲတွင် နောင်ရိုးလည်းပါသည်။ နောင်ရိုးက ခေါင်းကို ခါရမ်းပြရင်း ရယ်၏။ နောက်ကတော့ ထလိုက်မသွား။

ထိုနေ့က တမင်ပင် ရွှေအဆင်းတို့ ညနေ ၆ နာရီထိုးခါနီးထိ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေလိုက်ကြသည်။ ညစာစားပြီးမှ ပြန်ရန် စိတ်ကူးရှိသော်လည်း လူက တစ်နေကုန်သွားထားသဖြင့် စိမ်းတစ်ယောက် မဟာန်နိုင်တော့သည်ကို သိ၍ ထပြန်ခဲ့ကြရသည်။ အမှောင်ကတော့ တစ်စစ လွှမ်းနေခဲ့ပြီ။

❐



www.burmeseclassic.com

www.burmeseclassic.com



နေ့ရက်တွေကို တစ်ရက်ချင်း ဆွဲဖွင့်ခွင့်ရတဲ့အခါ
လောကကြီးက စိတ်ဝင်စားစရာကောင်းလာတယ်...
သင်းပျံ့တဲ့ နှင်းဆီရနံ့တွေ လွင့်မျောပါလာနိုင်သလို...
ပိုးကိုက်ခံရတဲ့ ပန်းတစ်ဖူးအတွက်လည်း ကြေကွဲရနိုင်တာပဲ...
ခပ်ရင့်ရင့်အရောင်တချို့ကို ဖျော့ချဖို့ အဖြူဆိုတာ ရှိသလို...
အရောင်တွေကို ပိုမို လင်းလက်လာစေမယ့် အလင်းလည်း ရှိတယ်
ဘုရားသခင်ရဲ့ ဖန်ဆင်းချက်တွေနဲ့ ပြည့်စုံနေတဲ့ လောကထဲမှာ...
တစ်ခုပဲ လိုအပ်နေပါတယ်...
အဲဒါကတော့...

.............



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရောင်မီးလျှံများရဲ့ တောက်လောင်မှုအဆုံးမှာ
ငှက်ကောင်းကင်က သက်တံ့တစ်စင်းဟာ ပြာကျလို့
ဘာလို့..."

မပြီးသေးတဲ့ ကဗျာတစ်ပုဒ်နဲ့ ထိုင်နေတဲ့ နန္ဒကိုကြည့်ပြီး နောင်ရိုး ခေါင်းကို မခါရက်ဘူး။ ခု ည ၈း၀၀ နာရီ ကျော်ပြီ။ ထမင်းဆိုင်က ဝယ်ထားတဲ့ ထမင်းဟင်းတွေလည်း ဒီတိုင်းပဲ အေးစက်လို့...။

"နန္ဒ..."

"အင်..."

"ထမင်းစားရအောင်..."

"စားတာပေါ့..."

စားတာပေါ့... ဆိုပြီး ထိုင်ရာက မထတာ ၁၊ ၁၁ဘယ်အကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခြင်းပါ။ နောင်ရိုး စိတ်မရှည်တော့တာမို့ သူ့ရှေ့က ဒိုင်ယာရီကို ပိတ်ပြီး ဘောလ်ပင်ကို ဆွဲယူလိုက်သည်။

"ထ…"

ထိုအခါကျမှ မထချင် ထချင် ထသည်။ ထမင်းကို စိတ်မပါ လက်မပါမွှေဆွနေရင်းက မေး၏။

"မင်းတို့ ဘယ်အချိန်ထိ ထိုင်နေကြလဲ…"

"၆း၀၀ နာရီလောက်ထိပဲ…"

"ဟို… ရေခဲမက ဒီနေ့ ပူလာလို့ ပြန်အခဲ စောင့်နေရလို့လား…"

မကျေမနပ်သံက အထင်းသားမို့ နောင်ရိုး ရယ်လိုက်မိသည်။ သူ့စိတ်ထဲမှာ စိမ်းကို လိုက်ပို့ချင်၍ ရွှေအဆင်းက ကျောင်းပြေးသည်များ ထင်နေလား မသိ။ ထို့ကြောင့် သူ့အမေးကိုမဖြေဘဲ သူ့ကိုသာ မေးခွန်းနှင့် တုံ့ပြန်လိုက်သည်။

"မင်းက ဘာလို့ ထသွားရတာလဲ…"

"မထိုင်ချင်တော့လို့…"

"ဒါတော့ မင်းပြောမှလား၊ ဘာလို့ ဆက်မထိုင်ချင်တော့တာလဲ မေးတာ…"

"ကြည့်မရလို့…"

"ဟင်… ဘယ်သူ့ကိုလဲ…"

"နှစ်ယောက်လုံးကို…"

နောင်ရိုး ထ,ရယ်မိတော့သည်။

"မင်းဟာက ဘလိုင်းကြီး…"

"မဟုတ်ဘူး… ဟိုရေခဲတုံးမ ကြည့်ရတာလည်း အရည်ကိုပျော်လို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်းကျပြန်တော့လည်း စောင့်နေတဲ့သူတွေကိုတောင် စိတ်မဝင်စားသလိုပဲ...”

နောင်ရိုး ခေါင်းခါမိ၏။

“မင်းစိတ်က ထင်လို့ပါ၊ ဒီကောင်မလေးက ဒီတိုင်းပဲဟာ...”

“မဟုတ်ပါဘူး စကားကို မပြောချင်သလို ပြောချင်သလိုနဲ့...”

“ဒါဆို ငါကလည်း မေးပါဦးမယ်၊ မင်းကကော အချိုးပြေလို့လား၊ ဆရာကြီးလေသံနဲ့ ဆီးမေးတာကိုး၊ ကျောင်းပြေးတာပဲ မင်းကို သံတော်ဦးတင်ရဦးမှာလားလို့ ပြန်မပြောသွားတာ ကံကောင်း... ပြီးတော့ မင်းက ဒါတွေဝယ်ဖို့ ကျောင်းပြေးတာလားလို့ သွားထပ်ပြောတာကိုး...”

“အဲလိုမပြောလို့ ဘယ်လိုပြောမလဲ...”

ပြောနေရင်းက နားမလည်နိုင်သော နန္ဒကို နောင်ရိုး စိတ်ညစ်လာသည်။ ဘယ်လိုပဲဖြစ်ဖြစ် နားလည်အောင် ရှင်းပြဖို့က နောင်ရိုးမှာ တာဝန်ရှိနေပြီ။

“ဒီမှာ နန္ဒ...”

နန္ဒက အကြည့်နှင့် တုံ့ပြန်၏။

“ခုချိန်မှာ မင်းက ရွှေအဆင်းကို ချစ်နေတာ သေချာပြီလား”

“သေချာပြီ...”

ဒါမျိုးကျ သွက်လက်တိကျစွာ ဖြေသည်။

“မင်းက သေချာပေမယ့် ရွှေအဆင်းက ဘိုကု မင်္ဂလာက်ကိုင်လိုက်မိ မင်းက သူ့ကို ချုပ်ကိုင်နိုင်တဲ့ လူတစ် မင်းရဲ့အရုပ်ကလေးမှ မဟုတ်တာ သမားလိုလိုနှင့် နောင်ရိုးကို လက်ချာ မင်းရဲ့ချစ်သူဖြစ်နေတဲ့တိုင် ဒီ၎ စိမ်းလို အေးစက်စက် ပျော့ညံ့သည့် ပုံသွင်းရ

www.burmeseclassic.com



လုပ်ချင်ရာ လုပ်လို့ မရသေးဘူး၊ ရွှေအဆင်းလိုလူကလည်း အလုပ်ခံမှာ မဟုတ်ဘူး၊ လူနှစ်ယောက် ချစ်တယ်ဆိုတာ အတွေနည်းနည်းပါသလို ပရ များများလည်း ပါရတယ်၊ ဒါမှ တစ်ယောက်ကို တစ်ယောက် နားလည် ပေးနိုင် ညှိနှိုင်းလို့ ရနိုင်မှာ..."

နောင်ရိုးစကားဆုံးတော့ နန္ဒက နောင်ရိုးကို တစ်ချက်တွေကြည့် သည်။

"မင်းက ဆရာကြီးလား..."

"အာ... ပြောရင်းက ဒုက္ခပါပဲ နန္ဒရယ်..."

နောင်ရိုးက စိတ်ပျက်သလို ညည်းမှ နန္ဒ ထ,ရယ်သည်။

"အလကားနောက်တာပါ မင်းပြောတာကို လက်ခံပါတယ် ဒါ ပေမယ့်..."

"ဘာ ဒါပေမယ့်လဲ..."

"ငါ့စိတ်ကလည်း လူတစ်ယောက်ကို control လုပ်ချင်တာမျိုး မဟုတ်တောင် influence တော့ ရှိချင်တတ်တယ်..."

"ဒါဆို မင်း စိမ်းလိုမိန်းကလေးသာ ရှာကြိုက်တော့၊ သူ့လိုမှပဲ ပုံသွင်းရလွယ်ကူမှာ၊ မင်းထင်သလိုနေဖို့ စဉ်းစားပြီး မင်းရဲ့ influence လွှမ်းမိုးမှုကို လက်ခံမှာ၊ ရွှေအဆင်းလို မိန်းကလေးကတော့ ရမှာ မဟုတ် ဘူး..."

"နှစ်ယောက်လုံးလဲ နောင်ရိုးရာ... ရောမသူကို လိုချင်မှတော့ နောင်ရိုး ထ,ရယ်မိပေဦး ငါ လိုက်နာရတော့မှာပေါ့..."

"မင်းဟာက ဘလိုင်းကြီး... အလဲပြန်တာမျိုးကျတော့ နောင်ရိုး..."

"မဟုတ်ဘူး... ဟိုရေခဲတုံးမ ဂြ



www.burmeseclassic.com

www.burmeseclassic.com


"မင်း လွယ်လွယ်မပြောနဲ့..."

"ဘာလို့လဲ..."

"လူဆိုတာ ကိုယ့်ကိုယ်ကို ပြုပြင်ရတာ အခက်ဆုံးပဲ..."

"ဒီတော့..."

"မင်း ခုနေ အသိစိတ်နဲ့ ရွှေအဆင်းကို လျှော့ပေါ့နေပေးပြီး... တစ်ချိန်ကျကာမှ မင်းရဲ့ဓာတိရုပ်ကို ပြန်မပြုပြင်နိုင်ခဲ့ရင် နှစ်ယောက်လုံး ခိတ်ချမ်းသာရမှာ မဟုတ်ဘူး၊ တကယ်တော့ လူဆိုတာ ကိုယ့်ရဲ့ဗီဇကို ပြင်ရ ခက်တတ်ကြပါတယ်၊ ပြင်လိုက်မယ်လေ ခဏပါ... ဆိုပြီးကာမှ ပြင်မရရင် မကောင်းဘူး..."

နန္ဒက ဒီလိုကျတော့ သေချာနားထောင်ကာ လေးနက်စွာတွေးသည်။

"ဟုတ်တော့ဟုတ်တယ် ဒါပေမယ့်..."

"ပြောလေ..."

"တစ်သက်လုံးတည်မြဲဖို့ ငါ ကြိုးစားနိုင်အောင် စဉ်းစားပါ့မယ်..."

"ကောင်းပြီလေ ထမင်းစားတော့..."

"စားတာပေါ့..."

ဒီတစ်ခါ 'စားတာပေါ့' က တကယ်စားဖြစ်သွားသည်။ နန္ဒအတွက် ကတော့ ဒီနေ့တစ်နေ့လုံး စားမကောင်းတာ သေချာလောက်သည်။ ရွှေ အဆင်းနှင့်မှ ထမင်းလက်ဆုံ မစားရပဲ။ ထမင်းစားပြီးတော့ ပန်းကန်တွေ ကို နန္ဒက သွားဆေးနေသဖြင့် နောင်ရိုး ဂစ်တာကို တောက်ကိုင်လိုက်မိ သည်။

ကိုယ်ကသာ ဆရာလိုလို သမားလိုလိုနှင့် နောင်ရိုးကို လက်ချာ တွေ ရိုက်နေသည်။ မိမိကရော စိမ်းလို အေးစက်စက် ပျော့ညံ့ ပုံသွင်းရ


www.burmeseclassic.com

www.burmeseclassic.com



လွယ်သော မိန်းကလေးမျိုးကို ရေရှည်မှာ နားလည်သည်းခံနိုင်မှာလား ဆိုတာ သေချာတွေးရဦးမည်။ နောင်ရိုးစရိုက်ကိုက လွတ်လပ်ပေါ့ပါးစွာ သွက်လက်ထက်မြက်စွာ နေထိုင်သူမို့ ကိုယ်လို သွက်လက်ထက်မြက် သူမျိုးမှ သဘောကျမည် ထင်ခဲ့တာ။ ခုကျတော့ နောင်ရိုး၏အာရုံ ဆေး စက်ကျရာနေရာလေးက စိမ်းသခင် ဖြစ်နေခဲ့သည်။

သူကော စိမ်းကို တကယ်ပဲ စိတ်ဝင်စားရုံမက ချစ်နေပြီလား။

နန္ဒလိုတော့ 'သေချာနေပြီ' ဟု အတိအကျ မပြောရဲသေး။ မပြော ချင်သေး။ စောသေးသည်။

"တစ်ယောက်တည်းလား နန္ဒကော..."

ဘေးခန်းမှ မန်နေဂျာကြီးက အခန်းဝမှ လာကြည့်ကာ မေးခြင်း ဖြစ်သည်။

"ရှိတယ် ပန်းကန်သွားဆေးတယ်..."

"ခုမှ စားပြီးတာလား..."

"ဟုတ်..."

"နောက်ကျလိုက်တာ... ဩော်... ဒါနဲ့ မင်းက ဂစ်တာကြီး ကိုင်ပြီး ဘာဝိုင်နေတာလဲ တီးလေ..."

သူပြောမှ လက်ချောင်းတွေကိုရွှေ့ဖို့ သတိရတော့သည်။

"တီးမှာပါ အစ်ကို ဘာနားထောင်ချင်လဲ..."

"ဘာဖြစ်ဖြစ်ပါ..."

ခက်တာက ကိုယ်တိုင်က ဘာတီးရမှန်း မသိခြင်းပင်။ ဆိုဖို့ဆို ဝေးရော...။

ထိုစဉ် နန္ဒက ပြန်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... အစ်ကို..."

"အေး... ဒီကောင် ဂစ်တာတီးမလားလို့ နားထောင်ဖို့ လာတာ..."

"ကောင်းသားပဲ... ဒီကောင့်ကို Heartbreak Hotel တီးခိုင်းပါလား..."

"ဟာ... နိမိတ်မရှိ ဘာမရှိ..."

အရေးထဲ မန်နေဂျာကြီးက နိမိတ်တွေကို ပြောနေသေးသည်။ ဒီလိုသာဆို သူဖြင့် ဆိုသမျှသီချင်းတွေနှင့်တင် နိမိတ်က ဖုံးနေလောက်ပြီ။

ခဏနေကျတော့ သုံးယောက်သား ဂစ်တာတစ်လက်နှင့် သီချင်းတွေကို အော်ဆိုနေမိကြပြီ။

Country Road လည်း ပါသည်။ Always on my mind လည်း ပါသည်။

Heal the world လည်း ပါသည်။ Run to me လည်း ပါသည်။ ဘေးခန်းတွေကတော့ စိတ် အခန့်သင့်နေ၍သာ...။ မသင့်လို့က တို့ အတိုင်ခံရနိုင်သည်။

'Love is blue' ဆိုသော သီချင်းကို plugging တီးနေတာ နားထောင်ရင်း မန်နေဂျာကြီးက စကားတစ်ခွန်းကို ရေရွတ်၏။

'အချစ်ဆိုတာ အပြာရောင်မဟုတ်ပါဘူး' တဲ့...။

တကယ်တော့ သီချင်းထဲမှ 'Blue' ဆိုတာက အပြာရောင်ခံစားမှုသော feeling blue ကို ဆိုလိုခြင်း ဖြစ်သည်။ မန်နေဂျာကြီးက ပြော၏။

"တကယ်တော့ အချစ်ဆိုတာ အရောင်မရှိဘူးကွ..."

နန္ဒက ဖျတ်ခနဲ လှည့်အကြည့်မှာ နောင်ရိုးနှင့် သူကြည့်ချင်း



www.burmeseclassic.com

www.burmeseclassic.com



သွားဆုံသည်။ 'အချစ်ဆိုတာ ရွှေရောင်' ဟု ပြောချင်နေသော နန္ဒက တစ်ချက်ရယ်၏။ မန်နေဂျာကြီးက နန္ဒကိုကြည့်ရင်း ပြော၏။

"မယုံဘူးလား တကယ်တော့ အချစ်ဆိုတာ စိတ္တဇနာမ်ပဲ၊ ဖမ်းယူဆုပ်ကိုင်လို့ မရဘူး၊ မမြင်နိုင်ဘူး၊ ဒါကြောင့် အရောင်မရှိဘူး colourless လို့ ပြောတာ ဟဲဟဲ..."

ထိုအခါကျမှ အတည်ပေါက်နှင့် နောက်နေမှန်းသိကာ ရယ်မိကြတော့သည်။ 'ကျွန်တော်တို့အတွက်ကတော့ အရောင်ကိုယ်စီ ရှိနေကြတယ် အစ်ကို' ဆိုသော စကားကိုတော့ စိတ်ထဲမှာ ထားလိုက်တော့သည်။ ထုတ်ဖော်မပြောဖြစ်တော့။ ကိုယ့်အတွေးနှင့် ကိုယ် အားလုံးသည် မှန်ကန်စွာ ရူးသွပ်ခွင့် ရှိကြသည်ပဲ။

❒



www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့ညနေ အပြန်မှာကတည်းက နောင်ရိုးက ရွှေအဆင်းကို မှာလိုက်သည်။ ဒီတနင်္ဂနွေမှာ စိမ်းအိမ်ကို သွားလည်ဖို့။ ရွှေအဆင်းက သဘောတူသည်။ ကိုယ့်အကြံနှင့်ကိုယ် နောင်ရိုးကလည်း နန္ဒကို ကြိုမပြော။ ကြိုပြောလျှင် တကြွကြွဖြစ်နေမှာ စိုးတာရော အကဲပါနေမှာ စိုးတာရော ကြောင့် ဖြစ်သည်။

တနင်္ဂနွေနေ့မနက်ကျမှ ပြောရသည်။

"ထ... ထ... နန္ဒ... ငါတို့ စိမ်းဆီသွားရအောင်..."

စိမ်းဆီ သွားရအောင် ဆိုတော့ နန္ဒက နောင်ရိုးကို မျက်မှောင်ကြုတ်ကာ ကြည့်၏။

"စိမ်းဆီ ဘာသွားလုပ်မှာလဲ..."

"မှိုးတစ်ခါ ငါတို့ ရွှေအဆင်းနဲ့ ဆုံတုန်းက ပြောထားတယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com



စိမ်းဆီ တစ်နေ့ ရုတ်တရက် သွားလည်ရအောင်ဆိုတာ...”

ရွှေအဆင်းဆိုသော နာမည် ပါလာတော့ နန္ဒ ခေါင်းထောင်လာသည်။

“မင်းက ရွှေအဆင်းကို သွားခေါ်မှာလား...”

“မခေါ်ပါဘူး...”

“သူမပါဘဲ မသွားပါနဲ့ မကောင်းပါဘူး...”

နန္ဒစကားကြောင့် နောင်ရိုး မချိုမချဉ် ပြုံးမိသည်။ ‘မကောင်းပါဘူး’ ဆိုတာကိုး...။

“မကောင်းပါဘူး ဆိုတာက ဘာကိုပြောတာလဲ၊ ဘာမကောင်းတာလဲ... စိမ်းဆီသွားလည်တာ သူမပါလို့ မကောင်းတာလား၊ ရွှေအဆင်းဆိုတဲ့ ကောင်မလေး မပါလို့ မကောင်းတာလား...”

“နှစ်ခုလုံးပဲ...”

“ပါရင်ကော...”

“ပါရင် ကောင်းတာပေါ့...”

“ဒါဆိုလည်း ပါခိုင်းလိုက်တာပေါ့...”

နန္ဒက ထိုင်ရာက ဆတ်ခနဲထပြီး မေး၏။

“ဒါဆို သွားခေါ်ကြမှာလား”

“မခေါ်ပါဘူးလို့ဆို...”

“မခေါ်ရင် ဖုန်းဆက်မှာလား...”

“မဆက်ဘူး... သူလာလိမ့်မယ်...”

“ဘာ...”

နန္ဒ တအံ့တသြ ထအော်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူလာလိမ့်မယ်လို့ ပြောတာ..."

"ဘယ်တုန်းက မင်း ဖုန်းဆက်လိုက်တာလဲ..."

"မဆက်ပါဘူး..."

"မဆက်ပဲ ဘယ်လိုသိမလဲ..."

"သောကြာနေ့ညနေကတည်းက သူနဲ့ ငါ ကြိုတ်တိုင်ပင်ထားတာ..."

"ဘာလို့ ငါ့ကို ခုမှ ပြောတာလဲ..."

"နောက်ကျနေလို့လား ကြိုပြောရင် မင်း မျောက်မီးခဲကိုင်မိသလို ဖြစ်နေမှာ စိုးလို့..."

နန္ဒပုံစံက သိပ်အကျေနပ်ကြီး မဟုတ်ဘူး။ မျက်မှောင်က ထုံးစံအတိုင်း ကြုတ်ထားဆဲပဲ။

"ဘာကိစ္စနဲ့ မျောက်မီးခဲ ကိုင်မိရမှာလဲ..."

"ခုတောင် အတော်မျက်စိနောက်နေပြီ ထိုင်လိုက် ထလိုက် လုပ်မနေနဲ့... ထတော့... ရွှေအဆင်းက လမ်းထိပ်လက်ဖက်ရည်ဆိုင်က စောင့်မှာ..."

ရွှေအဆင်း စောင့်နေမှာ ဆိုတော့လည်း နန္ဒတစ်ယောက် သွက်လက်မြန်ဆန်လွန်းလိုက်ပုံက မျက်နှာသစ်၊ ရေချိုး၊ အဝတ်အစားလဲတာ စုစုပေါင်း ဆယ်မိနစ်သာကြာသည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ရွှေအဆင်းကားလေး ရပ်ထားတာကို အဝေးကတည်းက တွေ့ကြရ၏။ ဆိုင်၏ထောင့်စားပွဲမှာ ထိုင်နေသော ရွှေအဆင်းက အဝါနှင့် အစိမ်းကို တွဲစပ်ထားသည့် ချည်သား အကွက်စကာဒ်နှင့် အင်္ကျီကို ဝတ်ဆင်ထားသည်မို့ အားလုံးထဲမှာ လင်းထင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီလား ရွှေအဆင်း...."

နန္ဒက ကြည်လင်စွာ ဦးအောင်နှုတ်ဆက်၏။

"မကြာသေးဘူး လာလေ တစ်ခုခုစားပါလား..."

"စားမှာ ဘာမှ မစားရသေးဘူး..."

ပြောပြောဆိုဆို နန္ဒက ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီခါးကို မှာသည်။ နောင်ရိုးကတော့ လက်ဖက်ရည်နှင့် ရှမ်းခေါက်ဆွဲ။ ရွှေအဆင်းကတော့ ခေါက်ဆွဲသုပ်တစ်ပွဲကို စိတ်ပါလက်ပါ စားနေသည်။ ဒီဆိုင်က ခေါက်ဆွဲသုပ်က အသားနှင့်သုပ်တာ မဟုတ်။ အချဉ်ရည်ကောင်းကောင်းနှင့်သုပ်ခြင်း ဖြစ်သည်။ ဒါကြောင့် နန္ဒက မစား။ ခု ရွှေအဆင်းက နှစ်နှစ်ခြိုက်ခြိုက်ကို စားနေလေသည်။

"ပေါင်မုန့်ကြက်ဥကြော် စားပါလား ရွှေအဆင်း"

နန္ဒက သူ့ပန်းကန်ကို ရှေ့တိုးပေးရင်း ပြော၏။

"ဟင့်အင်း... အဲလိုမုန့်တွေမှ မကြိုက်တာ အီတယ်..."

အဲလိုပြောပြီး နောင်ရိုး ရှမ်းခေါက်ဆွဲအတွက် လာချထားသော မုန်ညင်းချဉ်များကိုတော့ မြိန်ရေယှက်ရေ ယူစားနေပြန်သည်။ နန္ဒကတော့ ကော်ဖီခါးခါးကို အလိုမကျစွာ မျိုချပစ်လိုက်ရင်း သက်ပြင်းကိုပါ ရောချလိုက်ရတော့သည်။

"ကဲ... စားပြီးရင် သွားမယ်..."

"စိမ်းက ရှိနေမှာလား..."

နောင်ရိုးက စိတ်ပူစွာ မေးမိ၏။

"မနေ့ကထိတော့ ဒီနေ့ အပြင်သွားစရာရှိတယ်လို့ မပြောဘူး ရှိမယ်ထင်တာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်းက ခပ်အေးအေးပြောပြီး ကားပေါ်တက်လိုက်တော့ နောင်ရိုးနှင့် နန္ဒလည်း နောက်ခန်းက တက်လိုက်သည်။ သိပ်တော့မမိုက်။ မိန်းကလေးတစ်ယောက်မောင်းသော ကားကို အခန့်သားစီးရတာ တစ်မှု။ ပြီးတော့ lover seat ဟု ကြားဖူးသောနေရာမှာ ထိုင်ခွင့်ရချင်တာက တစ်မှုနှင့် နန္ဒတစ်ယောက် အဆင်မပြေ...။ နောင်ရိုးနှင့် ရွှေအဆင်းက တော့ စကားလက်ဆုံတွေ ကျလို့...။

ဒီတစ်ကောင်ကလည်း စိမ်းကို စိတ်ဝင်စားမယ့် စိတ်ဝင်စားတယ် ပြောတာ တကယ်တမ်းကျ ရွှေအဆင်းနှင့်ချည်း စကားလက်ဆုံကျနေ တတ်တာကိုလည်း သိပ်ကြည့်မရချင်... ခုလည်း ကြည့်ပါလား။

"ကျွန်မက တေးရေးဆရာတွေထဲမှာတော့ ကိုနေဝင်းကို အကြိုက် ဆုံးပဲ..."

"ကျွန်တော်က ကိုမောင်မောင်ကို ပိုကြိုက်တယ်..."

"ဒီဘက်ခေတ်လူတွေထဲမှာတော့ မြင့်မိုးအောင်တို့ ကေအေတိ တို့ကို သဘောကျတယ်..."

"ကျွန်တော်ကောပဲ... ဪ ဒါနဲ့ ရွှေအဆင်းက Rap တွေ Hip Hop တွေကော နားထောင်လား..."

"နားထောင်တယ်... သဘောလည်းကျတယ်..."

"ကျွန်တော်က EMINEM ကြိုက်တယ်..."

"ကျွန်မရောပဲ... ဒါပေမယ့် အရမ်းကြိုက်တာမျိုး မဟုတ်ဘူး သက်ခံတာ..."

နောင်ရိုးက ရယ်တော့ နန္ဒက အသာ မျက်လုံးစွေကြည့်၏။ ဒါကို နောင်ရိုးတစ်ယောက် မြင်မြင်ကြီးနှင့် မမြင်ချင်ယောင်ဆောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးကလည်း 'မကျေနပ်ရင် သူပါဝင်ပြောလို့ရတဲ့ ဘာသာစကားပဲ' ဟု တွေး၏။

"Destiny child ကိုရော ကြိုက်လား..."

ရွှေအဆင်းကမေးတော့ နောင်ရိုး ရယ်လိုက်ရင်း...

"ဟင့်အင်း Beyonce ကိုတော့ ကြိုက်တယ် လူကိုလေ..."

"ဖြစ်ရတယ် အင်းလေ... သူကလည်း ကျွန်မတို့ မိန်းကလေးချင်းတောင် သဘောကျရလောက်အောင် လှတာကိုး..."

"ကျွန်တော်က မိန်းကလေးအဆိုတော်တွေ နားထောင်ခဲတယ်..."

"သြော်... ဒီလိုလား... မဟာယောကျ်ားဝါဒသမားကြီးပေါ့..."

"အာ... အဲလိုတော့ မဟုတ်ဘူး..."

"မိန်းမတွေမှာလည်း အနုပညာရှိတယ်လေ..."

"ဟုတ်ပါတယ် ကျွန်တော်က ကျွန်တော်မလုပ်ဖြစ်တဲ့ အားနည်းချက်ကို ပြောတာပါ၊ ဒါကို ဂုဏ်ယူပြီးပြောတာ မဟုတ်ရပါဘူး..."

"ဒါဆိုလည်း ပြီးတာပါပဲ၊ မဟုတ်လို့ကတော့ ကျွန်မက ရှင့်ကို တိုက်ခိုက်တော့မှာ..."

"ကျွန်တော့်ကိုသာ ပြောတာ ဒါဆို ရွှေအဆင်းက Feminist လား..."

"Feminist တော့ မဟုတ်ဘူး... Feminine တော့ နည်းနည်း ဖြစ်တယ်၊ ပြင်ပလက္ခဏာအားဖြင့် ဆိုပါတော့... ကျွန်မက မိန်းမဖြစ်တာကို ဂုဏ်ယူကျေနပ်တဲ့ထဲမှာတော့ ပါတယ်၊ ဆိုလိုတာဟာ ဘုရားမှာ ယောကျ်ားဘဝ မရလေခြင်းလို့ ကျွန်မ တစ်ခါမှ မခံစားရဖူးဘူး၊ အဲဒါ ပြောချင်တာ..."



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးက နားလည်စွာ ခေါင်းညိတ်၏။

ရွှေအဆင်းက ဆက်ပြောပြန်သည်။

"ဒါပေမယ့် တစ်ခါတလေကျ မိန်းမဆန်လွန်းပြီး စိတ်ဓာတ်မကောင်းတဲ့ ယောကျ်ားမျိုးတွေ တွေ့ရင်တော့ နမြောတယ်..."

"ဗျာ... ဘာကို နမြောတာလဲ..."

"သူတို့ဘဝကိုလေ... သူတို့အစား မိန်းမဖြစ်ပြီး စိတ်ဓာတ်ကောင်းတဲ့ သူဆွေသာ အဲလိုဘဝ ရခဲ့ရင် သိပ်ကောင်းမှာလို့ တွေးမိလို့..."

"ဪ..."

သူမအတွေးလေးကလည်း တစ်မျိုးလေး။ သူမကိုယ်တိုင်သာ ယောကျ်ား မဖြစ်ချင်တာ။ တကယ့်တကယ် စိတ်ဓာတ်ကောင်းပြီး ကြံ့ခိုင်တဲ့သူတွေကျ ယောကျ်ားဘဝသာ ရခဲ့ရင် ကောင်းမှာပဲတဲ့...။

"နန္ဒက တိတ်လှချည်လား..."

နန္ဒတို့ တုံဏှိဘာဝေဖြစ်နေပုံက ရွှေအဆင်းပင် ရိပ်မိသွားတာမို့ နောက်ကြည့်မှန်ကတစ်ဆင့် ကြည့်ရင်း မေး၏။

"မဟုတ်ပါဘူး နားထောင်နေတာပါ..."

"ဗဟုသုတရတယ်ပေါ့ ဟုတ်လား..."

ရွှေအဆင်းက နောက်တော့ နန္ဒက အတည်ပေါက်နှင့် ခေါင်းညိတ်သည်။

"ဟုတ်တယ် လူတစ်ယောက်ရဲ့ခံယူချက်တွေကို ကြားနာခွင့်ရတာလည်း ဗဟုသုတဖြစ်တာပါပဲ..."

"နန္ဒကတော့လေ..."

ရွှေအဆင်းက နန္ဒစကားကို ရယ်မောကာ ခေါင်းခါရမ်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာအခါပွားယ်လဲ ဆိုတာတော့ သူမမှ သိပေလိမ့်မည်။ နောင်ရိုးကတော့ အခြေမရှာတတ်။ ရှာလည်း မရှာအား။ အတော်ကြာမောင်းခဲ့ရသော စိမ်းသခင်၏ခြံရှေ့သို့ ကားရောက်နေပြီလေ...။

ခြံဝန်းတံခါးအစိမ်းရောင်ကြီးကတော့ သူ့သခင်မလေး၏ နာမည်နှင့် လိုက်ဖက်အောင် စိမ်းရင့်စွာ ကြိုဆိုနေသည်။ သခင်မလေးကရော သူတို့ကို ဘယ်လိုကြိုဆိုမှာပါလိမ့်။ မဖြစ်စဖူး နောင်ရိုး ရင်တွေခုန်လာတော့သည်။

❒



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းရေ ညှော်သည်..."

အိမ်တွင် အတူနေဟန်တူသော အိမ်ဖော်အဒေါ်ကြီးတစ်ဦးက တို့ကို အိမ်ထဲခေါ်ပြီးမှ စိမ်းကို ခေါ်ပေးသည်။ ဒေါ်စိမ်းသခင်က တော် ာ်နှင့် ထွက်မလာ။

"စိမ်းရေ သူငယ်ချင်းတွေ ရောက်နေတယ်လေ..."

"သူငယ်ချင်း..."

ခပ်တိုးလျလျအသံနှင့် အတူ ခြေသံဖွဖွကို ကြားရ၏။

"ဟာ... ရွှေရုပ်... ဟယ်... နန္ဒနဲ့ နှောင်ရိုး..."

စိမ်းကြည့်ရတာ ခုန်ဆွခုန်ဆွပင် ဖြစ်သွားသလို။

"အိမ်ရှင်ကလေ ကိန်းခန်းကြီးလိုက်တာ တော်တော်နဲ့ ထွက်မလာ ..."

"မဟုတ်ရပါဘူး နှောင်ရိုးရယ်၊ ဒေါ်ကြီးက ညှော်သည်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



တာကိုး… ညှော်သည်ဆိုတာ စိမ်းနဲ့မှ မဆိုင်တာ၊ စိမ်းဆီ တစ်ခါမှ ညှော်သည်မလာဖူးဘူး…”

“အော်…”

ဘာဆက်ပြောရမှန်း မသိသဖြင့် သုံးယောက်သား ‘အော်’ လိုက်ကြသည်။

“သူငယ်ချင်းလို့ ထပ်ပြောမှ ဇဝေဇဝါနဲ့ ရှုတ်ပြီး ထွက်လာတာ ဟယ်… ပျော်စရာကြီး ဘယ်မှာ တွေ့လာကြတာလဲ…”

“လမ်းမှာ…”

ရွှေအဆင်းက ခပ်တည်တည်နှင့် ဖြေ၏။

“တိုက်တိုက်ဆိုင်ဆိုင်တွေ့မှတော့ တစ်ယောက်လိုနေလို့ မဖြစ်ဘူး ဆိုပြီး စိမ်းဆီလာတာ”

နောင်ရိုးကပါ စိမ်း၏အရေးပါမှုကို မြှင့်တင်ပေးလိုက်တော့ စိမ်း ပျော်သွားသည်။

“ပျော်လိုက်တာ ကဲ… ပြော… ဘာစားမလဲ…”

“breakfast က စားခဲ့ပြီ…”

“ဒါဆို နေ့လည်စာ စားပေါ့၊ အိမ်မှာ စားမလား၊ အပြင်မှာ စား မလား…”

ရွှေအဆင်းတို့သုံးယောက်သား တစ်ယောက်ကို တစ်ယောက် အဖြေရှာသလို ကြည့်မိကြသည်။ ပြီးမှ ရွှေအဆင်းက ဖြေသည်။

“စိမ်း အဆင်ပြေသလိုလုပ်… အပြင်ထွက်စားချင်လည်း စား…”

“အိမ်မှာက ချက်ခိုင်းရင် ရတယ် ဒါပေမယ့်…”

“ဒါပေမယ့် ဘာဖြစ်လဲ…”



www.burmeseclassic.com

www.burmeseclassic.com



"စိမ်း အပြင်သွားချင်တယ်..."

စိမ်း အပြင်သွားချင်တယ်... ဆိုသော စကားလေးက တိုးလျှသွားသည်။ နောင်ရိုးက ချက်ချင်း အခြေအနေကို ဝင်ထိန်းလိုက်၏။

"ဟာ... သွားတာပေါ့... လျှောက်သွားကြမယ်လေ... ဒီမှာ ကားကော ဒရိုင်ဘာကော အဆင်သင့်ဟာကို..."

နောင်ရိုးစကားကြောင့် ရွှေအဆင်းက မျက်စောင်းထိုးပြီး စိမ်းနှင့်နန္ဒက သဘောကျစွာ ရယ်သည်။

"ဒါဆို ခဏနေဦး... စိမ်း အဝတ်အစားလဲမယ် ပိုက်ဆံယူမယ်"

အတွင်းဘက်သို့ စိမ်းပြန်ဝင်သွားပြီး မကြာမီမှာပင် ခြေသံတစ်ခုကြားရ၍ လှည့်အကြည့် သုံးယောက်သား မင်သက်သွားရသည်။ အမျိုးသမီးကြီးတစ်ယောက် ကြည်လင်ချောမော လှပသလောက် အေးစက်မာကျောလွန်းသယောင် ထင်ရသော အမျိုးသမီးတစ်ယောက်။ စိမ်းအမေဖြစ်မည်။ မညှာတာတမ်းပြောရလျှင် စိမ်းထက်ပင် လှသည်။

"စိမ်းကလေးရဲ့သူငယ်ချင်းတွေ ထင်တယ်..."

"ဟုတ်..."

အသံသုံးသံက တစ်ထပ်တည်းကျနေသည်။ စိမ်းအမေ၏ အသံဏတော့ စိမ့်အေးသော်လည်း သိမ်မွေ့သည်။

"စိမ်းဆီ လာလည်တာလား..."

"ဟုတ်..."

"စိမ်းက အပြင်မှာ ထမင်းသွားစားကြမယ် ပြောတယ်..."

"ဟုတ်..."

ခုထိ သုံးယောက်စလုံး စကားလုံး မပြောင်းကြသေး။



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး... ပျော်ပျော်ရွှင်ရွှင်သွားကြ... အန်တီ ဆိုင်သွားဦးမယ်..."

"ဟုတ်..."

စိမ်းအမေ ထွက်ခွာသွားရာကို သေချာလိုက်ကြည့်နေမိသူက ရွှေအဆင်းနှင့် နှောင်ရိုး...။

"တော်တော်လှတယ်နော်..."

ရွှေအဆင်းက ပြောတော့ နှောင်ရိုးက အားရပါးရ ခေါင်းညိတ်ထောက်ခံသည်။

'စိမ်းလိုပဲ' တဲ့...။

ရွှေအဆင်းက ရယ်သော်လည်း အကြောင်းသိနန္ဒက မဲ့သည်။

ခဏနေတော့ စိမ်းထွက်လာ၏။ ကျောက်စိမ်းရောင်လဲ့လဲ့ကလေးကို ဝတ်ဆင်လာသည်မို့ စိမ်းနှင့် ရွှေအဆင်းက အရောင်တူလုနီးပါး ဖြစ်နေရသည်။ စိမ်းက တမင်ပဲရွေးလာသည်လား မသိ။

"လာ... သွားရအောင်..."

"ခုနက စိမ်းအမေကို တွေ့လိုက်တယ်..."

"ဟုတ်တယ် မေမေ ဆိုင်သွားပြီ၊ မုန့်ဖိုးအများကြီးတော့ ပေးသွားတယ်..."

စိမ်းက ဘာမှမထူးဆန်းသလို ပြော၏။

"စိမ်းအမေရဲ့ဆိုင်က ဘာဆိုင်လဲ..."

"ကော်ဖီဆိုင်..."

အားလုံး အံ့ဩသွားရပြီး စိတ်လည်း ဝင်စားသွားကြသည်။ နှောင်ရိုးက...



www.burmeseclassic.com

www.burmeseclassic.com


"အဲဒီမှာ ကော်ဖီတိုက်ပါလား..."

နောင်ရိုးစကားကြောင့် စိမ်းက တစ်ရံတစ်ခါမှ မကြားဖူးသောစကားကို ကြားရသလို လှည့်ကြည့်၏။

"မေမေ့ဆိုင်မှာ ကော်ဖီသောက်မယ်..."

"အင်းလေ ထမင်းစားပြီးရင်ပေါ့..."

ရွှေအဆင်းကပါ ဒီအစီအစဉ်ကို စိတ်ဝင်စားတာမို့ ထောက်ပေးလိုက်သည်။

"သွားလေ... သွားပေါ့... စိမ်းဖြင့် တစ်ခါမှ သွားမထိုင်ဖူးဘူး၊ မေမေကလည်း မခေါ်ပါဘူး..."

စိမ်း၏ညည်းတွားသံလေးကို နောင်ရိုးတို့ မသိချင်ယောင်ဆောင်လိုက်ကြသည်။ ကားကို ကျွမ်းကျင်စွာ မောင်းနှင်လာသော ရွှေအဆင်းက သူတို့ကို မေး၏။

"ခု အချိန်ရသေးတယ်၊ ဘယ်သွားမလဲ..."

ရှေ့မှာ ရွှေအဆင်းဘေးထိုင်နေသော စိမ်းက နောင်ရိုးနှင့် နန္ဒကို လှည့်ကြည့်၏။ သူမတော့ ဘာမှ မပြောတတ်ဘူးဆိုသော ပုံမျိုး။ ပညာရှိနန္ဒက စီစဉ်ပေးရန် မေးခွန်းပြန်မေး၏။

"ထမင်းက ဘယ်မှာစားမယ် စဉ်းစားလဲ၊ အဲဒါနဲ့နီးတဲ့ တစ်နေရာရာကို သွားတာ ကောင်းလိမ့်မယ်..."

"သွားချင်ရာ သွားပြီး အနားမှာ ရှိတာ စားရင်ကော..."

ရွှေအဆင်းက ချက်ချင်းတုံ့ပြန်မေး၏။ ဒါက ရွှေအဆင်းရဲ့ပင်ကိုယ်စရိုက်ပင်။ နန္ဒအတွက်ကတော့ ရွဲ့သည်ဟု ထင်ချင်စရာ...။

"ဒါလည်း ရတာပဲ စိမ်းကော..."


www.burmeseclassic.com

www.burmeseclassic.com


နောင်ရိုးက ဝင်ထိန်းပေးရင်း စိမ်းကိုပါ မေး၏။

"စိမ်းက မပြောတတ်ဘူး၊ ဘာလုပ်လုပ် ဘယ်သွားသွား စိမ်း ပျော်ရင် ပြီးတာပဲ…"

"ကဲ… ဒါဆိုလည်း ကျွန်မ ကားဘီးတည့်ရာ မောင်းမယ်နော်…"

ရွှေအဆင်းက ကားကို မြို့ထဲဘက် ဦးတည်မောင်းနေပြီ ဖြစ်သည်။ ကစားကွင်းသွားဖို့ ဆိုတာကို ရွှေအဆင်းက စိတ်မဝင်စား။ ဘယ်သူကမှ လည်း စိတ်ဝင်စားပုံမပေါ်။ shopping ကိစ္စကတော့ ယောကျ်ားလေး နှစ်ယောက်လုံး စိတ်ဝင်စားမှာ မဟုတ်။ သူတို့လည်း လွန်ခဲ့သည့်နှစ်ပတ် ကမှ ဝယ်ခြမ်းထားကြသည်မို့ ငြိမ်နေသည်။

"လောကကြီးမှာ ဒီလောက်ပဲ ရှားသလား…"

ရွှေအဆင်းက လီဗာကို အစွမ်းကုန်ဖိနင်းရင်းက မကျေမနပ် ရေရွတ်၏။

"အားလုံး စိတ်ဝင်စားနိုင်မယ့်နေရာကို စဉ်းစားနေတာပါ…"

နန္ဒက ထိုသို့တုံ့ပြန်၏။ တကယ်တော့ နောင်ရိုးလည်း စဉ်းစားရ ခက်နေတာပင်။ ကော်ဖီဆိုင်ထိုင်ဖို့ရာကလည်း ထမင်းစားချိန်က မကြာခင် ရောက်တော့မှာ ဖြစ်သည့်အပြင် စောစောကမှ လက်ဖက်ရည်ဆိုင်က ထခဲ့ ကြသည် မဟုတ်လား။

နောက်ဆုံးတော့ အဖြေမထွက်ဘဲ ဖြစ်နေစဉ် ရွှေအဆင်းက ရှစ်မိုင်ကျ Junction 8 ဘက် ကွေ့ချလိုက်သည်။

"Junction 8 ဝင်မလို့လား…"

နန္ဒက မေး၏။

"အင်း…"


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ..."

"အင်း... ကောင်းတယ်..."

"ဟုတ်တယ်..."

ဒီလိုကျ သုံးယောက်သား အတိုင်အဖောက်ညီနေတော့ ရွှေအဆင်းက အရယ်မျက်စောင်းနှင့် ကြည့်၏။

"နန္ဒနဲ့ နောင်ရိုးက ဈေးဝယ်ဖို့ စိတ်မဝင်စားရင် အောက်က ဂျေဒိုးနတ်မှာ ထိုင်နေခဲ့၊ ဒါမှမဟုတ် internet cafe လည်း ရှိတယ်..."

နန္ဒနှင့် နောင်ရိုး ဘာလုပ်ရမှန်း မသိစွာ ကြည့်မိကြ၏။ သူမ ပြောတာ တစ်ခုမှမှ စိတ်မဝင်စားတာ။ သူတို့နောက် လိုက်ဖို့ကကော။ စိတ်ဝင်စားစရာကောင်းလို့လား...။ ကိုယ်ချစ်သောမိန်းကလေး-ဈေးဝယ် ရာနောက် တကောက်ကောက်လိုက်ရသော သကောင့်သားများကို မေး ကြည့်ချင်သည်။ စိတ်ဝင်စားစရာမကောင်းပဲ လိုက်တော့ကော အဆင်ပြေ မှာလား။ အဆင်မပြေလည်း အကျိုးလိုလို့ ညောင်ရေလောင်း ဆိုသလို လိုက်သင့်လား။ ဒါမှမဟုတ် ချစ်သောသူ စိတ်ချမ်းသာလျှင် ပြီးရော ဖြည့်စွမ်းပေးချင်တာမျိုး သဘောထားလိုက်ရမလား။

နန္ဒနှင့် နောင်ရိုး အတွေးတူစွာ ဆွံ့အနေကြသည်မှာ Junction 8 ထဲ ခြေချသည်အထိ။ ပထမဆုံး Giordano ဆိုင် ဝင်ကြတော့ သူတို့ လိုက်ဝင်ဖြစ်သည်။ T-shirt တွေ၊ Sport shirt တွေ၊ ဘောင်းဘီတွေ၊ ဦးထုပ်တွေက သူတို့နှင့် သက်ဆိုင်သည်ကိုး...။ ထိုဆိုင်က ထွက်လာ တော့ ရွှေအဆင်းက 'အပေါ်တက်မယ် စိမ်း' ဟု ဆိုကာ လှေကားရှိရာ သွား၏။ နှစ်ယောက်သား တုံ့ဆိုင်းသောခြေလှမ်းများနှင့် လိုက်လာခဲ့ ရင်းမှ နန္ဒက...

www.burmeseclassic.com

www.burmeseclassic.com



"နောင်ရိုး..."

"ဟင်..."

"Citymart ထဲမှာ stationary တွေ သွားဝယ်ရအောင်..."

"အေး... ကောင်းတယ်... စိမ်း... ငါတို့ အောက်မှာ နေခဲ့မယ်..."

"အေး... အေး..."

အဆင်ပြေစွာ လမ်းခွဲလိုက်ကြသည်။

ဒီနေရာမှာ ဒီလောက် အကြံဉာဏ်ကလေး ထွက်လာသော နန္ဒကို ရွေးချယ်ထားရမလိုပင်။ သူတို့နှစ်ယောက်မှာလည်း နေ့လည် ဘယ်မှာ စားမည်မှန်း မသိသည့် ထမင်းဆိုင်အတွက် ချန်ရ ပြုရဦးမှာမို့ တခြားဝယ်ခြမ်းချင်လျှင် အသင့်တော်ဆုံးက stationary များသာ ဖြစ်သလို တကယ်လည်း အသုံးဝင် လိုအပ်သောအရာများ ဖြစ်သည်လေ။

ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့ တစ်နေ့တာကိုတော့ အသုံးဝင် လိုအပ်သောအချိန်နာရီများ ဖြစ်စေချင်မိတာ အမှန်ပင်။

❐



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းစိုပြည် ဥယျာဉ်ထဲမှာ နေ့လည်စာ စားဖြစ်ကြသည်။

"စားပြီးရင်လည်း ဒီထဲမှာပဲ နေတော့မယ်၊ အေးတယ် သိလား…"

စိမ်းက သဘောကျစွာ ပြော၏။

"ကောင်းတာပဲ… ဒီမှာထိုင်ရင် ထိုင်၊ တစ်ပတ်လျှောက်ရင် လျှောက်၊ ဟိုးဘက်တွေမှာ သွားထိုင်ပြီး စကားပြောလို့လည်း ရတယ်…"

ရွှေအဆင်းကလည်း ထောက်ခံသည်။

နန္ဒနှင့် နောင်ရိုးကိုယ်တိုင်လည်း ဖြတ်သာသွားပြီး တစ်ခါမှ မရောက်ဖူးသော စိမ်းလန်းဥယျာဉ်ကို သဘောကျမိသည်ပင်။ မြင်မြင်သမျှ စိမ်းစိုနေသည်က အမြင်ကို အေး၍ စိတ်ကြည်နူးစေပြီး လှပမှုနှင့် သန့်ရှင်းမှုက လူကို ဆွဲဆောင်နိုင်လေသည်။

"ဒီနေရာလေးက ငြိမ်းချမ်းလိုက်တာ…"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက ရွှေအဆင်း၏ပခုံးလေးကို ခေါင်းတင်မှီနွဲ့ရင်း မြက်ခင်းပေါ် ခြေဆန့်ထိုင်နေသည်မှာ မြက်ခင်း၏ အစိမ်း၊ သူမဝတ်ဆင်ထားသည့် အစိမ်း၊ ရွှေအဆင်း ဝတ်ဆင်ထားသည့် စိမ်းဝါရောင်များ စုပေါင်းတော့ အရောင်စုံ စိမ်းနေသည့် ပန်းချီကားတစ်ချပ်ပမာ ခံစားရသည်ဟု နောင်ရိုးက တွေးသည်။

ရွှေအဆင်းက သူမကို လာရောက်မှီနွဲ့နေသည့် စိမ်းကို အသာပြန်သိုင်းဖက်ထားသည်။

"စိမ်းဘဝမှာ တစ်ခါမှ ဒီလောက် မငြိမ်းချမ်းဖူးသလိုပဲ..."

"စိမ်းရယ်..."

ရွှေအဆင်းက နှစ်သိမ့်သလို ပြုံး၏။

"တကယ်... အိမ်မှာဆို မေမေက အေးစိမ့်နေတဲ့ အရုပ်တစ်ရုပ်လိုပဲ၊ ဖေဖေကလည်း သူ့အရုပ်ကလေး ဒီလို အေးစိမ့်နေတာကမှ အဆင်ပြေဦးမယ်၊ ပျော်ကျသွားရင် ဒုက္ခ ဆိုတဲ့ အတွေးနဲ့လား မသိဘူး၊ မေမေ့ကို ဒီလိုဆက်ဖြစ်ခွင့် ပေးထားတယ်၊ အင်းလေ... ဖေဖေက မပေးလည်း မေမေက ဖြစ်ချင် ဖြစ်နေမှာပဲ..."

စိမ်းက သူမခံစားချက်တွေကို တစ်ကိုယ်တည်း ရေရွတ်သလို ခပ်ဖွဖွလေး ပြောပြ၏။ နောင်ရိုးက ဝင်မေးမိသည်။

"စပ်စုတာတော့ မဟုတ်ဘူး၊ စိမ်းမိသားစုအကြောင်း ပြောပြပါလား..."

စိမ်းက နောင်ရိုးကို တစ်ချက်ကြည့်ကာ 'ပြောနေတယ်လေ' ဟု ရယ်ရင်း ပြော၏။

"ဖေဖေကတော့ မေမေ့ကိုချစ်ပုံပဲ မေမေကသာ [illegible]တော့..."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို မချစ်သလိုပဲဟု ပြောရမှာ တွန့်ဆုတ်နေဟန်ဖြင့် ရပ်သွားသည်။ စကားလုံးရွေးနေတာလည်း ဖြစ်နိုင်သည်။

"မေမေက ဖေဖေ့ကို မိဘသဘောတူလို့ ယူခဲ့ရတာတဲ့၊ အစတော့ ယူပြီးရင် ချစ်သွားမှာပဲ ထင်ခဲ့တာတဲ့..."

"ယူပြီးရင် ချစ်သွားမှာပဲ ဆိုတဲ့ အတွေး... ဟိုး ဘိုးတော်ဘုရားလေးဖက်သွားတုန်းက အမျိုးသမီးကြီးတွေရဲ့ကိစ္စလေ..."

ရွှေအဆင်းက မျက်နှာလေးကိုရှုံ့ကာ ဝင်ပြော၏။

"အင်းလေ... မေမေကတော့ ညံ့တာပါ ပိုဆိုးတာက..."

"ပိုဆိုးတာက ဘာလဲ..."

"ဖေဖေနဲ့ ယူပြီးမှ သူချစ်တဲ့သူကို တွေ့လိုက်ရတာပဲ..."

"မြတ်စွာဘုရား..."

သာမန်အားဖြင့်တော့ ရိုးရှင်းလှသော စကားလုံးတစ်လုံးပင်။ သို့သော် စေ့စေ့ကြည့်လျှင် သိပ်ကြောက်စရာကောင်းသော အဖြစ်အပျက်ကြီးဖြစ်သည်။ မြန်မာနိုင်ငံမှာ မွေးဖွားကြီးပြင်းခဲ့သော မြန်မာအမျိုးသမီးတစ်ယောက်အတွက် ပိုပြီး ကြောက်စရာကောင်းသည်။ တစ်ဘဝစာလုံး ခြားသွားခဲ့ရသည့် ချောက်ချားစရာကောင်းလှသည့် အိပ်မက်များနှင့် နေ့စဉ်ကော်ပင်းတိုးနေရမည့် ဘဝကြီး။

ရွှေအဆင်း ကျောချမ်းစွာ ပခုံးတစ်ချက်တွန့်မိသည်။

နန္ဒကတော့ သူ့ထုံးစံအတိုင်း သူသိလိုရာကို မေး၏။

"အဲဒီ ချစ်တဲ့သူက ခု ဘယ်မှာလဲ..."

"ဒီမှာပဲလေ... မေမေတို့ဘဝက ရေခြားမြေခြားစရာမှ မလိုတဲ့၊ တစ်ဘဝစာလုံး ခြားသွားခဲ့ပြီ ဆိုတဲ့ အသိနဲ့ သူတို့ ဒီတိုင်းနေနေကြရတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ကလည်း စိမ်းမေမေကို ချစ်တယ်ပေါ့..."

"အင်း... ဟုတ်တယ်... အဲဒီဦးက မေမေ့ကို အိမ်ထောင်ရှိမှန်း မသိဘဲ ကမ်းလှမ်းခဲ့တာ၊ အဲဒီအချိန်မှာ ဖေဖေက နိုင်ငံခြား ပညာတော်သင် သွားနေတာလေ..."

"နောက်တော့ သိသွားတယ် ဆိုပါတော့..."

"အင်း... နောက်တော့ မေမေပြောလိုက်တဲ့အတွက် သိသွားတယ် ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ..."

"မေမေ သူ့ကိုချစ်မှန်းတော့ သူသိမသွားရှာဘူး..."

"ဟာ..."

နန္ဒက တအံ့တသြနှင့် အာမေဋိတ်သံကျလာသော်လည်း ရွှေအဆင်း ကတော့ မအံ့သြ။ ဒီလိုပဲဖြစ်ရမည် ဆိုတာ မိန်းမချင်း သိထား တွေးထား နှင့်ပြီးသားလေ...။

"ဒါတွေကို စိမ်းအမေက စိမ်းကို ပြောပြတာလား..."

နှောင်ရိုးက မေး၏။

"ဟင့်အင်း... ဖေဖေပြောပြတာ..."

"ဗုဒ္ဓေါ..."

ဘုရားတသံက ဘယ်နှစ်ယောက်ဆီက ထွက်ကျလာမှန်း မသိလိုက်၊ တစ်ထပ်တည်းဖြစ်သွားတာတော့ သေချာသည်။

"စိမ်းမေမေက စိမ်းဖေဖေကို ဖွင့်ပြောပြထားတာလား..."

"ဟုတ်တယ် မေမေက ဖေဖေ့ကို အဲလို ဝန်ခံချက်ပေးပြီးမှ မေမေ ပုံလည်း တစ်စတစ်စ အေးခဲသွားလိုက်တာ၊ ခုလို ဖြစ်သွားတော့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ဘက်ကလည်း မှားတာတွေ ပါတာပေါ့..."

"ဟင်... ဘာမှားလို့လဲ..."

နန္ဒက အမှားတစ်ခုမှ မတွေ့သေးသလို မေး၏။

"ဖေဖေမှားတာက မေမေ့ကို ပြန်လည်သက်ဝင်လာနိုးနဲ့ တခြား မိန်းမတွေနဲ့ ပတ်သက်ခဲ့တာပဲ၊ အဲဒီလိုလုပ်လေ မေမေက ပိုဆိုးလာလေ ပဲလေ..."

"ဩော် အဲလိုလား..."

နောင်ရိုးနှင့် နန္ဒကတော့ ယောက်ျားများပေမို့ ထိုမျှသာ မှတ်ချက် ချ၏။ ရွှေအဆင်းကတော့ သက်ပြင်းမွှမွှကို အသာချရင်း ပြောသည်။

"ကြားရတာ ရင်ထဲမှာ မွန်းကြပ်လာသလိုပဲ၊ ခံစားရမယ့် ကာယကံ ရှင်တွေဆိုတာတော့ ပြောမနေနဲ့...၊ အမှန်တော့ ဒီပွဲမှာ မှားနေတာက ကံကြမ္မာပဲ၊ ကံတရားဟာ သိပ်ကြောက်စရာကောင်းအောင် လွဲချော်ပြီးမှ သိပ်လွမ်းစရာကောင်းတဲ့ ကြေကွဲစရာ ဇာတ်လမ်းတွေကို ဖော်ထုတ်တတ် တယ်ထင်တယ်..."

"အင်းနော်..."

"စိမ်းမေမေနေရာက ကြည့်ရင်လည်း မှန်တာပဲ၊ သူဟာ မြန်မာ မိန်းမတစ်ယောက် စောင့်ထိန်းရမယ့် ကိစ္စတစ်ခုကို နှလုံးသားနဲ့ ရင်းပြီး စောင့်ထိန်းခဲ့ပေမယ့် သူ့နှလုံးသားတွေ ကြေမွသွားရတာက လွဲရင် ဘာမှ မရလိုက်ဘူး၊ တစ်ဖက်ကလူကိုလည်း သူပါ ချစ်နေကြောင်းတောင် အသိ ပေးခွင့်မရလိုက်သလို ဒီဘက်မှာလည်း ဝန်ခံချက်ပေးပြီး စောင့်ထိန်းပြတာ အောင်မှ ရလိုက်တဲ့ရလဒ်က မကောင်းဘူး၊ ဒီအတွက် စိမ်းအမေကို အပြစ်တင်မလား ဆိုတော့လည်း မတင်နိုင်ပါဘူး၊ ဘယ်သူမဆို မာန်လေး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဝင်လာတဲ့အချိန်၊ စိတ်ရှုးဝင်လာတဲ့အချိန်မှာ တစ်ခုခုကို လုပ်မိတတ်ကြတယ်၊ အထူးသဖြင့် ယောကျ်ားတွေပေါ့ ...”

‘အထူးသဖြင့် ယောကျ်ားတွေပေါ့ ...’ ဆိုသော စကားကို ရွှေအဆင်းက သာမန်ပေါ့ပေါ့ပါးပါး ပြောလိုက်ခြင်း ဖြစ်သော်လည်း ယောကျ်ားစင်စစ်ကြီးနှစ်ယောက်ဖြစ်နေသည့် နောင်ရိုးနှင့် နန္ဒမှာတော့ အနေရခက်သွားရသည်။ ဘာပဲပြောပြော ရွှေအဆင်း၏ အကောင်းမြင်ဝါဒနှင့် နားလည်နိုင်စွမ်းကိုတော့ ချီးကျူးရမည်ပင်။ တစ်ဖက်စောင်းနင်းကြီး မိန်းမဝါဒထုထောင်ကာ ယောကျ်ားတွေကို တိုက်ခိုက်တာမျိုးလည်း သူမမှာ မရှိ။

“စိမ်းကတော့ မေမေ့ကို ဖေဖေနဲ့ စိတ်ပါလက်ပါ မဆက်ဆံချင်ရင်တောင်မှ စိမ်းနဲ့တော့ နွေးနွေးထွေးထွေး ရှိနေစေချင်မိတယ်၊ ဒါပေမယ့် ဖြစ်မလာဘူးလေ ...”

စိမ်းက သူမ၏ခံစားချက်ကို ဆက်ပြော၏။

“သူ စိမ်းကိုတော့ ချစ်မှာပါ၊ မနွေးထွေးတာတစ်ခုပဲ ဖြစ်ပါလိမ့်မယ် ...”

ရွှေအဆင်းက ဖြေသိမ့်စကားဆန်သော စကားကို ဝင်ပြောသည်။

“စိမ်းမှာ ငယ်ငယ်ကတည်းက မော့ကြည့်စရာ အမေမျက်နှာကလည်း အေးစက်ခဲကျဉ်နေ၊ အဖေ့မျက်နှာကလည်း မမြင်ရနဲ့၊ တော်တော်ကြီးလာမှ ဖေဖေက စိမ်းကို ဒါတွေ ခေါ်ပြောပြမှပဲ စိမ်း နည်းနည်းနေထိုင်ရ သက်သာပြီး နားလည်လို့ ရလာတာ၊ အမှန်ကလေ သိလား ...”

“အင်း ... ပြော စိမ်း ...”

“စိမ်းသာဆို မချစ်မှန်းသိတဲ့သူနဲ့ အတူမနေချင်ပါဘူး၊ တကယ်ဆိုရင် ကိုယ်မချစ် မနှစ်သက်တဲ့သူနဲ့ အတူမနေတာဟာ စိတ်ဖိစီး



www.burmeseclassic.com

www.burmeseclassic.com



၇၀ % သက်သာတယ်လို့ စိမ်းထင်တယ်…"

"ဒါပေမယ့် စိမ်းရယ်… ပြင်လို့မှ မရတော့တာ…"

"ဘာလို့ ပြင်လို့ မရ,ရမှာလဲ…"

စိမ်းကလေးက ခေါင်းမာစွာငြင်းဆို၏။ သူမကတော့ လူငယ်ကိုး။ သို့သော် စိမ်းက သူမစကားကို tempo လျှော့လိုက်၏။

"မပြင်ရအောင် နဂိုကတည်းက ဆုံးဖြတ်ချက်မမှားရဘူးလေ…"

"ဩော်… စိမ်းရယ်… ဘယ်သူက မှားချင်မှာလဲ၊ စိမ်းအမေမှာက မိဘစကား နားထောင်မိတာလည်း ပါမှာပေါ့…"

"စိမ်းသာဆို အဲလို နားထောင်မိမှာ မဟုတ်ဘူး…"

စိမ်း၏ခံစားချက်တွေက မြင့်လာပြီမို့ နောင်ရိုးက လမ်းကြောင်းလွှဲရန် ကြိုးစားရတော့သည်။ မဟုတ်လျှင် စိမ်း၏ပျော်နေသော စိတ်တွေ ပြန်ရှုပ်ထွေးသွားနိုင်သည်လေ။

"ဩော်… ခုမှ သတိရတယ်၊ စောစောက stationary တွေ ဝယ်တုန်းက စိမ်းနဲ့ ရွှေအဆင်းအတွက်ပါ ဝယ်လာတာ ရော့… ရော့…"

နောင်ရိုးက သူဝယ်လာသော ဒိုင်ယာရီ[redacted]အုပ်လှလှလေး ၄ အုပ်ကို ဝေပေးလိုက်၏။

"ဟယ် လှလိုက်တာ…"

"ချစ်စရာလေး…"

နှစ်ယောက်သား အာရုံလွှဲကာ ဒိုင်ယာရီဆီ စိတ်ရောက်သွားကြ၏။

"နန္ဒကော ဘာမှ မပါဘူးလား…"

စိမ်းက မေး၏။ နန္ဒက ရွှေအဆင်းအတွက်ရည်ရွယ်ကာ ဝယ်လာသော ရွှေရောင်လက်နေသည့် ခဲတံလေးတစ်ချောင်းနှင့် ဖောင်တိန်ပင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်း စုံတွဲလေးကို ကမ်းပေး၏။ ပြီးမှ ထိုပစ္စည်းနှင့် ဆင်တူ အစိမ်းရောင်ဗူးလေးကို စိမ်းထံ ကမ်းပေး၏။

"ငါ့အတွက်ရော..."

နောင်ရိုးက လက်ဖြန့်တော့ နန္ဒက ခေါင်းခါ၏။

"မပါဘူး ဘုရင့်နောင် နောင်ရိုးတိုက်ပွဲမှာတုန်းက ဘာအရောင်ဝတ်ခဲ့လဲ ဆိုတာ ငါ မမှတ်မိတာနဲ့ ဝယ်မလာဘူး..."

ကြည့်... ဘယ်လောက်ဘုကျပြီး အမြင်ကပ်စရာကောင်းသည့်စကားပါလဲ...။ နောင်ရိုးကတော့ နေနှင့်ဦးပေါ့ဟု တေးထားလိုက်တော့သည်။

ညနေခင်းကတော့ နေမင်း၏ ရွှေရောင်အလင်းတန်းများနှင့် စိမ်းလန်းသောမြက်ခင်း၏ စိမ်းစိုစိုအရောင်များနှင့် ဖွဲ့စည်းတည်ဆောက်ခံထားရတာကို နှစ်လိုနေဟန် ရှိလေသည်။

❒



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်က။

အရောင်တွေကို ဖန်ဆင်းခဲ့တယ်

သူ့ရဲ့ချစ်ခြင်းမေတ္တာနဲ့ သူ...။

လူတွေက...

အရောင်တွေကို အမျိုးမျိုး အနက်ဖွင့်ကြတယ်

သူ့အတွေးအမြင်နဲ့ သူ...။

ပန်းချီဆရာတွေက

အရောင်တွေကို ပေါင်းဆက် စပ်ယှက်ကြည့်ကြတယ်

သူ့ခံစားချက်နဲ့ သူ...။

လူတစ်ယောက်ရဲ့ အဘိဓာန်ထဲမှာ

ဘယ်အရောင်ဟာ ဘယ်လိုအနက်အဓိပ္ပာယ်နဲ့ [illegible]...

နောက်တစ်ယောက်က သိမြင်ခွင့်မရှိဘူး...။

သေချာတာကတော့...

အရောင်အားလုံးရဲ့ အဆုံးသတ်ဟာ...??



www.burmeseclassic.com

www.burmeseclassic.com



စိမ်းအိမ်သွားတဲ့နေ့က မရောက်ဖြစ်လိုက်တဲ့ စိမ်းမေမေရဲ့ ကော်ဖီဆိုင်လေးကို ဒီနေ့နေ့လည် Breaktime မှာ သွားဖို့ရှိတယ်။ ညနေနှစ်ချိန်မှာ အတန်းယူမယ့် ဆရာမကလည်း နေမကောင်းလို့ ခွင့်ယူထားတာမို့ တစ်ဆက်တည်းသွားမှာ။ ကော်ဖီဆိုင်မှာ သူတို့ဖွဲ့စည်းတည်ဆောက်ရမယ့် ကုမ္ပဏီအကြောင်း ဆွေးနွေးကြမယ်။

'The Land of My Others Dreams'

'ကျွန်ုပ်၏ အခြားသော အိပ်မက်များတည်နေရာ' ဟု အဓိပ္ပာယ်ပြန်ဆိုလျှင် ရနိုင်သော နာမည်လေးကြောင့် ရွှေအဆင်းတို့ အံ့အားသင့်သွားကြသည်။ နေရာလေးက ရွှေအဆင်းတို့သွားလာနေကျ နေရာမှာမဟုတ်၍ ဆိုင်ကလေးကိုတော့ မတွေ့ဖူး မကြားဖူးခဲ့ကြပါ။ သို့သော် ဆိုင်ကလေးက အတော့်ကို ဆွဲဆောင်မှုပြည့်ဝသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်နှင့် ခရမ်းရောင်ပန်းပွင့်လေးများ ရောယှက်နေသည့် artificial ပန်းနွယ်များက ဆိုင်အဝမှာကတည်းက နေရာယူထားကြသည်။ ဆိုင်၏မျက်နှာကျက်များဆီကလည်း ထိုပန်းနွယ်လေးများက ဟိုနေရာတစ်နွယ်၊ ဒီနေရာ တစ်နွယ်ကျနေသေး၏။ စားပွဲတွေ ကုလားထိုင်တွေကလည်း ပန်းနုရောင်နှင့် အပြာနုရောင်များသာ။ လိုက်ကာအကြီးကြီးများကတော့ ခရမ်းရောင်ကတ္တီပါစကြီးများနှင့် ဖြစ်သည်။

dim light ဖျော့ဖျော့လေးသာ ထွန်းထားပြီး လေအေးစက် ခပ်ဖျော့ဖျော့အရှိန်လေးနှင့် ဖွင့်ထားသော အခန်းလေးက ထူးခြားသောရနံ့တစ်မျိုးနှင့် မွှေးပျံ့နေသည်။ စားပွဲတစ်လုံးစီတွင် မီးရှို့နိုင်သော scent cube လေးများနှင့် ဖယောင်းတိုင်ရောင်စုံများ တစ်တိုင်စီ စိုက်ထားသည်။ ညှိသည်ဝင်လာမှ ဖယောင်းတိုင်မှာ မီးလာထွန်းပေးကာ scent cube လေးတစ်ခုကို မီးညှိပေးခဲ့သည်။

"အနံ့က ဒီက လာတာကိုး..."

မီးညှိလိုက်၍ အသာတက်လာသော အနံ့က တစ်ခန်းလုံးကို ပျံ့နှံ့သွားစေလေသည်။

"ဘာသုံးဆောင်မလဲခင်ဗျာ..."

စားပွဲထိုး၏ ယဉ်ကျေးသော မေးခွန်းအဆုံးမှာ စိမ်းက ခပ်ဆတ်ဆတ်လေး မေးလိုက်၏။

"မေမေရော..."

"ခင်ဗျာ..."

အမှတ်တမဲ့ မေးမိပြီးကာမှ စိမ်း သတိရသွားဟန်ဖြင့် ပြန်ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်ရှင်ရော..."

"အလုပ်ခန်းထဲမှာပါ..."

"သွားပြောလိုက်ပါ... စိမ်းသခင် ရောက်နေတယ်လို့..."

"ခင်ဗျာ... ကျွန်တော်..."

အခြေအနေကို ဝင်ထိန်းလိုက်သူက နန္ဒ...။

"အန်တီ့ကို သူ့သမီးစိမ်း ရောက်နေတယ်လို့ ပြောပေးပါလား ခင်ဗျာ..."

"ဗျာ... အန်တီ့သမီး..."

စားပွဲထိုးလေးက တအံ့တသြနှင့် စိမ်းကို ကြည့်ချိန်တွင် အခန်းတစ်ခုထဲမှ စိမ်းအမေ ထွက်လာ၏။

"ယင်းမာခင်ရော... ယင်းမာခင်..."

တစ်စုံတစ်ယောက်ကို ရှာဖွေသလို ခေါ်ရင်းမှ စိမ်းတို့ရှိရာ စားပွဲကို သတိထားမိသွားဟန်တူသည်။

"သမီး စိမ်း..."

စိမ်းက 'မေမေ' ဟု ပြန်မထူးပါ။ နေရာမရွေ့ ပေကပ်ထိုင်နေသဖြင့် ကျန်လူများကပင် အားတုံ့အားနာဖြစ်ရသေးသည်။ စိမ်းမေမေက အနားရောက်လာ၏။

"ကျောင်းက လာတာလား"

"ဟုတ်ကဲ့ အန်တီ..."

"ကဲ... တစ်ခုခုစားပါဦး၊ ဘာစားမလဲ ဘာသောက်မလဲ ပြော... စိမ်းရော..."

လေသံက မနွေးထွေးသော်လည်း ဝတ္တရားကျေထက်တော့ ပိုသည်



www.burmeseclassic.com

www.burmeseclassic.com



ဟု သူတို့ ခံစားလို့ ရသည်။

"စိမ်းက ထမင်းကြော်စားမယ်... နက်(စ်)အအေးတစ်ခွက်..."

စိမ်းက သူစိမ်းတရံစာလိုပင် မှာ၏။ ကျန်လူများကလည်း ထမင်းဘူးပါနေသည်မို့ ကော်ဖီသာ မှာကြ၏။

"ထမင်းမစားကြဘူးလား..."

"ထမင်းဘူးပါတယ် အန်တီ..."

"ဩော် ဟုတ်သားပဲ... ကျောင်းက လာကြတာ၊ အန်တီ တခြားဟင်း စီစဉ်ပေးမယ် ဟုတ်ပြီလား..."

"ရပါတယ် အန်တီ..."

ပြောပြောဆိုဆို စိမ်းမေမေက မီးဖိုခန်းဘက် ထွက်သွား၏။ ရှည်သွယ်သောအရပ်နှင့် စတိုင်လ်ကျလှသော စတိုင်လ်ဘောင်းဘီသည် အလွန်လိုက်ဖက်လွန်းသည်ဟု ရွှေအဆင်း မှတ်ချက်ချမိသည်။ စိမ်းနှင့်များကွာပ။ ဒေါ်စိမ်းသခင်မှာတော့ ဘောင်းဘီမဝတ်၊ စကတ်မဝတ်... အစက စိမ်းအမေကြောင့်ဟု ထင်ထားခဲ့တာ။ ခုကျမှ စိမ်းမေမေက ခံစားချက်များသာ အေးစက်နေပြီး လူကတော့ ခေတ်နှင့်အမီ နေထိုင်သည်ဟု သိလိုက်ရ၏။

"စိမ်း..."

"ဟင်..."

နှောင်ရိုးက ခေါ်တာမို့ စိမ်းပြန်ထူး၏။

"ဘာလို့ အဲလိုကြီး ညှို့သည်လို လုပ်နေတာလဲ"

"စိမ်းက ညှို့သည်ပဲဟာ..."မေမေ့သမီးပေမယ့် မေမေက ခေါ်ထားလို့ လာတာမှ မဟုတ်ပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း အန်တီက ခေါ်မထားဘဲ လာပေမယ့် နှင်လည်းမထုတ်ဘူး၊ ညှော်ဝတ်လည်း ကျွေးတယ်လေ..."

"သိပါဘူးကွာ စိမ်း ဒီလိုပဲနေဖို့ သံပတ်ပေးခံထားရသလိုပဲ..."

စိမ်းက စိတ်ရှုပ်စွာ ဆို၏။

နန္ဒကတော့ စားပွဲပေါ်မှာ တောက်ပနေသော ရွှေရောင်ဖယောင်းတိုင်လေးကို ရွှေအဆင်းဟု ထင်မှတ်ကာ ငေးနေပုံရသည်။ ဘာမှ ဝင်မပြော။

သိပ်မကြာသောအချိန်အတွင်းမှာပင် ကော်ဖီခွက်များနှင့် အတူ ဟင်းများ မုန့်များရောက်လာသည်။

"ထမင်းကြော်ရော..."

စိမ်းက သူမမှာသော ထမင်းကြော် မမြင်တော့ မေးလိုက်၏။

"ရတော့မယ် အန်တီကိုယ်တိုင် ဝင်ကြော်နေတာမို့ပါ..."

စားပွဲထိုးကလေး၏စကားက ဘာမှ သိပ်မထူးဆန်းဘူးဟု ထင်ရသော်လည်း ကျန်လူများကို စိတ်ဝင်တစား ဖြစ်စေရုံသာမက စိမ်းကိုလည်း လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေနိုင်သေးသည်လေ။

"စိမ်း သွားကူပါလား..."

ရွှေအဆင်းက စိမ်းလှုပ်ရှားနေတာကို သိ၍ တိုက်တွန်းလိုက်သော်လည်း စိမ်းသခင်မလေးကတော့ မလှုပ်။

"စိမ်း ဆာရင် စားနှင့်မလား..."

အလိုက်ကန်းဆိုးမသိသော နောင်ရိုးက သူ့ထမင်းဘူးကို ရှေ့တိုးပေးတော့ စိမ်း ခေါင်းခါသည်။ ခဏနေကျတော့ နောက်ဖက်ထဲမှ အန်တီကိုယ်တိုင် ပန်းကန်ပြားတစ်ချပ်ကို ကိုင်၍ ထွက်လာ၏။ ပန်းကန်ထဲမှာတော့ အငွေ့တထောင်းထောင်းထနေသော ထမင်းကြော်များ။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့... သမီး စား... ပုစွန်ရယ် ကြက်သားရယ်နဲ့ ကြော်ထား
တာ..."

အန်တီက စိမ်းရေ့ကို ထမင်းပန်းကန်ချပေးပြီးသည်နှင့် လှည့်
ထွက်ရန် ပြင်သဖြင့် ရွှေအဆင်းက တားမိသည်။

"အန်တီ သမီးတို့နဲ့ လာစားပါလား..."

"ဟုတ်တယ် အန်တီ..."

ခေါင်ရိုးကလည်း ဖိတ်ခေါ်၏။ အန်တီက ပြုံးပြုံးလေးခေါင်းခါ
ကာ ငြင်း၏။

"အန်တီ စားပြီးပါပြီ... စားကြ... လွတ်လွတ်လပ်လပ်စားကြ
လိုတာရှိ ပြောနော်..."

"ဟုတ်..."

စိမ်းအမေထွက်သွားတော့မှ စိမ်းက သူမပန်းကန်ကို စ,မွှေသည်။ ပုစွန်
ထုပ် ခပ်ရှည်ရှည်အကောင်များ၊ ကြက်သားနှင့် ကြက်အူချောင်းများအပြင်
ကြက်ဥကြော်လည်း အုပ်ထားသေးသည်။ ထမင်းကြော်က စားချင်စရာ...။

"ဘာ... အပျံစားပဲ စားချင်စရာ..."

ရွှေအဆင်းက ထမင်းကြော်ကို ချီးကျူးတော့ စိမ်းက တွေတွေလေး
ကြည့်ကာ ပြန်ပြော၏။

"စိမ်းဖြင့် မေမေ အဲလိုချက်တတ်မှန်းတောင် မသိဘူး..."တဲ့...။

"အိမ်မှာ ဘယ်သူချက်လဲ..."

"အဒေါ်ကြီးနဲ့ ကောင်မလေးတစ်ယောက်ရှိတယ် သူတို့ချက်တယ်"

"စိမ်းအမေကရော သူတို့ချက်တာ စားလား..."

"စားတယ်... မနက် breakfast ရယ်၊ ညစာ နည်းနည်းရယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



စားတယ်”

“အဖေကရော...”

“အဖေကတော့ breakfast ပဲ စားတာ များတယ်...”

ဂိမ်းကို သုတေသနလုပ်နေခြင်းကို ရပ်တန့်ရန် နန္ဒက ဆော်သြလိုက်သည်။

“ကဲ... စားစား... ပြီးရင် အလုပ်ရှိသေးတယ်...”

ဟုတ်တော့ ဟုတ်ပါသည်။ အားလုံးက ကော်ဖီဆိုင် အပျော်လာထိုင်ကြသလို လာရင်းကိစ္စကို မေ့သလို ဖြစ်သွားရသည်ကိုး...။ ရွှေအဆင်းက မကျေနပ်သော်လည်း မှန်နေသော စကားတစ်ခွန်းမို့ တေဒကမတက်ပဲ ထမင်းကိုသာ ငုံ့စားတော့၏။ အန်တီ ပြင်ဆင်ပေးသော အာလူးချောင်းကြော်နှင့် ကြက်သားမရိုးနိုစ်ကလည်း စားရ အဆင်ပြေတာကိုး...။

စားသောက်ပြီးတော့ ကော်ဖီသောက်ရင်း လုပ်ငန်းစရတော့သည်။

“ကဲ... ငါတို့က ဘာကုမ္ပဏီဖွဲ့မလဲ... ဘယ်လိုနာမည်ပေးမလဲ... အရင်စဉ်းစားရအောင်...”

နန္ဒက ထိုသို့ပြော၏။

“အသင့်ချုပ်ပြီးသား Fashion အင်္ကျီတွေထုတ်တဲ့ ကုမ္ပဏီ...”

ရွှေအဆင်းက လက်တစ်ချောင်းထောင်ကာ သူမလိုရာကို ပြော၏။

“နှောင်ရီး...”

နန္ဒက နှောင်ရီးကို လှည့်မေး၏။

“Musical Instruments တွေ ထုတ်လုပ်တင်သွင်းတဲ့ ကုမ္ပဏီ”

သူ သန်ရာသန်ရာကိုး...၊ နန္ဒက ဇိမ်းကို ကြည့်ပြန်သည်။ ဇိမ်းကတော့ ခေါင်းကလေးကုတ်ကာ အကြာကြီး စဉ်းစားနေသေး၏။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"Green Master Crystal Lights and Home Decorations"

ဟု သူမအဖေ၏ကုမ္ပဏီကို ရေရွတ်သဖြင့် ရယ်ကြရသေးသည်။ ရွှေအဆင်းကတော့ နန္ဒကို ကြည့်ကာ...

"ကဲ... ဆရာကြီးကကော ပြောပါဦး..."

"Hair Care Products နဲ့ Cosmetic တွေ ဖြန့်ချိတဲ့ ကုမ္ပဏီ..."

တစ်ယောက်ကို တစ်မျိုးစီ ဖြစ်နေကြပြီ။

ဒါပေမယ့် အားလုံးထဲမှာ အဆင်ပြေတာကို ရွေးရလိမ့်မည်။ အကြောင်းမှာ projector နှင့် ထိုးပြဖို့ မိမိကုန်ပစ္စည်းတွေ နမူနာရှိရဦးမည်။ Fashion Designs တွေက internet မှ ရနိုင်သလို Haircare Products နှင့် Musical Instruments တွေကလည်း internet မှာ အချိန်ပေးပြီး ရှာလို့ရသည်ပဲ...။

အချိန်တိုတိုအတွင်းမှာ လွယ်လွယ်ကူကူနှင့် Visiting card တွေရော၊ Brocheur တွေရော မပင်မပန်းရနိုင်တာကတော့ ဉာဏ်ကြီးရှင် မလေးစိမ်းသခင် ပင်ပန်းခြင်းကြီးစွာ စဉ်းစားလိုက်သော သူမအဖေ၏ 'Green Master' ပင် ဖြစ်လေသည်။

တစ်ခါတစ်ခါတော့ လောကကြီးသည် မထင်မှတ်သောထောင့်မှ လွယ်ကူချောမွေ့မှုများကို သယ်ယူလာတတ်သည်။ ထို့အတူ မထင်မှတ်သောထောင့်မှ ခက်ခဲမှုများနှင့် ဒုက္ခများလည်း သယ်ဆောင်လာတတ်တာကိုတော့ မေ့မထားသင့်ကြပေ။

❒



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကျတော့ သူတို့ကုမ္ပဏီနာမည်က Green Master ဆိုကုမ္ပဏီ၏ M.D က နန္ဒမြတ်သူ။ GM က နောင်ရိုးနိုင်။ အထွေထွေ အတွင်းရေးမှူးက ရွှေအဆင်း။ စိမ်းသခင်က accountant ။

အမိကက စိမ်းက presentation လုပ်သည့်အခါ ရှေ့ထွက်စရာ မလိုသောနေရာကု ရွေးခြင်းဖြစ်သည်။ စိမ်းအဖေထံမှ Brochure များ ကို အခု (၂၀) လောက် တောင်းယူလိုက်သည်။ Catalogue များကို Scan ဖတ်စရာရှိက ဖတ်သည်။ CD ရှိက CD ထဲမှ ပုံများ တိုက်ရိုက် ယူသည်။ Power Point နှင့် တင်သောအလုပ်ကို ရွှေအဆင်းက လုပ်၏။ Arrangement ကို တာဝန်ယူသူက နန္ဒ...။

တကယ့်တကယ် E.O.P အချိန်တွင် presentation လုပ်ရသော နေ့တွင် သူတို့ အောင်မြင်ကြသည်။ တကယ် Visiting card များကို



www.burmeseclassic.com

www.burmeseclassic.com


နာမည်ပြောင်းကာ ဝေသည်။ Brochure များ ဝေသည်။ Power Point နှင့် ရွှေအဆင်းက တစ်ခုချင်းရှင်းသည်။ ကုမ္ပဏီ၏ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက် ပစ်မှတ် စသည်တို့ကို နန္ဒနှင့် နောင်ရိုးက တစ်ဝက်စီ ရှင်းကြသည်။ 'ကျွန်မကတော့ ဒီလုပ်ငန်းရဲ့စာရင်းဇယားတွေကို တာဝန်ယူထားပါတယ်' ဆိုသည့် စာလုံးလေးလောက်ကိုသာ စိမ်းပြောရသည်။ ဒါတောင် သူမအတွက် ခက်ခဲမှုတစ်ခုပင်...။ လက်တွေအေးစက်ကာ အသံက တုန်ချင်နေသေးသည်။

ညနေ ကျောင်းဆင်းချိန်ကျမှ သူတို့ ဟင်းချကြရတော့သည်။

ဒါက သူတို့အတွက် ပထမဆုံး အောင်မြင်မှု မဟုတ်လား။ Business နှင့် ပတ်သက်သော English ကိုရော၊ presentation ကိုရော...ခုမှ နဖူးတွေ့ ဒူးတွေ့ ပထမဆုံးရင်ဆိုင်ရခြင်း ဖြစ်သည်လေ...။ ဘာပဲပြောပြော ဒီလို project တွေကို အားထုတ်ရတာ သူတို့ပျော်သည်။

"ကဲ... အောင်ပွဲခံတဲ့အနေနဲ့ ကော်ဖီသောက်ကြမယ်...။

"ဒီကင်တင်းမှာပဲလား...။

နန္ဒစကားကို စိမ်းက ပြန်မေး၏။ နန္ဒက ရယ်မောရင်း...

"ဒါမျိုးကျ ဒေါ်စိမ်းသခင်တို့က မေးရဲပြောရဲတယ်၊ လူရှေ့ကျတော့ အသံမထွက်ဘူး..."

"ဒါကတော့ တူမလား...။

စိမ်းကလည်း ခုလိုချိန်မျိုးမှာတော့ မခံတော့ပါ။ ရွှေအဆင်း၏ ရုပ်လုံးသွင်းမှုက အတော်လေးပုံပေါ်နေပြီ ဖြစ်သည့် စိမ်းသခင် ဖြစ်နေပြီလေ။

"ကဲပါ ဘယ်သွားမှာလဲ ပြော..."

ရွှေအဆင်းကပါ အပြင်ထွက်ရန် ဆန္ဒရှိတာမို့ သူတို့ The land


www.burmeseclassic.com

www.burmeseclassic.com



of my others dreams ကိုပဲ ရွေးလိုက်ကြသည်။ စိမ်းကလည်း တက်ကြွစွာလက်ခံသည်။ ပြီး သူ့ဒရိုင်ဘာကို နောက်ကလိုက်ခဲ့ရန် ညွှန်ကြားပြီး သူမကတော့ အားလုံးနှင့် အတူ ရွှေအဆင်းကားနှင့် လိုက်လာခဲ့လိုက်သည်။

"ဘာပဲပြောပြော ဖေဖေ့လုပ်ငန်းကတော့ ကြော်ငြာပြီးသား ဖြစ်သွားပြီ..."

စိမ်းက သဘောကျစွာ ပြော၏။

"အေးလေ ငါတို့ကို ကြော်ငြာခတောင် ပေးသင့်တယ်...။

နန္ဒက ထိုသို့ပြောတော့ စိမ်းက နှာခေါင်းရှုံ့ကာ ပြန်ပြော၏။

"နင်သွားတောင်းပါလား ရရင် ငါတို့လေးပုံ ခွဲယူကြမယ်..."

ဖြစ်ပုံများက...။ သူမအဖေဆီ ကြော်ငြာခ သွားတောင်းခိုင်းပြီး သူကပါ တစ်ပုံ ဝေစုခွဲယူဦးမတဲ့...။ ရွှေအဆင်းကတော့ အရမ်းကြီး တိုးတက်လာသော စိမ်းကို 'မနိုင်တော့ဘူး' ဆိုသော သဘောနှင့် ပခုံးတွန့်ပြသည်။ ပြီး နန္ဒကိုပါ အပြစ်တင်စကားဆို၏။

"ဟို... နန္ဒဆိုတဲ့ တစ်ယောက်ကလည်း ကျေးဇူးတင်တယ် အန်ကယ်လို့ သွားပြောဖို့ စိတ်မကူးဘူး..."

"ကူးပါတယ် နောက်နေ့ပေါ့...။

"နောက်ထပ် project တွေနဲ့မှ ပေါင်းပြီး ကျေးဇူးတင်မှာလား..."

နောင်ရိုးက အဆင်းဘီးတပ်ပေး၍ နန္ဒ မကြည်ကြည့်နှင့် တုံ့ပြန်သည်။

တကယ်တော့ ကျေးဇူးတင်သင့်ပါသည်။ နန္ဒတို့ လိုအပ်သည်များကို ကူခဲ့ရုံမက သူ့ရုံးမှ ကွန်ပျူတာနှင့်ပင် အားလုံးကို လုပ်ခဲ့ရတာ မဟုတ်လား။ ဒါ့အပြင် သူတို့ အလုပ်ရှုပ်နေချိန်မှာ အန်ကယ်က ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ချိန် ထမင်း၊ အပူချိန် အပူ၊ အအေးချိန် အအေး ပြင်ဆင်ပေးခဲ့သေးတာ။ နန္ဒနှင့် နောင်ရိုးကတော့ အိမ်နှင့် ဝေးနေသူများပီပီ ဒါကိုတော့ ရင်ထဲက တကယ်ကျေးဇူးတင်ခဲ့ကြတာ အမှန်ပင်။

ကော်ဖီဆိုင်ရောက်တော့ စိမ်းအမေ မရှိ။

"အန်တီမရှိပါဘူးခင်ဗျာ"

စားပွဲထိုးလေးက ကျိုးနွံစွာပြော၏။

"ဘယ်သွားလဲ..."

"နေမကောင်းလို့ အိမ်ပြန်သွားပါတယ်...။

ထိုစကားကြောင့် စိမ်းလှုပ်ရှားသွားတာ အားလုံး သတိထားမိသည်။ ထို့ကြောင့် နောင်ရိုးက...

"ဒါဆို ပြန်ရအောင်လေ စိမ်း...။

"ကော်ဖီသောက်မှာဆို..."

စိမ်းက သူမ ဘာမှမဖြစ်လိုက်သလို ပြော၏။

"သြော်... စိမ်းကလဲ အန်တီနေမကောင်းတာ ပြန်ပါ... ကျွန်မတို့ပါ လိုက်ခဲ့ပေးမယ်လေ၊ တစ်ခုခုဆို စိမ်းက ဘာမှ လုပ်တတ်မှာမဟုတ်ဘူး..."

"အင်း... ရွှေအဆင်းတို့လိုက်ရင် ပြန်မယ်လေ..."

"နောင်ရိုးနဲ့ နန္ဒ..."

ရွှေအဆင်းက နောင်ရိုးတို့ကို သဘောထားမေးသဖြင့် ခေါင်းညိတ်ပြလိုက်သည်။ သို့နှင့် သူတို့ နာရီဝက်ခန့်မောင်းကာ စိမ်းတို့အိမ်သို့ ရောက်ဆက်ကြပြန်သည်။ လမ်းမှာ စိမ်းတစ်ယောက် သိသိသာသာ စိတ်ပူနေသည်ကို သွားတာ ရွှေအဆင်းတို့ သတိထားမိကြသည်။ စိမ်းတစ်ယောက် မိခင်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေပြီ။

အိမ်ရောက်တော့ အဒေါ်ကြီးက တံခါးဖွင့်ပေး၏။

"သမီးမေမေတောင် ပြန်ရောက်နေပြီ..."

"နေမကောင်းဘူးဆို..."

"ဟုတ်မယ်... မူးတယ်ဆိုလို့ ဒေါ်ကြီး ဂလူ့ကို့စ်နဲ့ သံပရာရည် တိုက်ထားတယ်..."

"ခု ဘယ်မှာလဲ..."

"ဧည့်ခန်းထဲမှာပဲ လှဲနေတယ်..."

သူတို့အားလုံး ဧည့်ခန်းထဲရောက်သောအခါ တစ်ယောက်အိပ်ခုတင်ခန့်ကြီးမားသော ခုံကြီးပေါ်မှာ အန်တီက လဲလျောင်းနေသည်။ သူတို့အုပ်စုကို မြင်တော့ တအံ့တသြ...

"အန်တီ နေမကောင်းဘူးဆို..."

"နည်းနည်းပါးပါးပါကွယ်..."

နောင်ရိုး၏အမေးကို အပြုံးတစ်ဝက်နှင့် တုံ့ပြန်၏။

"ဆရာဝန်ခေါ်ပေးမယ်လေ... အန်တီ..."

"အာ... ရတယ်... မလုပ်နဲ့ သား..."

အန်တီက ကပျာကယာတား၏။ ရွှေအဆင်းကလည်း ဝင်ပြောသည်။

"အန်တီကလဲ စိမ်းတစ်ယောက်တည်းကျန်မှ မသက်သာရင် ခက်ကုန်ဦးမယ်၊ ခု သမီးတို့ရှိတုန်း ဆရာဝန်ခေါ်ပေးခဲ့မယ်လေ..."

"ရပါတယ် သမီးရယ်..."

"ဒါဆို ဆေးခန်းသွားရအောင်..."

"အဝေးကြီး..."



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောနေလို့ အဆင်ပြေမှာ မဟုတ်ဟု တွက်ဆသော နောင်ရိုးက ဖုန်းဆက်ဖို့ ရှာရသည်။ စားပွဲပေါ်မှာ ဖုန်း။

"ကျွန်တော် ဖုန်းဆက်ခေါ်ရင် လာမယ့် ဆရာဝန်ရှိတယ်၊ ခေါ် လိုက်မယ်နော် အန်တီ၊ ဘာမှ မပူနဲ့ သူ့ကား သူမောင်းလာမှာ..."

"ဒါဆိုလည်း ကောင်းတာပဲ..."

ရွှေအဆင်းက ထောက်ခံ၏။ စိမ်းကလည်း ခေါ်စေချင်ဟန်ရှိသည်။ ထို့ကြောင့် နောင်ရိုး ဖုန်းထဆက်လိုက်သည်။

"ဖေဖေ ဆေးခန်းက ပြန်ပြီလား၊ လမ်းမှာလား..."

"......"

"ဒါဆို မင်္ဂလာဒုံနားကို ခဏလောက် လာခဲ့ပေးပါလား..."

"......"

"သားသူငယ်ချင်းအမေ နေမကောင်းလို့..."

"......"

"လိပ်စာက..."

ထိုအခါကျမှ နောင်ရိုးနိုင်၏အဖေသည် ဆရာဝန်... ဆိုတာ အားလုံး သိခွင့်ရလိုက်ကြသည်။

"အားနာစရာ သားရယ် လူကြီးကို..."

အန်တီက အားနာစွာပြော၏။

"ရတယ် အန်တီ၊ ဖေဖေက လှည်းတန်းနားရောက်နေပြီ၊ လမ်း... နေတာပဲ၊ မကြာခင် ရောက်လာလိမ့်မယ်၊ ဖေဖေက အထွေထွေရော... သမားတော်လေ..."

"ဪ... သမားတော်ကြီးကို အိမ်ကို ခေါ်ရတယ်လို့ကွယ်..."



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သားနာမည်က…”

ဒီတော့မှစိမ်းလည်း သူ့သူငယ်ချင်းတွေရဲ့နာမည်ကို အမေလုပ်သူကို မပြောပြရသေးတာ သတိရတော့သည်။

“နောင်ရိုးနိုင်တဲ့ မေမေ… သူက နန္ဒတဲ့… သူကတော့ ရွှေအဆင်း…”

“သမီးက နာမည်နဲ့ လိုက်တယ်…”

စိမ်းအမေ (စိမ်းအခေါ် ရေခဲပန်းပုရုပ်)က ရွှေအဆင်းကို ထိုသို့ပြောလာသဖြင့် ရွှေအဆင်း အံ့ဩသွားရသည်။

“ဒါနဲ့ နောင်ရိုးနိုင်ရဲ့အဖေနာမည်က…”

“ဒေါက်တာမင်းမြတ်နောင်ပါ အန်တီ…”

နောင်ရိုးစကားအဆုံးမှာ အန်တီ့လှုပ်ရှားမှုများအားလုံး ငြိမ်ကျသွားသလို ခံစားလိုက်ရသည်။ ဘာမှ လှုပ်လှုပ်ခတ်ခတ်မရှိလိုက်ပဲ ငြိမ်သက်သွားတာမို့ တော်ရုံလူ သတိမထားမိနိုင်သော်လည်း နပ်လွန်းသော ရွှေအဆင်းက သတိပြုမိသည်။ ကပျာကယာထသွားကာ နောက်မီပေါ်တင်ထားသော စောင်ပါးတစ်ထည်ကို ယူကာ ခြုံပေးလိုက်သည်။ ထိုအထိလည်း ငြိမ်သက်နေဆဲ…။ ရွှေအဆင်းက စောင်နှင့် မလွတ်သလိုနှင့် လက်များကို တမင်ဆွဲယူ ကိုင်ကြည့်လိုက်သောအခါ ရင်ထဲမှာ ဒိန်းခနဲ ဘုရားတ,ရလောက်သည်ထိ အေးစက်နေတာကို ရွှေအဆင်း သိလိုက်သည်။

စောင်ကို အသေအချာခြုံရင်း လက်ဖျားတွေကို ဆုပ်နယ်ပေးလိုက်တော့မှ အသိဝင်လာသည်။

“ရတယ် သမီး… ရတယ်…”



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် အန်တီ… အန်တီ့လက်တွေက အေးနေတာ ဖျားရော နေသေးလား…"

ရွှေအဆင်းက နဖူးကို အသာစမ်းတော့ ငွေ့ငွေ့လေးပူနေတာကို ခံစားရသည်။

"အန်တီ ဖျားနေပြီ"

"ဖျားပြီပေါ့ သမီးရယ်…"

သူမနှုတ်ဖျားမှ ဖျော့တော့အေးစက်စွာ ထွက်ကျလာသော စကားကို အားလုံးကြားလိုက်ရမှာ သေချာသော်လည်း နားလည်လိုက်မှု တူချင်မှ တူပေလိမ့်မည်။ ရွှေအဆင်းကတော့ ဘာမှန်းမသိသော်လည်း တစ်စုံတစ်ရာသော အရိပ်ကြီးတစ်ခု ချဉ်းကပ်လာသလို ခံစားလိုက်ရတာမို့ စိုးရိမ်စိတ်များနှင့် စိမ်းအမေကိုသာ ကြည့်နေမိတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်းတစ်ယောက် နောင်ရိုးကို တစ်ယောက်တည်းချိန်းသည် ဆိုတော့ မျက်မှောင်ကြီးကြုတ် ယောက်ယက်တွေခတ်ကုန်တာက နန္ဒ...။

"သူ့မှာ ကိစ္စတစ်ခုရှိလိမ့်မယ်..."

"ရှိတာတော့ ရှိမှာပေါ့... အဲဒီကိစ္စက ငါမပါရလောက်အောင် ဘာဖြစ်စရာ ရှိလဲလို့ တွေးနေတော..."

နောင်ရိုးစိတ်ထဲက ရယ်ချင်စိတ်ကို ကြိတ်မှိတ်မျိုသိပ်ကာ နန္ဒကို နှစ်သိမ့်ရတော့သည်။

"နန္ဒ..."

"ဘာလဲ..."

"ရွှေအဆင်း ဘာတွေပြောတယ်ဆိုတာ ငါ ပြန်ပြောပြဖို့ အာမခံတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲလို မတောင်းဆိုပါဘူး..."

မာနကလည်း မချချင်။ မတောင်းဆိုသော်လည်း သူမပါတာကို တော့ နေမထိ ထိုင်မသာဖြစ်တာ အမှန်ပင်။

"မင်း မတောင်းဆိုပေမယ့် ငါ ကတိပေးတယ် ယုတ်စွအဆုံး ကွာ..."

နောင်ရိုးက စကားကိုမဆက်ဘဲ ရပ်ထားတော့ နန္ဒက မသက်သာသလို ကြည့်၏။ နောင်ရိုး မအောင့်နိုင်ဘဲ ရယ်မိရင်းက ပြောလိုက်သည်။

"ဟဲဟဲ... ရွှေအဆင်းက ငါ့ကို ရည်းစားစကား ပြောခဲ့ရင်တောင် on the spot ငါ ငြင်းခဲ့မယ်ဆိုတာလည်း ကတိပေးတယ်..."

"......"

နန္ဒရယ်ကာ ဆဲလေတော့သည်။

"ကဲ... သွား... ကွ...ကွ"

"သွားပြီ..."

လမ်းထိပ် လက်ဖက်ရည်ဆိုင်လေးကို ရောက်တော့ ရွှေအဆင်း ရောက်နေပြီ။ ခရမ်းရင့်ရောင်အင်္ကျီနှင့် အဖြူရောင်စကတ်ကို တွဲဝတ်ထား သော ရွှေအဆင်းက အတော်လှတာ အမှန်၊ ဘယ်သူမဆို ချက်ချင်း စိတ် ဝင်စားသွားအောင် ဆွဲဆောင်နိုင်စွမ်းရှိတာလည်း ငြင်းမရ။ ထိုအထဲမှာ နောင်ရိုးမပါတာတော့ သေချာသည်။

"ရောက်တာ ကြာပြီလား..."

"ခုပဲ ကော်ဖီမှာထားတယ်... သောက်မယ် မဟုတ်လား..."

"သောက်တာပေါ့..."

နောင်ရိုးက ဝင်ထိုင်ရင်း ရွှေအဆင်း၏မျက်နှာမှာ တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုတွေ့ငြား ရှာမိ၏။ မတွေ့...။ ဒီကောင်မလေးက ခံစားချက်ကို ဖုံးကွယ်တတ်တာလား။ မဖော်ပြတတ်တာလားဟု တွေးနေမိသည်။ သူချစ်သော စိမ်းကလေးကတော့ ထိုသို့မဟုတ်။ ခံစားချက်က ချက်ချင်းပေါ်သည်။ သူ တစ်စုံတစ်ရာ လှုပ်ခတ်သွားတာကို အားလုံး ရိပ်မိတတ်တာလည်း အမြဲပင်...။

"ကဲ... ပြောပါဦး ရွှေအဆင်း... ကျွန်တော်တောင် ရင်ခုန်ချင်လာပြီ..."

နောင်ရိုးက နောက်တော့ ရွှေအဆင်းက မျက်စောင်းထိုး၏။

"အရေးထဲ..."

"ကျွန်တော်က နောက်တာပါ... တကယ် ရင်ခုန်ကျန်ခဲ့တာက နှင်း..."

"ဟင်... ဘာဖြစ်ရတာလဲ..."

"သူမပါလို့..."

"သူ့မခေါ်တော့ သူ့အကြောင်းပြောမယ် ထင်ပြီးလား..."

"ဟင့်အင်း... သူ့အကြောင်းမပါမှာပဲ စိုးမှာ..."

နှစ်ယောက်သား ရယ်မောမိကြသည်။

"ကဲ... ပြောမယ်..."

"ပြော..."

"ပြောမယ်ဆိုတာထက် မေးမှာ..."

"ဟုတ်... မေးပါ..."

"ရှင်နဲ့ စိမ်းနဲ့ ဘယ်သူကြီးလဲ..."

ရုတ်ရက်ကြီး မဆိုင်သောစကား ထွက်ကျလာတာမို့ နောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားရသည်။

"ကျွန်တော်မှ မသိတာ..."

"စိမ်းမွေးနေ့က x x x x x လေ..."

"အင်း... ဆို စိမ်းက ရှင့်ထက် တစ်နှစ်ကျော်ကြီးတယ်..."

"ဘာလို့မေးတာလဲဟင်..."

"မေးစရာရှိလို့ ရှင့်ကို ခုလိုမမေးခင် ကျွန်မ စိမ်းကိုလည်း မေးခဲ့ရတယ်၊ စိမ်းကိုတော့ ဘာမှမပြောပြဘဲ မေးလို့ အဆင်ပြေတယ်၊ ရှင်ကတော့ ဘာမှ မပြောပြဘဲ မေးလို့ အဆင်ပြေမှာ မဟုတ်ဘူး..."

နောင်ရိုး ခေါင်းတွေထူပူလာသလို ခံစားရသည်။ နပ်လွန်းသောရွှေအဆင်းက သူ စိမ်းကိုချစ်နေတာများ သိသွားခဲ့ပြီလား...။

"ကျွန်တော် ဘာမှ နားမလည်သေးဘူး..."

"ကျွန်မလည်း နည်းနည်းပဲ သိသေးတာ၊ ရှင့်ကိုမေးမှ သိရမှာ..."

"ကျွန်တော့်ကို..."

"အင်း... ရှင့်အဖေနဲ့ အမေက မိဘပေးစားတာလား၊ သူတို့ချင်းကြိုက်လို့ ယူတာလား..."

"အဲ..."

နောင်ရိုး ဘာဖြေရမှန်း မသိတော့။ တစ်ခါမှလည်း အဖေ့ကိုရော အမေ့ကိုပါ အင်တာဗျူးမှ လုပ်မထားခဲ့တာ...။

"မသိဘူးဗျ..."

"ဒါဆို ရှင့်အဖေနဲ့ အမေ အိမ်ထောင်ကျတဲ့ခုနှစ်က..."

"ကျွန်တော်မမွေးခင် တစ်နှစ်ပေါ့..."

"အလွယ်မဖြေနဲ့လေ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ တကယ်ပါ... အဖေနဲ့ အမေ အိမ်ထောင်ကျပြီး တစ်နှစ်ကျော်မှာ ကျွန်တော့်ကို မွေးတယ်လို့ သိထားတယ်လေ..."

"ရှင့်အဖေနဲ့ အမေရဲ့အိမ်ထောင်ရေးက..."

ရွှေအဆင်း၏မေးခွန်းက tempo မြင့်လာသလို ခံစားရသည်။

"ဘာကို မေးတာလဲဟင်..."

"အဆင်ပြေလား မေးတာ...စိမ်းတို့လိုတော့ အေးစက်မနေဘူး မဟုတ်လား..."

"ပုံမှန်ပါပဲ... အဲလောက်ကြီး အေးစက်နေတာ မဟုတ်သလို၊ အရမ်းကြီးနွေးထွေး ချစ်ခင်ပြနေတာမျိုးလည်း မဟုတ်ဘူး၊ ဒါနဲ့ ဘာလို့မေးတာလဲဟင်..."

ရွှေအဆင်းက နောင်ရိုးကို သေချာ မျက်လုံးချင်းစိုက်ကြည့်၏။

"ရှင် တကယ်မသိဘူးလား..."

"မသိဘူး..."

"မနေ့က ရှင့်အဖေ လူနာလာကြည့်တော့ ဘာထူးခြားတာ ဆွဲ့လဲ..."

"ထူးခြားတာ..."

နောင်ရိုး အပြေးအလွှား စဉ်းစားရသည်။ အဖေ့ဆေးအိတ်ကို ပြေးဆွဲကာ အခန်းထဲပို့ပေးသည်။ ပြီး နန္ဒနှင့် နောင်ရိုးက အပြင်က စောင့်သည်။ အဖေ လူနာကြည့်ပြီး ပြန်ထွက်လာတော့...

နောင်ရိုးအတွေးက ထိုနေရာမှာ ရပ်သွားသည်။

အမြဲလိုကြည်လင်နေခဲ့သော အဖေ့မျက်နှာ တည်ငြိမ်နေကာ သူ့ကိုတောင် နှုတ်မဆက်ဘဲ ပြန်သွားခဲ့တာကို သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ခင်ဗျားမေးမှ သတိရတယ်၊ တစ်မျိုးပဲ ငြိမ်သွားသလို ကြည်လင်မှု မရှိတော့သလိုပဲ၊ ကျွန်တော့်ကိုလည်း ဘာမှ မပြောပဲ ပြန်သွားတယ်..."

ရွှေအဆင်းက ခေါင်းညိတ်ကာ သက်ပြင်းတစ်ချက်ကို ချ၏။

"ကျွန်မတို့အခန်းထဲမှာကတော့ သက်ငြိမ်မုန်တိုင်းတစ်ခု တိုက်သွားသလို ခံစားရတယ်၊ အန်တီက မျက်လုံးကို စုံမှိတ်ထားတာ မဖွင့်တော့ဘူး၊ မေးသမျှကို မျက်လုံးမဖွင့်ပဲ ဖြေတယ်၊ အန်ကယ်ဒေါက်တာကလည်း စိုးရိမ်စိတ်နဲ့ မေးတာပဲ၊ နောက်ဆုံး ဆေးပေးပြီး ပြန်သွားတဲ့အထိ အန်တီက အိပ်နေတာ၊ သတိမရှိတာလည်း မဟုတ်ဘဲနဲ့ မျက်လုံးကို မဖွင့်တော့ဘူး၊ အန်ကယ်ဒေါက်တာ ထွက်သွားတာကလည်း တစ်ခုခုကို နောက်ဆံတင်းပြီး လေးကန်ကန် ထွက်သွားသလိုမျိုး၊ စိမ်းက မသိပေမယ့် ကျွန်မရင်ထဲမှာ ခံစားလိုက်ရတာတစ်ခု ရှိတယ်..."

"ဘာ... ဘာလဲဟင်..."

နော်ရှီးလည်း လျှပ်ပြက်သလို လင်းထင်းလာသော အတွေးကို ချိုးနှိမ်ရင်း ပြန်မေးလိုက်မိသည်။

"အန်တီတွေ့ခဲ့တဲ့ သူတကယ်ချစ်တဲ့သူဆိုတာ..."

ရွှေအဆင်းက စကားကိုဖြတ်ပြီး နော်ရှီးကို ကြည့်၏။

"ဖေဖေ... ကျွန်တော့်ဖေဖေလ...."

နော်ရှီး တုန်လှုပ်စွာမေးမိချိန်မှာ ရွှေအဆင်းက ခေါင်းညိတ်ပြီး နေပြီ။

"ကျွန်မ မမှားလောက်ဘူး ... ငပါတယ်"

သူတို့ စကားလုံးတွေ ကုန်... ခြောက်... သလို တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ တဒင်္ဂ…။ ထိုတဒင်္ဂသည် တစ္ဆေများစွာ ယိမ်းထိုးကခုန်နေသော နာရီနှင့် တူ၏။

"အဲ… အဲဒီတော့…"

"ဘာ… အဲဒီတော့လဲ…"

"ကျွန်တော်တို့…"

"ကျွန်မတို့ ဘာမှ ဆက်လုပ်လို့ မရဘူး၊ ကျွန်မသိချင်တာ တစ်ခုပဲရှိတယ်၊ ရှင်အမေ ဖဟာ အန်တီ ဖွင့်ပြောခြင်းဆိုပြီးမှ အိမ်ထောင်ပြုခဲ့တာလား ဆိုတာ ပဲ…"

"ဒါ တာဒရာ ဘာထူးမှာမို့လဲ…"

ရွှေအဆင်းက ခေါင်းကို အသာရမ်းရင်း ပြော၏။

"လူ့ ဘတ်ဆိုတာ ပြောရ မှန်းဆရခက်တယ် နောင်ရိုး… တစ်ခါ အလေကျ ဘာ မဟုတ်တာလေးနဲ့ ဖြေဆည်ရာ ရတတ်သလို တစ်ခါတလေကျ ဘာမှ မဟုတ်တာလေးကြောင့်ပဲ ဒုက္ခရောက်ခတ်ကြတယ်၊ ဒီလို တစ်ခုခုသိ ထားရတော့ အန်တီ့အတွက် တစ်ခုခုများ ထူးခြားမလားလို့…"

နောင်ရိုး မျက်မှောင်ကြုတ်မိသည်။

"တစ်ခုခု ထူးခြားမလားလို့ ဆိုတော့ ဘယ်သူက သွားပြောပေးမှာလဲ… ပြီးတော့ အဖေက အန်တီနဲ့ စတွေ့ကတည်းက အိမ်ထောင်ရှိနေခဲ့တာမျိုးလို့ နင်ထင်လို့လား…"

ဒါက နောင်ရိုးအဖေ၏ သိက္ခာကို ထိပါးနိုင်သော အတွေးလေ…။ ရွှေအဆင်းဆိုသော ကောင်မလေးကတော့ အသာခေါင်းခါ၏။

"မထင်ပါဘူး မဖြစ်စေချင်တာ၊ မဖြစ်နိုင်ဘူးဆိုတာ သေချာချင်တာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ခဲ့ရင်ကော..."

"ငါနားလည်နိုင်ပေမယ့် တခြားလူ နားလည်နိုင်ချင်မှ နားလည်နိုင်မယ် ဥပမာ နင်..."

ရွှေအဆင်း၏ ထိမိသောစကားကြောင့် နောင်ရိုး ငြိမ်သက်သွားရသည်။

"လူ့စိတ်ရဲ့သဘောက ပြောခဲ့သလို မှန်းဆရခက်တယ်၊ နားလည်နိုင်ရင်တော့ ဒါဟာ ခံစားမှုနဲ့ဆိုင်တယ်၊ နားမလည်နိုင်ရင်တော့ ဒါဟာ လူမှုရေးဖောက်ပြန်မှုပဲ၊ ဒါကို နင်ခံစားနိုင်ဖို့လိုတယ်၊ ငါကတော့ ဘယ်သူ့ကိုမှ အထင်မသေးဘူး၊ ဒီလိုစကားတွေ ပြောမှာမို့လည်း ငါ နင့်တစ်ယောက်တည်းကို ရွေးခေါ်တာလေ..."

နောင်ရိုး နားလည်စွာ ပြုံးပြလိုက်ရသည်။

"ကောင်းပါပြီ ငါ အဖေနဲ့ တွေ့လိုက်ပါ့မယ်..."

"တွေ့ပါ... တစ်ခုတော့ မှာချင်တယ်၊ နင် တခြားကိစ္စတစ်ခုလို သာ ဆွေးနွေးပါ အရမ်း serious ဖြစ်မပြပါနဲ့..."

"ငါ နားလည်ပါတယ်..."

တစ်ခါတစ်ရံတော့လည်း နားလည်နိုင်ခြင်းသည် ပေါ့ပါးသောဝန်ကို ဖြစ်စေနိုင်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



၉

ရွှေအဆင်းက နောင်ရိုးကို သူ့အဖေဆေးခန်းထိုင်ရာ ဆေးကုခန်းသို့ လိုက်ပို့ပေးခဲ့သည်။ လူနာများလွန်းသော အဖေ့ကို ထိုင်စောင့်ရင်း နောင်ရိုး စကားလုံးတွေ စီရသေးသည်။

"ဖေဖေ ဟိုနေ့က သွားကြည့်တဲ့ စိမ်းအမေကို သိလား..."

"ဖေဖေနဲ့ ဘယ်လိုပတ်သက်ခဲ့ဖူးလဲ..."

"ဖေဖေနဲ့ မေမေက အန်တီနဲ့လွဲပြီးမှ တွေ့ကြတာလား..."

"ကျွတ်..."

နောင်ရိုး ကိုယ့်ကိုယ်ကို စိတ်ပျက်စွာ စုတ်သပ်မိသည်။ တစ်ခွန်းမှ အဆင်ပြေသည်ဟု သူမထင်။ နောင်ရိုး မေးခွန်းရောင်စုံတွေနှင့် နပမ်းလုံးနေဆဲမှာပင် အဖေထွက်လာ၏။

"ဟာ... ဟော့ကောင်..."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့ကိုတွေ့တော့ တအံ့တသြ…။ ပြီးမှ ချက်ချင်း မျက်နှာ ပျက်သွားကာ မေးသည်။

"ဘာ… ဘာဖြစ်လို့လဲ… မနေ့ကလူနာ…"

"ဘာမှမဖြစ်ပါဘူး ဖေဖေ… သား လမ်းကြုံလို့ ဝင်လာတာ…"

နောင်ရိုးအဖြေကြောင့် ဖေဖေ ချက်ချင်း ပြောင်းလဲသွားပြန်သည်။

"ကြည့်ရတာ ပိုက်ဆံမပြတ်ပြီထင်တယ် ဟုတ်လား…"

"သေချာတယ် ဖေဖေ ညနေစာပါ ဖေဖေနဲ့ စားမလားလို့…"

"ကောင်းသားပဲ… လာ…"

ဖေဖေက သူ့ကို International Hotel ရှိ Million Coins သို့ ခေါ်သွားသည်။ ဒီနေရာမှာ အရင်ကတည်းက ဖေဖေနှင့် သူတို့မောင်နှမ ကြေးအိုးသောက်နေကျ…။

"ဖေဖေ…"

"ဟေ…"

"မနေ့က ဖေဖေကြည့်ပေးတဲ့ အန်တီက…"

နောင်ရိုး စကားစကို တမင်ဖြတ်ထားပြီး ဖေဖေ့ကိုကြည့်၏။

"ဘာဖြစ်လဲ သား…"

"အခြေအနေ ဘယ်လိုလဲ…"

"အားနည်းတာရယ်… စိတ်ကြောင့်ရယ်… နှလုံးလည်း သိပ် မကောင်းချင်တာရယ်…"

ဖေဖေက လေးနက်စွာဖြေ၏။

"အဲဒီအန်တီနဲ့ ဖေဖေက သိလားဟင်…"

မထူးတော့သည့်အဆုံး နောင်ရိုး မေးခွန်းကို စ,လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ နောင်ရိုးကို တစ်ချက် စူးစူးကလေးကြည့်၏။ ဘာအဓိပ္ပာယ်လဲ ဆော့ နောင်ရိုးမသိ။ နပ်လွန်းသော ရွှေအဆင်းသာဆို သိလေမလားပ ဆွေးမိသေးသည်။ ဖေဖေကတော့ စားလက်စကို ရပ်ကာ တူကို ချရင်း ပါးစပ်ကို တစ်ရှူးစနှင့် သုတ်ပစ်လိုက်၏။

"သိရုံကမလားကွာ..."

"ခင်ဗျာ..."

သိသိကြီးနှင့် နောင်ရိုး 'ခင်ဗျာ' ဟု ထွက်ကျသွားရသေးသည်။ ဟန်ဆောင်တာတော့ မဟုတ်ပါ။ ဖေဖေ ချက်ချင်းကြီး ဖြေလိမ့်မည်ဟု မထင်မှတ်ထားသောကြောင့် ဖြစ်နိုင်သည်။

"ဟုတ်တယ် သိရုံတောင်မကခဲ့ဘူး..."

"ဒါ... ဒါဆို အန်တီ တကယ်ချစ်တယ်ဆိုတဲ့ ချစ်သူက ဖေဖေ လား..."

"ဘာ... ဘာ... ဘာပြောတယ်..."

ရုတ်တရက်မို့ ဖေဖေ တအံ့တသြထ,မေးသည်။ သွားပြီ...။ နောင်ရိုး စကားတွေ ကျော်ကုန်ပြီ။ အန်တီ အဲဒီလူကို ချစ်တာ ဖွင့် မပြောပြလိုက်ဘူး လို့ စိမ်းပြောလို့ သူသိထားရက်နဲ့...။

"ပြန်ပြောစမ်း နောင်ရိုး..."

မထူးတော့ပြီမို့ နောင်ရိုး အစက ပြောတော့သည်။

"ဒီအကြောင်းတွေကို သားသူငယ်ချင်းက ပြောထားခဲ့တာ ကြာပြီ၊ သူတို့ရဲ့မိသားစုအရေးကို ရင်ဖွင့်တာပေါ့၊ စိမ်းက အဖေနဲ့ အမေ အဆင် မပြေမှုကြားမှာ အထီးကျန်ခဲ့ရတဲ့ ကလေးတစ်ယောက်လေ..."

"အဆင်မပြေဘူး ဟုတ်လား..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခုဆို အန်တီက စိမ်းပြောပြသလောက်ဆို အတော်ကြီးကို အေးတိအေးစက်နိုင်လွန်းတယ်တဲ့... စိမ်းက သူ့အမေကို ရေခဲပန်းပုရုပ်လို့ ခေါ်တာလေ..."

"ဆက်ပါဦး..."

ဖေဖေက စောစောက လှုပ်ခတ်သွားခဲ့တာ သူမဟုတ်သလိုနှင့်...။ တခြားတစ်စုံတစ်ဦး၏ကြောင်းကို နားဆင်နေသူပမာ စကားကို ဆက်ခိုင်း၏။

"အန်တီက သူတကယ်ချစ်တဲ့သူကို တွေ့လိုက်ရတယ် ဆိုတာကို စိမ်းအဖေကို ဝန်ခံခဲ့တယ်၊ အဲဒီလိုပဲ သူဟာ စောင့်ထိန်းအပ်တာတွေကို စောင့်ထိန်းခဲ့တယ် ဆိုတာလည်း အသိပေးခဲ့တယ်၊ အဲဒီနောက်မှာ စိမ်းအဖေက မခံချင်စိတ်တွေနဲ့ တခြားအမျိုးသမီးတွေနဲ့ တွဲခဲ့တော့ အန်တီ့ခံစားမှုက ပိုပြီး အေးစက်သွားခဲ့တယ်...လို့ စိမ်းက ပြောပြထားတယ်..."

"သူ တကယ်ချစ်တဲ့သူတဲ့လား..."

"ဟုတ်တယ် ဖေဖေ..."

"အဲဒါ ဖေဖေတဲ့လား..."

"အင်း..."

ဖေဖေ့အကြည့်များက နောင်ရိုးကိုကျော်ကာ အဝေးကို ရောက်သွားသလိုပင်...။ ဘာဆိုဘာမှ ပြန်လုပ်ယူ၍ မရတော့သည့် အချိန်မှာ ဘာမှ မတတ်နိုင်သော လူတစ်ယောက်၏ လက်မှိုင်ချသောအကြည့်မျိုးနှင့် ဆင်ဆင်တူနိုင်သည်။ သို့သော် ထိုခံစားချက်ကို စိမ်းအမေက အရင်ခံစားခဲ့ပြီးပြီ။

"သားမေးချင်တာ ရှိသေးတယ် ဖေဖေ..."



www.burmeseclassic.com

www.burmeseclassic.com



"မေးလေ သား..."

"ဖေဖေ အန်တီ့ကိုတွေ့တော့ စိမ်းမွေးပြီးပြီလား..."

"ဟင့်အင်း... သူ့မှာ ကလေးမရှိသေးဘူး၊ အဲဒီအချိန်က သူ့အမျိုးသားက နိုင်ငံခြားမှာ၊ ဖေဖေ မင်္ဂလာဆောင်ခါနီးကျမှ သူ ကလေးတစ်ယောက်ရတယ် ကြားတာပဲ၊ အဲဒါက စိမ်းတဲ့လား..."

နောင်ရိုးရင်ထဲ ပေါ့ပါးရှင်းလင်းသွားကာ ခေါင်းကို အမြန်ညိတ်ပြလိုက်သည်။

"ဖေဖေ..."

"ဟင်..."

"မေမေ့ကိုရော ဖေဖေက ချစ်လို့ ယူခဲ့တာပဲလားဟင်..."

ဖေဖေက နောင်ရိုးကို လျှို့ဝှက်သောအပြုံးတစ်ခုကို ပေး၏။ နောင်ရိုးဘယ်လိုမှ နားမလည်နိုင်သော အပြုံးမျိုး။

"ဖေဖေနဲ့ မင်းအမေကို လူကြီးတွေက ငယ်ငယ်ကတည်းက သဘောတူထားတာ၊ ဒါပေမယ့် တစ်ယောက်ကို တစ်ယောက် မောင်နှမလိုပဲ သဘောထားတယ်၊ ဖေဖေ စိမ်းရဲ့အမေကို ကြိုးစားတုန်းကတောင် မင်းအမေက အကြံတွေပေးခဲ့တာ၊ နောက်မှ သူ့မှာ အိမ်ထောင်ရှိမှန်းသိရတော့ နှစ်ယောက်လုံး စိတ်တွေမကောင်း ဖြစ်လို့ပေါ့..."

"အဲဒါနဲ့ပဲ ဖေဖေတို့က ယူလိုက်ရောလား..."

"မိဘတွေက အတင်းနားချတာရော၊ နှစ်ယောက်လုံးက မချစ်တောင် သံယောဇဉ်ရှိကြတာရော၊ နောက် အရေးအကြီးဆုံးက အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက်ဆီ စိတ်ရောက်နေပြီး စိတ်နဲ့ ပြစ်မှားမိမှာစိုးတာရော ဒါတွေကြောင့် ဖေဖေ အိမ်ထောင်ပြုလိုက်တာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားက တရားနည်းလမ်းကျသည်။ သို့သော် နောင်ရိုး ဘဝင်မကျတာက ကိုယ်ချစ်တဲ့သူတစ်ယောက်ကို မေ့နိုင်ဖို့၊ တခြားတစ် ယောက်ကို ယူပြီး မေ့ဖို့ ကြိုးစားယူသည့် ကိစ္စပင်။ သို့သော် ဒါက ဖေဖေတို့ကိစ္စ...။ ခု... နောင်ရိုးလိုချင်သောအဖြေ (အင်း... အားလုံး ကျေနပ်မည့်အဖြေဆို ပိုမှန်မည်...) ကို ရလိုက်သည့်အတွက် နောင်ရိုး ကျေနပ်သည်။ ရွှေအဆင်းလည်း ကျေနပ်လိမ့်မည်ဟု ထင်သည်။ အန်တီ ကရော...။

The Land Of My Others Dreams ဆိုသည့် စာလုံးလေး များကို အားနာသလို ခံစားမိရတာတော့ အမှန်။ အန်တီက သူ့ချစ်သူကို သူ သိစဉ်ကအတိုင်းလေးထားကာ ချစ်မြဲချစ်ဆဲ ဖြစ်ပုံရသည်။ ခုလို သူ့ချစ်ခဲ့ သူက နောင်ရိုး၏အဖေဆိုတာ သိသွားခဲ့ရတော့ အန်တီ့အိပ်မက်တွေ ပျက်ပြယ်ရတော့မည်ပေါ့...။ ဘာလို့များ ကံကြမ္မာက နှစ် (၂၀) လောက် မသိအောင် ထားပြီးမှ ပေးသိခွင့် ပြန်ပေးရတာတဲ့လဲ...။ နောင်ရိုးကတော့ ထုံးစံအတိုင်း ကံကြမ္မာကိုသာ ပုံထားလိုက်တော့သည်။

"နောင်ရိုး..."

"ဗျာ..."

"သားကရော... အဲဒီဒီကောင်မလေးနဲ့ ဘယ်လိုပတ်သက်လဲ..."

နောင်ရိုး ခေါင်းကို တမင်ဖွကုတ်ပစ်လိုက်သည်။

"ဟိုလေ ဖေဖေ..."

ဖေဖေက ပွင့်လင်းသလောက်တောင် နောင်ရိုး သတ္တိမရှိခဲ့တဲ့ လားဟု ပြန်တွေးရင်းက...

"ဟို... သားက စိမ်းကို ချစ်နေတာ..."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ပြုံး၏။

"တို့သားအဖတွေ ဝဋ်ကြွေးမကုန်သေးဘူး ထင်တယ်..."

"ဟာ... ဖေဖေကလဲ..."

"အဆင်ကော ပြေလား..."

"သား ဘာမှ မပြောရသေးဘူး..."

ဖေဖေက တူကို ပြန်ကောက်ကိုင်သည်။ စားလက်စ ပန်းကန်ကို ပြန်လည်မွေ့နှောက်လိုက်ရင်းက စကားတစ်ခွန်းကို ရေရွတ်သလို ပြော၏။

"အောင်မြင်ပါစေကွာ..." တဲ့။

နောင်ရိုး ဘာမှ ပြန်မပြောမိ။ လူဆိုတာကတော့ မျှော်လင့်ချက်တွေ တသီကြီးနှင့် အသက်ရှင်နေရတာပင်။ သို့သော် ကိစ္စရပ်တိုင်းသည် မျှော်လင့်သလို ဖြစ်မလာနိုင်တာတော့ နောင်ရိုး ကြိုတွေးထားသည်။ နန္ဒလို တော့ ဒါလုပ်ရင် ဒါဖြစ်ရမယ်ဟု... တွေးကာ စိတ်တွေ မပင်ပန်းချင်...။ 'စိမ်းပြန်မချစ်တော့လည်း ရတာပဲ...' ဟုတော့ နောင်ရိုးမပြောနိုင်တာ သေချာသည်။ သို့သော် နောင်ရိုး၏စိတ်ကိုက အရာရာကို လက်ခံနိုင် အောင် အသင့်ပြင်ထားသည်။ တစ်ယောက်က တစ်ယောက်ကိုချစ်တိုင်း ပြန်ချစ်ခံရဖို့ ဆိုတာက သေချာသောအလုပ်မှ မဟုတ်ဘဲ...။ ခံစားရ အောင်း ခံစားရမှာ သေချာလျက်ကပင်... ဒါကို လက်ခံနိုင်အောင် ကြိုးစား ရပေမည်။

မဟုတ်လျှင်တော့...

"စားလေ သား... ဘာတွေ တွေးနေပြန်တာလဲ..."

"ဘာမှ မဟုတ်ပါဘူး..."

"သိပ်မတွေးပါနဲ့... ဖေဖေတို့လည်း အသက်တွေ ငယ်တော့တာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ၊ မင်းအန်တီကို သွားပြီး ကြည့်ပေးပါ၊ လိုရင် ဖေဖေ လူနာ တစ်ယောက်လို သဘောထားပြီး လာကြည့်ပါ့မယ်...”

လူနာတစ်ယောက်လို သဘောထားပြီး လာကြည့်ပါ့မယ်...တဲ့...။ ထိုစကားလုံးကို နောင်ရိုးစိတ်ထဲမှ ခပ်ဖွဖွလေး လိုက်ရွတ်ကြည့်မိသည်။ အန်တီသည် တကယ်တမ်း လူနာတစ်ယောက် ဆိုပါစို့...။ ဖေဖေသည် ကုသပေးနိုင်မည့် သမားတော်လေလား...။ နောင်ရိုး တွေးထင်သလိုတော့ ဖြစ်နိုင်လိမ့်မည် မထင်ပါ...။

“ဟုတ်ကဲ့ပါ ဖေဖေ...”

သေချာတာကတော့ ဘာမှ မလုပ်တတ် မကိုင်တတ်သော စိမ်းကို ကူညီဖေးမရန် နောင်ရိုးအပါအဝင် သူငယ်ချင်းများ အန်တီ့ဆီ ထပ်ရောက် ကြဦးမည် ဆိုတာပင်။ ထိုအခါကျလျှင်သာ နောင်ရိုး ဘယ်လိုရင်ဆိုင်ရ မလဲ... ကြိုတွေးရင်း ပခုံးတစ်ချက် တွန့်လိုက်မိလေတော့သည်။

❒



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးတွေ တစ်ပွင့်ချင်း တစ်ပွင့်ချင်း...
စိတ်တိုင်းကျရွေးချယ်လို့
စနစ်တကျ သီကုံးခွင့်ရသလို...
ကိုယ့်ရဲ့နေ့ရက်တွေကို စိတ်တိုင်းကျ
ရွေးချယ် တည်ဆောက်ခွင့်ရခဲ့မယ်ဆိုရင်
လောကကြီးက သိပ်သာယာသွားမလား...
ရွေးချယ်သီဆက်ခဲ့တဲ့ အိပ်မက်တွေ
အရောင်ပြောင်းလာတဲ့အခါ...
ခံနိုင်ရည်ဟာ ပိုပြီး လိုအပ်လာတယ်...
တစ်နေ့တခြား လင်းတောက်လာတဲ့
လောကစံအလင်းအောက်မှာ...
ငါ့အရိပ်ဟာ မည်းနက်နေခဲ့တုန်း...
အတိတ်တွေကို လည်ပြန် လှည့်ကြည့်တဲ့အခါတိုင်း...
နှစ်လိုစရာကောင်းတဲ့ ရနံ့တစ်ခုကိုတော့ ရတတ်တယ်...
ဒါပေမယ့် သူဟာ...
ဖမ်းယူဆုပ်ကိုင် ပိုင်ဆိုင်နိုင်တဲ့အရာမှ မဟုတ်ဘဲကွယ်...



www.burmeseclassic.com

www.burmeseclassic.com



*

"အဲဒါပဲ နန္ဒ..."

နန္ဒကို စကားတွေ အရှည်ကြီး ရှင်းပြလိုက်ရပေမယ့် ပင်ပန်းမသွားဘဲ သိသိသာသာ ပေါ့ပါးသွားသလို ခံစားရသည်။ နန္ဒက သူ့ထံမှ ကြားရသော ထင်မှတ်မထားသည့် အကြောင်းအရာများကြောင့် စိတ်ဝင်တစား နှင့် သူ့ခံစားမှုများပင် မေ့သွားပုံရ၏။ ပြီးမှ...

"ဒါကို မင်း ရွှေအဆင်းကို ပြန်ပြောပြီးပြီလား..."

"ဟင့်အင်း... ခဏနေကျ သူလာမှ ပြောမယ်..."

"လာမယ် ဟုတ်လား..."

နန္ဒပုံစံက ချက်ချင်းကြီး ပြန်ပြောင်းသွားပြန်သည်။ အနည်းနှင့် အများမက သူ့ကို မနာလိုဖြစ်နေမှာကို နောင်ရီး မသိတာမှ မဟုတ်တာပဲ။ သိသိကြီးနှင့် စိတ်လျှော့ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငါတို့ စိမ်းဆီသွားကြမယ်လေ..."

"ငါတို့..."

"အေးပေါ့... မင်းက မလိုက်ချင်လို့လား..."

"ဘာမလိုက်ချင်စရာရှိလဲ..."

"လူမှုရေးသိတတ်လို့တော့ မဟုတ်ပါဘူး၊ ကြားက ထောက်ထားရမယ့် မျက်နှာလေးကြောင့် မဟုတ်လား..."

ထိုစကားကြောင့် နန္ဒ မချိုမချဉ် ပြုံးသည်။

ခဏနေတော့ သူတို့ အဆင်သင့်ဖြစ်ပြီ။ ရွှေအဆင်းကလည်း မစောင့်လိုက်ရပဲ အဆောင်ရှေ့ ရောက်လာ၏။

"Hello..."

ရွှေအဆင်းက သူတို့ကို နှောက်တောက်တောက် နှုတ်ဆက်၏။ ရှေ့ခန်း သူမဘေးထိုင်ခုံမှာ စားစရာထည့်ထားသော ခြင်းတစ်လုံး ပါလာသည်။ ကိတ်တွေ၊ ကွေကာအုပ်တွေ၊ အသီးအနှံတွေ။

"ဘာလုပ်ဖို့လဲဟင်..."

"ဟင်... လူမမာ သွားမေးမှာလေ..."

"ဒါတွေယူသွားဖို့ ခုမှ သတိရတယ်... ကျွန်တော်တို့ကော ဘာယူသွားရမလဲ..."

"ဒါ အတူတူပဲလေ... ပိုက်ဆံပြန်ခွဲပေး၊ အားလုံးပေါင်း တစ်သောင်းနှစ်ထောင်ကျော် ကျတယ်၊ တစ်ယောက် လေးထောင်..."

"ဩော်... ဒီလိုလား..."

"ဒီလို..."

သူတို့တွေ တွဲရေးခွဲရေးကိစ္စပြီးသွားတော့ ရွှေအဆင်းက နှောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်၏။

"ကိုနောင်ရိုး..."

"ဗျာ..."

"သိပ်ရှိသေးမနေနဲ့ ဘာထူးလဲ..."

"ထူးပါတယ်..."

"ဟုတ်လား... ထူးလား ပြောစမ်းပါဦး..."

ရွှေအဆင်းအသံက သိလိုဇောနှင့် အဖျားခတ်နေသလို ခံစားရသည်။ နောင်ရိုးက အဖေဖြစ်သူထံမှ သိခဲ့ရမှုများကို ပြန်ပြီး ဒုတိယအကြိမ်မြောက်အဖြစ် ရင်ဖွင့်ပြောပြလိုက်သည်။

"အင်း... ဖြစ်စေချင်သလို ဖြစ်နေတဲ့အတွက် စိတ်ချမ်းသာပါတယ် ဒါပေမယ့်..."

"ဘာ ဒါပေမယ့်လဲ..."

နောင်ရိုးက 'ဒါပေမယ့်' နေသေးသော ရွှေအဆင်းကို မျက်မှောင်ကြုတ်ကာ မေးမိသည်။

"နင့်အမေကို ငါက အံ့ဩချီးကျူးမိတာကို ပြောမလို့ပါ..."

နောင်ရိုး ခေါင်းသာညိတ်မိသည်။ သူကိုယ်တိုင်လည်း နူးညံ့လွန်းသော စိတ်သဘောထားပျော့ပျောင်း ဖြူစင်လွန်းသော အမေ့ကို အံ့ဩမိတာ အမှန်ပင်။ အမေ၏ အဖေ့အပေါ်ထားသော မေတ္တာက အေးမြလွန်းနေတာလည်း ဖြစ်နိုင်ပါသည်။

"နင့်အမေရဲ့သံယောဇဉ်နဲ့ မေတ္တာက တကယ့်ကို ငြိမ်းချမ်းအေးမြမယ်လို့ ငါယုံတယ်..."

"ငါလည်း အဲလိုပဲ တွေးနေတာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



နန္ဒတစ်ယောက်ကတော့ သူပါဝင်ခွင့်မရှိ ဖြစ်နေသော စကားဝိုင်းအတွက် မျှော်ခုံးအတွန့်ချိုးကာ နားထောင်နေ၏။ စိမ်းအိမ်ရောက်တော့ ခြံတံခါးက ဖွင့်ထားသဖြင့် သူတို့ဝင်ခဲ့ကြသည်။ နန္ဒက ရွှေအဆင်းထံမှ ခြင်းကိုယူကာ သယ်ပေး၏။

"ဟော ဧည့်သည်တွေ..."

ဧည့်ခန်းမှာ အမေဘေးထိုင်နေသော စိမ်းက သူတို့ကို တအံ့တသြနှုတ်ဆက်ဆီးကြိုသည်။ အန်တီကြည့်ရတာ အတော်လန်းနေပြီ။ နောင်ရိုးကိုတော့ သေချာဂရုတစိုက်လေးကြည့်တာ ရွှေအဆင်းက သတိထားမိလိုက်သည်။

"အန်တီ နေကောင်းပြီလား..."

"ကောင်းပါပြီကွယ်..."

"ဖေဖေကတောင် မသက်သာရင် ထပ်လာကြည့်ပေးမယ် ပြောတယ်..."

"ရ... ရပါပြီကွယ်..."

"နေကောင်းသွားရင်လည်း သေချာ check up လုပ်လိုက်ပါဦးတဲ့..."

ဒါက နောင်ရိုး အပိုထည့်ပြောတာပါ။ ဖေဖေပြောတဲ့ထဲမှာ ဒါမျိုးမပါ။ အင်း... ရှေးလူကြီးတွေပြောတဲ့ မုသားမပါ လင်္ကာမချောဆိုတာ ဒါမျိုးထင်ပါရဲ့... လည်း စိတ်ထဲက တွေးလိုက်သေးသည်။

"အန်တီ ဒီမှာ အန်တီစားဖို့..."

ရွှေအဆင်းက ခြင်းလေးကို ရှေ့တိုးပေး၏။

"ဟာ... မလိုပါဘူး သမီးရယ် ဒုက္ခရှာလို့ ပိုက်ဆံကုန်အောင်..."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်...သမီးတို့စုပြီး ဝယ်လာတာ..."

"စိမ်းဖို့ရော ပါလား..."

စိမ်းက သူ့ဖို့ပါမေးနေသေးသဖြင့် အန်တီက ဟန့်သည်။

"ဩော်... သမီးကလဲ..."

"အန်တီ ဆိုင်ကိုရော ဘယ်လိုလုပ်ထားလဲ..."

နန္ဒက လူကြီးတွေးနှင့် မေး၏။

"သူတို့ဘာသာ ဖွင့်ကြပါတယ်၊ လိုတာ အန်တီ့ဆီ ဖုန်းဆက်ပြောကြတာပေါ့..."

"အဆင်မပြေရင် နန္ဒက သူ့ကိုခိုင်းပါတဲ့ မေမေ..."

စိမ်းက ဝင်နှောက်သဖြင့် နန္ဒတစ်ယောက် အောင့်သက်သက် ဖြစ်သွားရသေးသည်။

"ကဲ... သမီး ညှော်သည်တွေကို တစ်ခုခုကျွေးဖို့လေ..."

"ဟုတ်သားပဲ... ဘာစားမလဲ..."

"ခုမစားတော့ဘူး... နောက်မှ..."

ရွှေအဆင်းက ရယ်မောကာ ပြော၏။ သဘောက အေးအေးဆေးဆေးနေမယ်ဆိုသော သဘော။ အန်တီက အခန်းထဲ ထ,သွားရန် ပြင်သဖြင့် စိမ်းက လိုက်ပို့သည်။

"နေကြဦး... အေးအေးဆေးဆေး အန်တီနားဦးမယ်..."

"ဟုတ်..."

အပြင်မှာ လေးယောက်သား ပြန်ဆုံကြတော့ စိမ်းက မေးသည်။

"အိမ်မှာပဲ ထမင်းစားကြမယ် မဟုတ်လား..."

"အင်းလေ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သွားပြီး လုပ်ခိုင်းလိုက်ဦးမယ်၊ ဖြစ်သလို လေးငါးမျိုး လောက် စီစဉ်ပေးပါလို့..."

စိမ်းတစ်ယောက် အတော်လေး တိုးတက်လာတာ အမှန်။ အရင်က ဒီလိုမှ မဟုတ်တာ...။ နောင်ရိုးကတော့ 'ငါးပိရည်ရယ်၊ တို့စရာက သုံးမျိုးရယ်... မှန်ရောင်ဟင်းချိုရယ်... ဆို ငါးမျိုးပြည့်ပြီ' ဟု ရေရွတ်နေသည်။

"တို့စရာက သုံးမျိုးတောင် များတယ်..."

ရွှေအဆင်းက တို့စရာကို ပယ်ချနေသည်။ တကယ်စားရမှာ ကျလို့...။ စိမ်း ဘာတွေ တိတ်တိတ် ကြိတ်သွားပြောလဲ မသိ။ ခဏနေတော့ ပြန်ရောက်လာသည်။

"စိမ်း..."

"ဟင်..."

"စိမ်းအမေအတွက် ဘာစီစဉ်ထားလဲ..."

"မေမေက ထမင်းပဲစားမှာတဲ့... စွပ်ပြုတ်တော့ လုပ်ထားတယ်..."

"ထမင်းကော သေချာစားရဲ့လား..."

"နည်းနည်းပဲ..."

"တခြား ဘာကြိုက်တတ်လဲ... ကျွန်မ ချက်ပေးမယ်လေ..."

ရွှေအဆင်း၏စကားကြောင့် အားလုံးက ရွှေအဆင်းကို မယုံသင်္ကာ ကြည့်ကြသည်။ သူမက ချက်ပေးမယ်ဆိုတာကိုး...။

"နင်က ချက်မှာ..."

နောင်ရိုးက မယုံသောလေသံနှင့် ပြော၏။ နန္ဒကတော့...

"ရွှေအဆင်းက ချက်တတ်တယ်လား..."



www.burmeseclassic.com

www.burmeseclassic.com



ဟု လေသံပျော့နှင့် မေးသည်။ ဘာပဲပြောပြော မယုံကြည်တာချင်း ကတော့ တူသည်။

"လက်တွေ့ပြမယ် လာ စိမ်း..."

စိမ်းတစ်ယောက် ရွှေအဆင်းနှင့်အတူ အိမ်နောက်ဖက်ပါသွားရ၏။

"ရွှေရုပ်က ဘာလုပ်မှာလဲဟင်..."

"အန်တီစားဖို့ တစ်ခုခုလုပ်ပေးမယ်..."

"ဘာလုပ်မှာလဲ..."

"အန်တီက pasta ကြိုက်လား..."

"ကြိုက်တယ်..."

"ဒါဆို ကျွန်မလုပ်ပေးမယ်... ပြီးရင် ကိုယ်တိုင်သွားပေးမယ်နော်၊ ကြွားချင်လို့..."

"လုပ်လုပ်..."

စိမ်းက သူမ တစ်စက်ကလေးမှ စိတ်မဝင်စားသော ချက်ပြုတ်ခြင်းကို ဘေးက ရပ်ကြည့်နေရင်းက ရွှေအဆင်းကို မေး၏။

"ရှင်က ဘာလို့ ဒီအလုပ်တွေ စိတ်ဝင်စားတာလဲ..."

"ဒီလိုပါပဲ... ကျွန်မက ဝါသနာပါတယ် ရှင်ကကော..."

"ဟင့်အင်း... စိမ်းက ဝါသနာမပါဘူး..."

"ဒါဆို ချက်တတ်ပြုတ်တတ်တဲ့သူသာ ရှာယူတော့..."

"အာ... chef ခေါ်ထားမှာပေါ့..."

စိမ်းကပြောပြီး ရယ်သည်။ ပြီးမှ...

"မေမေတော့ အံ့သြတော့မှာပဲ၊ ပြီးရင် ရှင့်ကို ချီးကျူးမှာ ကျွန်မကိုတော့ ပြောမလား မသိဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"မပြောလော်ဘ်ပါဘူး..."

ရွှေအဆင်း ကိစ္စဝိစ္စတွေပြီးလို့ မီးဖိုထဲက ထွက်လာတော့ နောင်ရိုးကို လှမ်းခေါ်သည်။

"လာ... နောင်ရိုး နင်နဲ့ငါ သွားပို့မယ်၊ နင်က ဆရာဝန်ကိုယ်စား၊ အစားအစာကို စိစစ်ပေးပေါ့..."

အမှန်က ရွှေအဆင်းက အကြံနှင့်ခေါ်ခြင်း ဖြစ်သည်။ နန္ဒကလည်း ဒီတစ်ခါတော့ အကင်းပါးစွာ ကျန်ခဲ့၏။ စိမ်းကိုပင် 'လာဦး' ဟု ဆိုကာ ခေါ်ထားလိုက်သေးသည်။

တော်ပြန်တော့လည်း နှစ်ယောက်မရှိသော နန္ဒပေပဲ...။

❐



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ စားကောင်းလား..."

"ကောင်းတယ်... ရွှေအဆင်းက တော်လိုက်တာ..."

"ဒီလိုပါပဲ... တော်တယ်တော့ ဘယ်ဟုတ်မလဲ၊ ဝါသနာပါရာ ပေါ့..."

"သမီးမေမေက သင်ပေးတာလား..."

"ဟင့်အင်း... စာအုပ်ထဲကဖတ်ပြီး လုပ်တာ..."

"ခြော်..."

စကားသာ ပြောနေရသည်။ ရွှေအဆင်းနှင့် နောင်ရိုး အရိပ်အခြေကို ကြည့်ကာ စကားလုံးကို သတိထားရွေးချယ်ကြရသည်။

"ဖုတ်ပူမီးတိုက်ကျက်ပြီး လာချက်တယ်ထင်တာပဲ..."

နောင်ရိုးက ဝင်နောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်… မစားရတိုင်း…"

"မစားချင်လို့ပါ… ခုနက နင်ကြားတယ် မဟုတ်လား၊ စိမ်းက ငါတို့ကို တို့စရာသုံးမျိုးနဲ့ ကျွေးမှာတဲ့… ငါက လဲမလား…"

"အေးပါ…နင်က တောသားဆိုတော့ ငါးပိရည်ကြိုက်တယ်…"

"ဘာတောသားလဲ… စကားပြောတာ ကြည့်ပြောနော် မြို့သား အစစ်…"

"တောသားမို့ ငါးပိရည်ကြိုက်တာ၊ ငါက ဘာစကားကို ကြည့် ပြောရမလဲ၊ နင်က ငါ့ထက် အငယ်… အင်း… မဟုတ်ပါဘူး… အားလုံး ထဲမှာ နင်အငယ်ဆုံး…"

နောင်ရိုးကလည်း ချက်ဆို နားခွက်က မီးတောက်အောင် ကြိုးစား ထားရသည်။

"ဘာအငယ်ဆုံးလဲ…"

"နင် ငါ့ထက် ခြောက်လ ငယ်တယ်၊ နန္ဒထက် နှစ်နှစ်ငယ်တယ်၊ စိမ်းထက် တစ်နှစ်ကျော်ငယ်တယ်…"

ရွှေအဆင်း၏ ဖွာတာတာအသံကြောင့်တော့ မဖြစ်နိုင်။ နောင်ရိုး က 'စိမ်းထက် တစ်နှစ်ကျော်ငယ်တယ်' ဆိုသော စကားကြောင့် ဖြစ်ပုံ ရသည်။

"ငယ်တာနဲ့ပဲ အနိုင်ကျင့်ခံရတော့မှာလား အန်တီရယ်… နော်…"

နောင်ရိုးက စိမ်းအမေကိုပဲ စစ်ကူခေါ်၏။

"သြော်…ငယ်တော့ သားက အားလုံးကို နိုင်ရမှာလေ…"

"တွေ့လား ဒေါ်ရွှေအဆင်း…"

ရွှေအဆင်းက မျက်နှာလှလှလေးကို တမင်မဲ့ပြ၏။ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောဆိုရန်ဖြစ် ဟန်ဆောင်နေတာကို နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်နှင့် ဖြစ်နေပုံပေါ်သည်။ ပြီးမှ နောင်ရိုးကို မေးခွန်းတစ်ခု မေး၏။

"သားက တစ်ဦးတည်းသောသားလား..."

"ဟင့်အင်း... ညီမတစ်ယောက်ရှိတယ်... သူက အိမ်ထောင်နဲ့..."

"ဟင်... နင့်ညီမက ငယ်ငယ်လေးနဲ့ အိမ်ထောင်ကျတယ်..."

နောင်ရိုးက ရွှဲ့ပြီး ပြောလိုက်၏။

"ကလေးအမြွှာနှစ်ယောက်တောင် ရှိသေးတယ်..."

"ဟင် ဟုတ်တယ်..."

"သူက ငါနဲ့ တစ်နှစ်ကျော်ပဲကွာတာပါ၊ မေမေက အိမ်ထောင်ကျပြီး တစ်နှစ်ကျော်မှာ ငါ့ကိုမွေးတယ်၊ နောက် တစ်နှစ်ကျော်မှာ အငယ်မကို မွေးတယ်၊ သူ့တာဝန်ကျေသွားပြီလေ..."

နောင်ရိုးက သူ့တာဝန်ကို ကျေအောင် ထမ်းရှာသည်။ အကွက်ဝင်ဝင်အောင် ကြိုးစားပြောရှာ၏။ အန်တီကတော့ နောင်ရိုးစကားကို နားထောင်ပြီး ခေါင်းတညိတ်ညိတ်နှင့်။ ဘာကိုညိတ်နေမှန်းတော့ မသိ...။ သူမမှသာ သိပေလိမ့်မည်။ စိမ်း၏မိခင်ကို စက္ကန့်မလပ် စောင့်ကြည့်နေသော ရွှေအဆင်းပင်လျှင် ဘာမှ ခန့်မှန်းလို့ မရတော့...။ သို့သော် သူတို့ တာဝန်ကျေခဲ့ကြပြီ။ ကိုယ့်စိတ်ကူးနှင့် ကိုယ် ကလေးအတွေးပဲဟု ဆိုဆို ရူးတယ်ဟုပဲ ပြောပြော ကိုယ်သာဆိုလျှင်... ဟူသော အတွေးနှင့် သူတို့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့ပြီးပြီ။

အခန်းထဲက ပြန်ထွက်လာတော့မှ နောင်ရိုးလည်း အသက်ဝအောင် ရှူနိုင်တော့၏။ အပြင်မှာတော့ နန္ဒက စိမ်းတစ်ယောက် လိုက်မသွားနိုင်အောင် ပြောဆိုနေသော အကြောင်းအရာများထဲ စိမ်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ငေးမောမျှော်နေသည်ကို တွေ့ရ၏။ စိမ်းတစ်ယောက် နန္ဒကို စိတ်ဝင်တစား ငေးမောနေပုံက မနာလိုချင်စရာ။ နောင်ရိုးစိတ်ထဲ တစ်ခါမှ မခံစားဖူးသော ခံစားချက်များ ခုန်ဝင်လာသလိုပင်။

"ဟော... လာကြပြီ..."

"လာလာ... စောင့်နေတာ ဗိုက်ဆာပြီ..."

နန္ဒမျက်နှာကတော့ ခုမှ မှီရသလို ပြောင်းလဲသွားသည်။

ရွှေအဆင်း ရောက်လာပြီကိုး...။

သူတို့ ထမင်းစားကြတော့ နန္ဒက တောင်းဆို၏။

"နောက်တစ်ရက်လောက် ရွှေအဆင်းလက်ရာ စားချင်တယ်..."

"ဟာ... သိပ်ရတာပေါ့... တစ်ရက် စားချင်တာ လုပ်ကျွေးမယ်..."

ရွှေအဆင်းက မငြင်းတော့ နန္ဒတစ်ယောက် ပြုံးလို့...။ ပြီးမှ နောင်ရိုးကို အနားကပ်ကာ 'အဆင်ပြေတယ်မဟုတ်လား' ဟု ခပ်တိုးတိုး မေး၏။ 'အဆင်က အထဲမှာပြေတယ်၊ အပြင်ရောက်မှ မပြေတာ' ဟု ပြောချင်နေသော ပါးစပ်ကို ပိတ်ကာ ခေါင်းပဲညိတ်ပြလိုက်ရသည်။ ရွှေအဆင်းက ကျောင်းစာဖက်လှည့်၏။

"တို့တွေ step တစ်ခုတော့ ကျော်သွားပြီ၊ ရေ့တစ်ပတ်ကျရင် Tourism Company တစ်ခု လုပ်ရမယ်တဲ့၊ Tourists attraction တွေရှာပြီး လုပ်ရမှာပေါ့..."

"ဒီနိုင်ငံထဲကပဲလား..."

"ဟင့်အင်း မဲနှိုက်ပြီး ကျရာနိုင်ငံ လုပ်ရမှာ..."

"ခုကတည်းက စဉ်းစားကြတာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



"presentation ရော စဉ်းစားထားလား…"

နန္ဒက မေး၏။ ရွှေအဆင်းက သွက်လက်စွာ ခေါင်းညိတ်သည်။

"စဉ်းစားထားတယ်…"

"ဘာလုပ်မှာလဲ …"

"မပြောပြဘူး… တော်ကြာ လိုက်လုပ်နေမှာစိုးလို့…"

ရွှေအဆင်း၏စကားကြောင့် နန္ဒ ကသိကအောက်ဖြစ်သွားပုံရသော်လည်း ရွှေအဆင်းက နောက်တာဖြစ်၍ ချက်ချင်း ပြေလျော့သွားသည်။

"သူများကိုမေးနေတယ် နင်ကရော…"

ရွှေအဆင်းက ပြန်မေး၏။

"စဉ်းစားထားတာရှိတယ်…"

"ခု မပြောနဲ့ သိလား၊ စိတ်မထိန်းနိုင်ရင် ခိုးမိမှာ…"

စိမ်းက ထိုသို့ဝင်ပြောသဖြင့် ရယ်ရသေးသည်။ ပြီးမှ စိမ်းက ပခုံးသေးတွန့်ကာ ညည်း၏။

"Topic စဉ်းစားဖို့နေနေသာ လူတွေရှေ့ ဘယ်လို ထွက်ရပ်ရဲအောင် လုပ်ရမလဲကို အရင်စဉ်းစားရမှာ… ဟူး… မဖြစ်ပါဘူး…"

"စိမ်းကလဲ… မဟုတ်တာ… ခုတောင် စိမ်း တိုးတက်နေပြီပဲ…"

နှောင်ရိုးက အားပေး၏။ စိမ်းကတော့ လက်မခံ။

"မတိုးတက်ပါဘူး ဒီတိုင်းပါပဲ…"

စိမ်း၏အားနည်းချက်က လူကြောက်ခြင်း ဖြစ်သော်လည်း အားသာချက်ကတော့ Listening Skill ကောင်းလွန်းခြင်းဖြစ်သည်။ သူမကတော့

"ဒါ အားရင် ရှေ့မှာထိုင်ပြီး CD တွေ ထိုင်နားထောင်ထားတဲ့ အကျိုးကျေးဇူးလေ…"ဟု ဆိုသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒီလေးယောက်ထဲမှာ Writing Skill တော့ အားလုံးက သူ့ထောင့်နှင့် သူ ကောင်း ကြသည်။ Speaking ကို အသံထွက်မှန်မှန်နှင့် ရစ်သမ်ကျအောင် ပြောနိုင်သူက ရွှေအဆင်းနှင့် နန္ဒဖြစ်သည်။ Reading အနေနှင့် တစ်ပတ်တစ်ရက်တင်ရသော assignment များအတွက်လည်း သူတို့ စာအုပ်တွေ ဖတ်ဖြစ်ကြသေးသည်။

သူတို့တွေ ညနေစောင်းမှပြန်ရန် ပြင်ကြသည်။

"အန်တီ့ကို နှုတ်ဆက်ဦးမှ..."

နောင်ရိုးက ပြောတော့ စိမ်းက သူ့အမေအခန်းကို အသာလေး သွားဖွင့်သည်။ အန်တီ နှစ်ခြိုက်စွာ အိပ်မောကျနေလေသည်။

"မေမေအိပ်နေတယ် စဖြစ်တဲ့နေ့ကတည်းက ကောင်းကောင်းမှ မအိပ်တာ ခုမှပဲ အိပ်တော့တယ်..."

"အိပ်ပါစေ ရွှေအဆင်းက သူ့ကို အိပ်ဆေးပေးခဲ့တယ် ထင်တယ်..."

နန္ဒက အဓိပ္ပာယ်ပါသောစကားကို ဆိုတော့ ရွှေအဆင်းက ပြုံးသည်။ ဘာမျှ နားမလည်ရှာသော စိမ်းကသာ...

"ရွှေအဆင်းလုပ်ကျွေးတာတွေ စားပြီး မေမေ အားပြည့်သွားပုံ ရတယ်" ဟု ဆို၏။

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ အန်တီ ခုလို ကောင်းမွန်စွာ အိပ်ပျော်သွားတာကိုတော့ သူတို့ သဘောကျပါသည်။ စိတ်မကောင်းတာက တစ်ခုရှိသည်။ The Land of My Others Dreams ဟူသော အမည်ထား အတွက်ပင်။

❐



www.burmeseclassic.com

www.burmeseclassic.com



စိမ်းအမေ၏အိပ်မက်များကတော့ မည်သို့ဖြစ်သွားသည် မသိ။ စိမ်း၏အိပ်မက်များကတော့ ရှုပ်ထွေးလာသည်။ ခုတလော နှောင်ရိုးက အရမ်းကြီးကို ဂရုတစိုက်ရှိလွန်းလှသည်။ စိမ်းကိုယ်၌က ငြိမ်သက်ပြီး အားနာတတ်သောသဘာဝ ရှိတာမို့ ပိုပြီး သိသာနေသည်။ ဒါကို ရွှေ အဆင်းလည်း မြင်မှာ သိမှာပဲ…။ နန္ဒတစ်ယောက်ကတော့ စိမ်းကို သာမန်ဆက်ဆံရေးထက် မပိုတာ သေချာသည်ဟု စိမ်းမြင်လာသည်။

"ဘာတွေစဉ်းစားနေလဲ စိမ်း…"

"ဩော်… ရွှေကလေး လာလေ…"

စိမ်းတစ်ယောက်တည်း ကျောင်းမှာ . အစောကြီးရောက်နေချိန် ဖြစ်သည်။ ကင်တင်းမှာလည်း မထိုင်ချင်သဖြင့် ကားကို ပြန်မလွှတ်သေးပဲ ကားတံခါးကိုဖွင့်ကာ ဆက်ထိုင်နေမိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်း နေကောင်းရဲ့လား..."

"ကောင်းပါတယ် စိတ်ရှုပ်နေတာ..."

"ဘာရှုပ်နေလဲ ပြော... ကျွန်မ ရှင်းပေးမယ်..."

"ရွှေကလေး..."

"ပြော..."

"စိမ်းတို့ ကျောင်းပြေးရအောင်..."

ခါတိုင်းအချိန်ဆိုလျှင် ရွှေအဆင်း စိမ်းအလိုကို လိုက်မိမှာ မဟုတ်။ ခုဟာက စိမ်းပုံစံက တကယ့်ကို စိတ်ရှုပ်နေပုံမျိုး...။

"လာလေ သွားရအောင်..."

ရွှေအဆင်းက မဆိုင်းမတွထောက်ခံသဖြင့် ပစ္စည်းတွေပြောင်းတင်ကာ စိမ်းကားနှင့် ထွက်ခဲ့ကြည်။ ဒီတစ်ခါတော့ ဘယ်သူနှင့်မှ မတိုးတာမို့ ဒီနေ့အဖို့ သူမတို့ကျောင်းရောက်မလာခြင်းအတွက် နန္ဒတို့ ဇဝေဇဝါတွေ ဖြစ်ကုန်ကြတော့မှာ သေချာသည်။

"အတော်ပဲ သိလား စိမ်း..."

"ဘာလဲဟင်..."

"ကျွန်မ ရှင့်ကို ခေါ်သွားချင်တဲ့ဆိုင်ကလေးတစ်ဆိုင် ရှိတယ်..."

"ဟုတ်လား ဘာဆိုင်လဲ..."

"အရုပ်နဲ့ Fancy ပစ္စည်းတွေရောင်းတာ ဘေးမှာ ကော်ဖီဆိုင်နဲ့လည်း တွဲထားသေးတယ်"

"သွားမယ်လေ..."

လိုရင်းကိစ္စကို တမင်ပင် မေ့လျော့ထားကာ စိမ်းကို အရုပ်တစ်ရုပ် ဝယ်ပေးသည်။ ပြီးမှ ကော်ဖီဆိုင်မှာ ထိုင်ကြ၏။ စိမ်းက ရွှေအဆင်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးသော piglet အရုပ်ပန်းရောင်လေးကို ကြည့်ကာ သဘောတွေကျ နေသည်။

"ကဲ... ပြောပါဦး စိမ်း... ဘာတွေ စိတ်ရှုပ်နေတာလဲ..."

"နောင်ရိုးလေ..."

နောင်ရိုး ဘာဖြစ်လို့လဲဟု မေးစရာမလိုပါ။ ခုတလော နောင်ရိုး တစ်ယောက် ယခင် နန့်ထက်ပင် ဆိုးနေတာ ရွှေအဆင်း သတိထားမိသည်ပဲ။ သူမပင်လျှင် သက်ပြင်းခိုးတွေကို ချကာ စိတ်လျှော့နေခဲ့ရသည် မဟုတ်လား။

"အင်း... ဟုတ်ပါရဲ့ သူ စိမ်းကို ဘာပြောမလဲ..."

"ရည်းစားစကား ပြောတော့မှာပေါ့..."

ဒါမျိုးကျ ဒေါ်စိမ်းသခင်က ပွင့်လင်းလွန်းတာမို့ ရွှေအဆင်း ရယ်မိသည်။

"ရယ်မနေနဲ့ ရွှေကလေးရဲ့... စိမ်း သူ့ကို မချစ်နိုင်ဘူး..."

"မချစ်နိုင်ဘူး..."

"ဟုတ်တယ်..."

"သေချာလို့လား စိမ်းရယ်..."

"သိပ်သေချာတယ်..."

"သူက စိမ်းကို သိပ်ချစ်တာ၊ စိမ်း စဉ်းစားကြည့်သင့်တယ်တွေ ဘာတွေ ကျွန်မ မပြောပါဘူး၊ စိမ်းသေချာရင် ပြီးတာပဲ..."

"သိပ်သေချာတာပေါ့... ကျွန်မချစ်တာက တစ်ယောက်လေ..."

"ဟင်..."

ရွှေအဆင်းတစ်ယောက် 'ဟင်' ခနဲ အာမေဋိတ်သံပျော့ပျော့လေး



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကျသွားပြီးမှ အလင်းရလိုက်သလို ပြုံးသည်။

"နန္ဒလား…"

ရွှေအဆင်းစကားကြောင့် စိမ်းက မျက်လုံးအဝိုင်းသားလေးနှင့် ပြန်မေးသည်။

"အဲဒီလောက်တောင်ပဲ စိမ်းက သိသာနေလို့လားဟင်…"

"အာ… မဟုတ်ပါဘူး… ကျွန်မကိုက သိနေတာပါ…"

"ဘယ်လိုသိလဲ…"

"ရှင် နန္ဒစကားပြောရင် ငေးကြည့်နေတတ်တဲ့အကြည့်…"

ရွှေအဆင်း၏စကားကြောင့် စိမ်းမျက်နှာလေး ပန်းရောင်သန်းသွားရ၏။ ပြီးမှ မျက်မှောင်လေးကြုတ်ကာ ပြန်မေးသည်။

"ရှင်တောင်သိရင် ကိုရွှေနောင်ရိုးက မသိဘူးတဲ့လား… နန္ဒကရော ဘာလို့ မသိရတာလဲ…"

ရွှေအဆင်း သက်ပြင်းကို အရှည်ကြီးချမိ၏။

"ဒါကတော့ စိမ်းရယ်… နောင်ရိုးကလည်း သိတောင် သူ့ကြိုးစားပိုင်ခွင့်ကို စွန့်လွှတ်မှာ မဟုတ်ဘူးလေ၊ နန္ဒကလည်း စိမ်းလိုပဲပေါ့… သူသိပေမယ့် စိတ်မဝင်စားတာမျိုး…"

"ဟုတ်တယ်နော် ဒါတော့ စိမ်းလည်း သိတယ် သူ့အာရုံက ရှင့်ဆီမှာ…"

ရွှေအဆင်းက ခေါင်းလေးမော့ကာ ရယ်လိုက်၏။

"ကျွန်မဖြင့် သူ့ကို တစ်စက်ကလေးမှ စိတ်မဝင်စားဘူး…"

"ဒါကြောင့် မသိချင်ယောင်ဆောင်နေတာပေါ့…"

"ဘယ်ကလာ… သိသိသာသာကြီးကို ပုတ်ထုတ် ဖျက်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာပါ…”

“နန္ဒ သနားပါတယ်…”

အရေးထဲ နန္ဒ သနားပါတယ် ဆိုသည့်စကားကြောင့် ရွှေအဆင်း မျက်လုံးပြူးကြည့်မိသည်။

“ဒါဆို နှောင်ရိုးလည်း သနားပါတယ်…”

“ဟင်းဟင်း… ဒါကတော့…”

“ဒါကတော့ ဒါပဲပေါ့ စိမ်းရယ်…”

“အင်းနော် လောကကြီးက လွဲပဲ လွဲနိုင်လွန်းတယ်…”

စိမ်းက စိတ်ပျက်လက်ပျက်ညည်းတွား၏။

“ဒါဟာ တရားမျှတပါတယ်၊ အမြဲတမ်းတော့ အဆင်မပြေ ချောမွေ့နေကန်နေတယ် ဘယ်ရှိပါ့မလဲ…”

“စိမ်းက လွဲချော်မှုအတွက် သိပ်မခံစားပါဘူး…”

“ဒါဖြင့် ဘာကို ခံစားတာလဲ…”

“နှောင်ရိုးကို ငြင်းဖို့ကို အားနာတာ…”

“အားနာတယ် ဟုတ်လား… နန္ဒက ရှင့်ကို အားနာတယ်ဆိုပြီး နေလှည့်လာမှာမို့လို့လား စိမ်းရဲ့…”

ရွှေအဆင်း၏အသံက ဒေါသအနည်းငယ် ပါသွားတာမို့ ကျယ် သွားသယောင်ပင် ထင်ရသည်။ ပြီးမှ စိတ်ကို ပြန်လျှော့ရသည်။

“စိမ်းရယ်… ဒါက အားနာစရာမှ မဟုတ်တာ…”

“ဟုတ်ပါတယ်… သာမန်အခြေအနေတစ်ခုမှာ ဆိုရင်တော့ ဒါဟာ အားနာစရာ မဟုတ်ဘူးပေါ့… ဒါပေမယ့်…”

“ကဲ… ပြောပါဦး၊ ဘာဒါပေမယ့်လဲ…”



www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်းက စိတ်မရှည်သလို မေး၏။

"အမေနဲ့ နောင်ရိုးအဖေတို့နှစ်ယောက်ကလည်း သူ့အဖေက အငြင်းခံခဲ့ရတယ်..."

"ဟင်... ဒါ စိမ်းသိတယ်..."

"သိတယ်လေ... အရင်က ဖေဖေပြောတုန်းကသာ ဘယ်သူမှန်းမသိတာ၊ မေမေပြောပြတော့မှ နောင်ရိုးအဖေဆိုတာ သိခဲ့ရတာ..."

"ဘယ်တုန်းက ပြောပြတာလဲ..."

"သူနေကောင်းခါစက..."

ရွှေအဆင်း တစ်စုံတစ်ခုကို ဆက်မေးချင်သော်လည်း မမေးဖြစ်တော့။ စိမ်းက ဆက်ပြော၏။

"ခု စိမ်းအလှည့်ကျတော့လည်း ငြင်းတယ်ဆိုတာ..."

"ဘာအားနာစရာရှိလဲ စိမ်းရယ်... ယောကျ်ားဆိုတာကတော့ ဒီတစ်ယောက်မရလည်း တစ်ယောက်ယောက်နဲ့တော့ အိမ်ထောင်ပြုသွားမှာပဲ၊ မရလို့ ဆိုပြီး တစ်သက်လုံး ဒီတိုင်းနေသွားမှာမှ မဟုတ်တာ..."

"ဒါတော့ စိမ်းသိပါတယ်..."

"ဒါဆို ဘာဖြစ်စရာရှိတော့လဲ... စိမ်းအမေတုန်းက ချစ်လျက်နဲ့ မဖြစ်နိုင်လို့ ငြင်းတာ၊ ခု စိမ်းကျတော့ ဖြစ်နိုင်ပေမယ့် မချစ်နိုင်လို့ ငြင်းတာ..."

"ဒါပေမယ့်..."

"ဟယ် များလိုက်တဲ့ ဒါပေမယ့်တွေ..."

"ခု ဒါပေမယ့်က နောက်ဆုံးပါ..."

"ကဲ ပြောပါဦး..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေက နှောင်ရိုးကို လက်ခံနိုင်ရင် လက်ခံပါလားလို့ ပြောလို့..."

ဗုဒ္ဓေါ...။

ရွှေအဆင်းဖြင့် အန်တီ့ကို နားမလည်နိုင်တော့။

သူမတုန်းက ချစ်လျက်နှင့်တောင် လူမှုစည်းကမ်းတွေကို တင်းခံခဲ့သေးတာ။

ခု... စိမ်းကျကာမှ မချစ်သောသူနှင့် ပေါင်းဖက်စေချင်သတဲ့လား။

တဆိတ်တော့ စိတ်ကူးယဉ်ဆန်လွန်းနေသလိုပင်။

"လက်ခံနိုင်ရင် လက်ခံပါလို့ ပြောတဲ့အတွက် လက်မခံနိုင်လို့ လက်မခံဘူးပေါ့ စိမ်းရယ်..."

ရွှေအဆင်းက အတတ်နိုင်ဆုံးပြေလည်အောင် ပြောပေးလိုက်သည်။

"ငြင်းတာတော့ ငြင်းမှာပါ စိတ်တော့ ရှုပ်တာပေါ့..."

"ဩော်... စိမ်းနှယ် သူတို့တောင် စိတ်အရှုပ်မခံချင်လို့ ကိုယ်လုပ်ချင်တာ ရွေးလုပ်နေကြတာလေ၊ နန္ဒကို စိမ်းကို ချစ်ပါလို့ ပြောရင် စိတ်ရှုပ်ခံပြီး လက်ခံမှာ မဟုတ်သလိုပေါ့၊ ဘာမှ သိပ်တွေးမနေနဲ့၊ ကိုယ့်အတွက်လည်း ကိုယ်စဉ်းစား..."

"ဟုတ်ပါပြီ..."

စိမ်းတစ်ယောက် ရွှေအဆင်းချမှတ်ပေးလိုက်သော ဆုံးဖြတ်ချက်နှင့် ပေါ့ပါးသွားချိန်တွင် လေးလံလာသလို ခံစားရသည်က ရွှေအဆင်း။

ထိုသော် မဖြစ်နိုင်သောအရာများ၊ ခံစားချက်များကို အိပ်မက်အဖြစ်ပင် လက်မခံတတ်သော ရွှေအဆင်းက ချက်ချင်းပင် စိတ်ကို အာရုံပြောင်းခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောဘော့ အဆင်ပြေပါသည်။ တစ်သက်တာဖြေသာဖို့လည်း ကြိုးစားလျှင် ဖြစ်နိုင်သည်ပဲ။

❐



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ယောက်တော့ ကျောင်းပြေးကြပြန်ပြီ ဟူသော အတွေးရှိသော်လည်း ယခင်ကအတိုင်းအတာနှင့် သူတို့ကို မခေါ်တာ လက်ခံနိုင်သော်လည်း ခုချိန်မှာထားရှိသော ရင်းနှီးမှုအတိုင်းအတာနှင့် မခေါ်တာကိုတော့ နှစ်ယောက်လုံး လက်မခံချင်ကြ။ ကျောင်းပိတ်ရက်တွေရော၊ ညနေကျောင်းပြီးချိန်တွေမှာပါ လေးယောက်တွဲ အတူသွားလာနေခဲ့ကြသည် မဟုတ်လား။

"သူတို့ အကြောင်းရှိလို့ပေါ့လို့ ထားလိုက်ပါကွာ..."

နောက်ဆုံးမှာ နန္ဒက ထိုသို့မှတ်ချက်ချကာ စိတ်ဖြေလိုက်၏။ ရွှေအဆင်းအိမ်ကို ဖုန်းဆက်မေးဖို့ နန္ဒက စိတ်မကူးချိန်မှာ နောင်ရိုးက စိမ်းထံ ဖုန်းဆက်ချင်နေသည်။ သို့သော် တကယ့်တကယ် ဆက်ဖြစ်တာ ရွှေအဆင်းထံ...။



www.burmeseclassic.com

www.burmeseclassic.com



"နှင်တို့ ဘာလို့ ကျောင်းမတက်တာလဲလို့ မေးတာ..."

"နှင်တို့ ဟုတ်လား..."

"အင်းလေ... နှင်နဲ့စိမ်း..."

"စိမ်းလည်း မတက်ဘူးလား..."

ရွှေအဆင်းအသံက ပိရိလွန်းတာမို့ နောင်ရိုးလည်း မရိပ်မိ...။

"အေး..."

"ငါက မမကြီးနေမကောင်းလို့ အိမ်မှာ လူမရှိတာနဲ့..."

"စိမ်းကကော..."

"ဘယ်သိမှာလဲ..."

"ငါက နှင်တို့နှစ်ယောက် လျှောက်သွားနေတယ် ထင်တာ..."

"မဟုတ်ရပါဘူး..."

"ဒါဆို မနက်ဖြန်မှ တွေ့ကြမယ်..."

"အေး ဘိုင့်ဘိုင်..."

အခန်းထဲပြန်ရောက်တော့ နန္ဒကို ထိုအကြောင်းပြောမိသည်။ နန္ဒကလည်း သူတို့ပေါင်းပြီး ကျောင်းပြေးတာမဟုတ်၍ ခံစားချက်များလျော့သွားသည်။ နောင်ရိုးက စိမ်းဆီမဆက်ဘဲ ရွှေအဆင်းဆီ ဆက်လိုက်သည့်ကိစ္စကိုတော့ သိပ်မကျေနပ်ချင်။ သို့သော် ဘာမှမဖြစ်ပဲ သူ့အစ်မ နေမကောင်း၍ဆိုတာ သိလိုက်ရတာမို့ နောင်ရိုးကို ဘာမှမပြော...။

"ငါ ဒီစာမေးပွဲနောက်ဆုံးနေ့ကျရင် ရွှေအဆင်းကို ဖွင့်ပြောတော့မယ်..."

"တကယ်..."

သူတို့ March လမှာ စာမေးပွဲတစ်ခုဖြေရမည်။ စာမေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်သာ လိုတော့သည်မဟုတ်လား...။

"အင်း..."

"ဘာ... နောက်ဆုံးနေ့လဲ Oral နေ့လား..."

"အင်း..."

"ဘယ်လိုပြောမှာလဲ..."

"ချီးထဲမှပဲ... မင်းအလုပ်လား..."

"ငါလည်း သိချင်လို့ပါ... ငါလည်း ပြောမယ်လေ..."

"ဟာ... ကိုယ့်ဘာသာကိုယ် စီစဉ်စမ်းပါ၊ တစ်နေ့တည်းမှာ နှစ်ယောက်လုံးက ပြောလို့ ကောင်းမလား..."

"ဘာမကောင်းရစရာရှိလဲ တစ်ယောက်တည်းကို ဝိုင်းပြောမှာမှ မဟုတ်တာ၊ တစ်ယောက်စီကိုပဲ ပြောမှာလေ..."

"ဘာပဲဖြစ်ဖြစ်လေ သူတို့က သူငယ်ချင်းတွေ..."

"ဟုတ်တယ်လေ... သူငယ်ချင်းတွေ... တစ်ယောက်တည်းမှ မဟုတ်တာ..."

နောင်ရိုးကို လာရစ်နေသည်ဟု နန္ဒထင်လာသည်မို့ မျက်ထောင့်နီနှင့် ကြည့်သည်။ ပြီးမှ...

"မင်းဘာသာမင်း ပြောချင်တဲ့နေ့ပြော... အေး ငါနဲ့တော့ တစ်နေ့တည်း မဖြစ်စေနဲ့"

"ဒါဆို မင်းပြောမယ့်နေ့မှာ မင်းမပြောရဲလို့ အဆင်မပြေဖြစ်ပြီး မပြောခဲ့ရင်ကော ငါပြောလို့ရလား..."

ဒါကြီးကတော့ ရစ်နေမှန်း သိပ်သေချာသွားပြီမို့ နန္ဒတစ်ယောက် ဘာသာစကားနှစ်ခုလုံးနှင့် တတ်သမျှ မှတ်သမျှ ဆဲဆိုရှော့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးကတော့ တဟားဟားနှင့်...။

"မင်းကွာ တော်တဲ့နေရာမှာ အဆဲတောင် ထောင့်စေ့အောင် ဆဲ တတ်တယ်..."

နောက်တစ်နေ့ ကျောင်းတက်တော့ စိမ်းကို မေးကြသည်။

"မနေ့က ဘာလို့ ကျောင်းမတက်တာလဲ..."

"ကိစ္စလေးတစ်ခုရှိလို့..."

"ကျောင်းပြေးတာလား..."

စိမ်းက ပုလိပ်စစ်မေးသလို မေးနေသော နောင်ရိုးကို မျက်မှောင် ကြုတ်ကြည့်၏။

"ကျောင်းမတက်တာဟာ ကျောင်းပြေးတာဆိုရင်တော့ ပြေးတာ ပေါ့..."

"ဘာလို့ပြေးတာလဲ..."

"ကိစ္စတစ်ခု ရှိလို့ပါဆို..."

"ဘာကိစ္စလဲ..."

"ဟင်... ပြောလို့ ဖြစ်မလား... နော့ ရွှေကလေးရယ်..."

ရွှေအဆင်းက ရယ်ရုံရယ်၏။ နန္ဒ၏အကြည့်နှင့် မေးနေသော မေးခွန်းများကို ရှောင်ဖယ်နေရတာက ပိုပြီး စိတ်ညစ်စရာကောင်းတာကို တော့ ရွှေအဆင်းတစ်ယောက် စိမ်းကို မပြောပြဖြစ်တော့။

"စာတွေပြီးပြီလား စာမေးပွဲအတွက်..."

ရွှေအဆင်းက စကားပြတ်ရန် တမင်ဝင်မေးလိုက်၏။

"ပြီးပြီဆိုတာတော့ ရှိမလား... ရာဇဝင်တွေ ရိုင်းကုန်မှာပေါ့..."

စိမ်းကရယ်ရင်း ဖြေ၏။ နောင်ရိုးကတော့ ဒီကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်း ဖျက်လုပ်ထားတာ အတော်ခရီးရောက်နေပြီဟု တွေးလိုက်သည်။

"နောင်ရိုးနဲ့ နန္ဒကော..."

"ဒီလိုပါပဲ..."

"ဒီလိုပါပဲ..."

လေသံတွေက ညှိမထားဘဲ တစ်ပြိုင်တည်း တစ်သံတည်းထွက်လာသည်မို့ ရွှေအဆင်းနှင့် စိမ်းကလည်း တိုင်ပင်မထားပါဘဲ နှာခေါင်းရှုံ့ပစ်လိုက်ကြသည်။ ကျောင်းဆင်းတာနှင့် စာကြည့်ဖို့ တိုင်ပင်ထားသော ရွှေအဆင်းနှင့် စိမ်းက တစ်ယောက်ကို တစ်ယောက် မျက်စပစ်တိုင်ပင်ကာ သူတို့ကိုပြော၏။

"အတန်းပြီးတာနဲ့ စာဆက်ကြည့်မယ် သဘောတူလား..."

"စာမေးပွဲက နီးပြီဆိုတော့ တူရမှာပေါ့..."

နောင်ရိုးက သိပ်စိတ်မပါသောလေသံနှင့် ဆိုသည်။ စိမ်းက မိန့်အလေးပိုသစွာ မျက်စောင်းချိတ်၏။ ရွှေအဆင်းကတော့ လက်တွေ့ကျ သာစကားကိုသာ ဆိုသည်။

"ဒီလိုဆို တာဝန်ခွဲယူကြမယ်..."

"ဘာလဲ တစ်ယောက်ကို Skill တစ်ခုစီလား..."

"အဲလိုတော့ မဟုတ်ဘူး၊ နန္ဒက Grammar ကို တာဝန်ယူ... သူက သေချာရှင်းတတ်တယ်၊ Business Letter တွေနဲ့ ပတ်သက်တာကို ကျွန်မတာဝန်ယူမယ်၊ Reading ကို ဖတ်ပြီး ရှင်းရမှာကိုတော့ နောင်ရိုးက တာဝန်ယူ... စိမ်းက အားလုံးကျက်ရမယ့် Vocabularies တွေကို ထုတ်ပေး... ကျန်တာကတော့ ကိုယ့်ဘာသာကိုယ် လုပ်ယူရမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



Writing လည်း ကိုယ့်ဘာသာ ကိုယ် ရေးရမှာ၊ Listening လည်း ကိုယ့်ဘာသာ ကိုယ် Practice လုပ်ရမှာ... Speaking ကလည်း ဒီလိုပဲ..."

"ကောင်းပြီလေ... ညနေ စ,တာပေါ့..."

"စတာက ဟုတ်ပြီ အရေးကြီးတာ ကျန်သေးတယ်..."

"ဘာလဲ..."

"စာလုပ်ချိန်မှာ စာပဲ စိတ်ဝင်စားဖို့... ကျန်တာ မေ့ထားဖို့..."

ရွှေအဆင်းက ထိုစကားကို ဘာအဓိပ္ပာယ်နှင့် ပြောသလဲဆိုတာကို ကာယကံရှင် သူမမှလွဲ၍ အတိအကျ ဘယ်သူမှ သိနိုင်မှာ မဟုတ်။ ကျန်လူများကလည်း ကိုယ့်အတွေးနှင့် ကိုယ်၊ ကိုယ်နားလည်လက်ခံချင်သလို လက်ခံထားလိုက်ကြသည်။

ခုချိန်မှာတော့ အားလုံး၏ဦးတည်ရာသည် စာမေးပွဲ...။

စာမေးပွဲပြီးလျှင်တော့...

ဘာဆိုဘာမှ ခန့်မှန်းမရနိုင်သော လောကကြီးတွင် ခန့်မှန်းလို့ရတာ တစ်ခုတော့ ရှိနေသည်ဟု ရွှေအဆင်းထင်သည်။ မကြာခင် ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးရှိနေတာ သူတို့သိသလို ပေါက်ကွဲပြီးလျှင်လည်း ဘယ်အရာမှ မူလအတိုင်း ပြန်မရနိုင်တော့မှာကို သိနေကြသည်လေ။

❒



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ
ဦးနှောက်နဲ့ သင်ကြားမှတ်ယူရှော မဟုတ်ဘဲ
နှလုံးသားချင်း ခံစားနာယူသိမ်းဆည်းမှ
နားလည်နိုင်မယ့်
ဘာသာစကားတွေ ရှိနေတယ် . . .
အဲဒီဘာသာစကားတစ်ခုကို . . .
အလေးထား နားဆင်ကြည့်ပါလား ချစ်သူ . . .



www.burmeseclassic.com

www.burmeseclassic.com



ခုံနံပါတ်ကို နာမည်၏နောက်ဆုံးအလုံးနှင့် စီတာမို့ ပထမဆုံးခေါ်ရတာက စိမ်းသခင်။ နောက်က ရွှေအဆင်း။ ပြီးမှ နောင်ရိုးနိုင်အလှည့်ရောက်ဖို့ စောင့်ရပြန်သည်။ နောင်ရိုးနိုင်ပြီးပြန်တော့ နန္ဒမြတ်သူ။ သူ့ကျနောက်ဆုံးနီးပါးမှာမို့ ရွှေအဆင်း ပြန်သွားမှာကို စိုးနေသည်။

ကံတရားက နောင်ရိုးဘက်မှာ ရှိသည်ဟုပဲ ပြောရမလား။ နောင်ရိုးနိုင်ကို တွန်းပို့သည်ဟုပဲ ဆိုရမလား မသိ။ အပြင်မှာ သုံးယောက်သားထိုင်ပြီး နန္ဒကိုစောင့်နေစဉ် ရွှေအဆင်းကို တခြားအုပ်စုတစ်စုက အတင်းဆွဲခေါ်သွားသည်။

"ခဏနေဵ ပြန်လာမယ်..."

ရွှေအဆင်းကတော့ ထုံးစံအတိုင်း အပေါင်းအသင်းများသူလေ၊ စိမ်းနှင့် နှစ်ယောက်တည်းကျန်ခဲ့သော နောင်ရိုးမှာတော့ မုံသံတွေ



www.burmeseclassic.com

www.burmeseclassic.com



အလား ဆူညံသော ရင်ခုန်သံများနှင့်...။

"စိမ်း..."

"ဟင်..."

"ဖြေနိုင်လား..."

"အင်း ဖြေနိုင်ပါတယ်..."

တိတ်သွားကြပြန်သည်။ ခဏနေကျ ခေါ်ပြန်၏။

"စိမ်း..."

"ဟင်..."

"ဆာလား... ဆာရင် ကင်တင်းသွားရအောင်..."

"မဆာပါဘူး... ရွှေကလေးပြန်လာတာနဲ့ နန္ဒပြီးတာနဲ့ အတော်ပဲ လေ... အဲဒီတော့မှ တစ်ခုခုသွားစားမယ် စိမ်းလန်းကို သွားမယ်..."

"အင်း... ကောင်းတာပဲ..."

ခဏငြိမ်သက်သွားပြန်၏။ ပြီးမှ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ခေါ်ပြန်သည်။

"စိမ်း..."

"ဟင်..."

ဒီတစ်ခါတော့ စိမ်းက သူ့ကို မသက်သလိုကြည့်၏။

"စိမ်းကို ပြောစရာရှိလို့..."

"ပြောလေ..."

"စိမ်းကို ကျွန်တော် ချစ်တယ်လို့ ပြောမလို့..."

နှောင်ရိုးအသံက မကြုံစဖူး တိုးတိတ်ထုံထိုင်းနေခဲ့သည်။ စိမ်းက စကားအဆုံးမှာ သူ့ကိုကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းက နှောင်ရိုးကို မချစ်နိုင်ဘူး…"

"ဗျာ…"

ဘယ်လိုမှ ထင်မှတ်မထားဘဲ ချက်ချင်းကြားလိုက်ရသော တုံ့ပြန်စကားအတွက် နှောင်ရိုး အကြီးအကျယ် ပူထူသွားရသည်။ နဂိုကတည်းက မျှော်လင့်ချက်က ၅၀ % သာရှိသော်လည်း ခုခါမှာတော့ ချက်ချင်းကြီးကို သုညသို့ ထိုးဆင်းသွားခဲ့ရပြီ…။

"စိမ်း မစဉ်းစားတော့ဘူးလားလို့ နှောင်ရိုး တွေးမှာပဲ…"

မနှောင်ရိုးမဖြေ။ နှုတ်ဆွံ့နေ၏။

"စိမ်းမှာက စဉ်းစားစရာမလိုအောင် အဖြေရှိနေပြီလေ၊ အဲဒါကို နှောင်ရိုး နားလည်နိုင်ရဲ့လား မသိဘူး…"

"x x x x x"

နှောင်ရိုး အသံတိတ်နေသဲ စိမ်းကသာ ဆက်ပြော၏။

"ကမ္ဘာပေါ်မှာ မသင်ကြားရဘဲ တတ်မြောက်ခံစားနိုင်တဲ့ ဘာသာစကားတစ်ခု ရှိတယ်၊ အဲဒီဘာသာစကားက 'ချစ်ခြင်း'ပဲ နှောင်ရိုး…"

"ချစ်ခြင်း…"

နှောင်ရိုး၏ သံယောင်လိုက် ရေရွတ်သံက တိုးတိုးဖွဖွ…။

"ဟုတ်တယ်… တစ်ယောက်နဲ့ တစ်ယောက် ပေးချင်မှုနဲ့ ယူချင်မှု တူမျှနေခဲ့ရင်တော့ ဒါဟာ သိပ်လှတဲ့ ဂန္ထဝင်မြောက်ဘာသာစကားတစ်ခုပေါ့… ခုလိုမှ မမျှခဲ့ပဲ… ပေးချင်ခဲ့သူနဲ့ ယူချင်သူ မမျှခဲ့ရင် အဲဒီဘာသာစကားဟာ အရောင်ပြောင်းသွားတတ်တယ်…"

"အရောင်ပြောင်းသွားတယ် ဟုတ်လား…"

"ဟုတ်တယ် ဘာအရောင်လဲ သိလား…"



www.burmeseclassic.com

www.burmeseclassic.com


နောင်ရိုး မဖြေ။

"အစိမ်းရောင်လေ နောင်ရိုးရဲ့ ..."

နောင်ရိုး ခေါင်းကို ငုံ့ထားလိုက်သည်။ နောင်ရိုး၏ ပင်ကိုသဘာဝကလည်း ခံစားချက်တွေကို သိပ်ပြီး ထုတ်ဖော်ပြချင်သူမှ မဟုတ်တာ။ စိတ်ထဲမှာတော့ အစိမ်းရောင်ဘာသာစကားတစ်ခုမှ စကားလုံးများကို ကပြောင်းကပြန် သီတွဲစပ်နေမိသည်။

"နောင်ရိုးကို ဘာလို့ အဲလို ချက်ချင်း သေချာ အဖြေပေးနိုင်တာလဲ သိလား..."

နောင်ရိုး ခေါင်းကို လေးတွဲ့စွာခါ၏။

"ဘာလို့လဲဆိုတော့ စိမ်းမှာ စိမ်းချစ်ရမယ့်သူ ရှိနေလို့ပဲ.."

"ဗျာ..."

"ဟုတ်တယ်... သူနဲ့ စိမ်းမှာလည်း အဲလိုပဲ... စိမ်းက ပေးချင်တယ်၊ သူက မယူချင်ဘူး၊ ဒီတော့ စိမ်းနဲ့ သူ့ရဲ့အကြားမှာ အစိမ်းရောင် ဘာသာစကားတွေပဲ ကျန်ရစ်ခဲ့တယ်..."

အဲဒါ ဘယ်သူလဲ... ဟု ခါတိုင်းလို ပုလိပ်စစ် စစ်မေးမနေသည့်အတွက် နောင်ရိုးကို စိမ်းက ကျေးဇူးတင်ပါသည်။ နောင်ရိုးနှင့်ကလည်း သူ့ကို မတုံ့ပြန်နိုင်တာကို ခံစားရသော်လည်း တခြား ချစ်ရမယ့်သူ ရှိနေလို့ ဆိုသော စကားလုံးက ပိုခံစားရသည်ဟု ထင်သည် ဒါဟာ ကိုယ်ချစ်သောသူအတွက် ခံစားပေးခြင်းလား၊ တစ်ဖက်ကို မာလိုခြင်းလား၊ နှစ်ခုစလုံးလား ဆိုတာတော့ သူ့ဘာသာသူပင် ရောထွေး ဝေခွဲမရနိုင်...။

"ဟေး... စိမ်း..."


www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်း ပြန်ရောက်လာသည်။ စိမ်းက အပြုံးနှင့် ဆီးကြိုနိုင်ဘော်လည်း နောင်ရိုးနိုင်မှာတော့ စစ်ပွဲပြီးစ မြို့ပျက်ကြီးလို...။

"နန္ဒတောင် ထွက်လာပြီ..."

နန္ဒလည်း အထဲမှ ထွက်လာလာချင်း ရွှေအဆင်း ရှိနေသေးတာ မြင်ဖော့ စိတ်ထဲ ကျေနပ်သွားပုံနှင့်။ နောင်ရိုးကိုကြည့်တော့ ထုံပေပေ မှုန်မှိုင်မှိုင်း။

"လာ တစ်ခုခုသွားစားရအောင် ဆာလှပြီ..."

ရွှေအဆင်းက လောဆော်ကာ ကင်တင်းကို သွားကြ၏။ ကင်တင်း ရောက်သည့်တိုင် နောင်ရိုးပုံစံက မပြောင်းသွား။ ရွှေအဆင်းကတော့ သိလိုက်ပြီ။

သူမတွေးထင်ထားခဲ့သည့်အတိုင်း ကံဇာတ်ဆရာ၏ ချိန်ကိုက်ဗုံး တစ်လုံးကတော့ ကွဲသွားခဲ့ပြီ ဆိုတာ...။ နောင်ရိုးနိုင်နှင့် စိမ်းသည် လွန်ခဲ့သော နာရီပိုင်းက နောင်ရိုးနိုင်နှင့် စိမ်း မဟုတ်ကြတော့။ ပြန်လည် အသစ်ဖြစ်တည်ရန် ကြိုးစားဆဲ အပိုင်းအစများ ဖြစ်သည် ဆိုတာကို ရွှေအဆင် သိရသည်။

BURMESE CLASSIC

ဒါဆို...

သူမအလှည့်ကရော ဘယ်တော့လဲ...

သိပ်မလိုတော့တာ သေချာသည်။

သူမ၏ တုံ့ပြန်မှုက စိမ်းထက်ပြတ်သားလိမ့်မည် ဆိုတာလည်း သံသယရှိရန် မလို...။

**'ပထမ' မရမှတော့ 'ဒုတိယ' ဆိုတာလည်း 'တတိယ'နဲ့ အတူတူ ပဲ** ဆိုသည့် ကဗျာစာသား လေးတွေကို သွားသတိရသည်၊ မလိုချင်သော



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ… တတိယတွေအတွက် ပြေးပြီး ရင်ဆိုင်လိုက်ဖို့ သူမမှာလည်း အားအင်တွေ အသင့်…။

ဘာပဲဖြစ်ဖြစ် ရွှေအဆင်းကတော့ ကံကြမ္မာ၏လှွဲချော်မှုများကို ကြုံကြံခဲ ရင်ဆိုင်သွားရတာကို မွေ့လျော်သည်။

အချစ်ဆိုတာ ဖန်တီးယူလို့ ရတာမျိုးမှ မဟုတ်ပဲကွယ်…။

စက္ကန့်တချို့၏ ချဉ်းကပ်လာသော ခြေသံကို ကြားနေရတုံပင်။

ချိန်ကိုက်ဗုံးတစ်လုံး၏ နောက်ပြန်သွားနေသော နံပါတ်များသည် တဖြည်းဖြည်း နည်းနည်းသွားနေသည်။

မကြာခင်…

BURMESE CLASSIC

သူတို့လေးယောက်၏ ထားရှိခဲ့ဖူးသော သံယောဇဉ်ကွန်ရက်များ ပြန်လည်ဆက်ယူရသည့်တိုင် ဆက်ထုံးများနှင့် အကြည့်ရ ဆိုးနေလိမ့်မည်ဆိုတာတော့ အရမ်းကို သေချာသည်။ သို့သော်…

အဘယ်သူသည် ထိုအရာများကို ပြုပြင်နိုင်စွမ်းသနည်း…။

စွမ်းခဲ့သည့်တိုင် လက်ခံချင်ဦးမှလည်း ဖြစ်လိမ့်မည်။

တဖြည်းဖြည်း အုံ့ညို့ကျဆင်းလာသော ညနေခင်းသည် အစိမ်းရောင်သန်းလာသည်။ စိမ်းစော်နံနေသော လေတစ်ချက်အဝှေ့တွင် ပြည်ဖုံးကားတစ်လွှာသည် အလိုအလျောက် ပြုတ်ကျသွားခဲ့ရလေပြီ။

□



www.burmeseclassic.com

www.burmeseclassic.com



ခံစားနားလည်နိုင်မယ့် နှလုံးသားချင်း
အယူမမျှတဲ့အခါ . . .
အဲဒီဘာသာစကားကလည်း အရောင်ပြောင်းသွားနိုင်ပါတယ် . . .
အစိမ်းရောင်ဘာသာစကားတစ်ခုရဲ့
လန်းဆန်းသစ်လွင်မှုကို
နားဆင်ကြည့်ပါဦးလား . . .
ချစ်သူ . . .

မနော်ဟာရီ
website:www.manorhary.com
email:manorhary@gmail.com

www.burmeseclassic.com